


The VOICE Sunday



Vol. 5 / No. 15 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ( ၅ )ရက် ၊ တနင်္ဂနွေနေ့၊ (Sunday, April 30, 2017)

# ချိပ်ပိတ်ထားသော အာရဗီစာသင်ကျောင်း

# နှစ်ကျောင်းကို ကျောင်းအင်္ဂါရပ်နှင့် ညီမညီ စစ်ဆေး

**ရန်ကုန်၊ ဧပြီ ၂၉**

သာကေတမြို့နယ် အနော်မာ (၁) ရပ်ကွက်အတွင်း ဧပြီ ၂၈ ရက်နေ့က ချိပ်ပိတ်ခဲ့သည့် အာရဗီစာသင်ကျောင်း နှစ်ကျောင်းကို ကျောင်းအင်္ဂါရပ်နှင့် ညီမညီ စတင်စစ်ဆေးနေကြောင်း သာကေတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် က ပြောကြားသည်။

စာသင်ကျောင်း အင်္ဂါရပ်နှင့် မညီဘဲ ဘာသာရေးဆိုင်ရာ အဆောက်အအုံအဖြစ် ပြုလုပ်ထားပါက ကျောင်းပိတ်သည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း ဒေါက်တာဝေဖြိုးအောင်က ဆက်လက်ပြောကြားသည်။

"အခုချိပ်ပိတ်မယ့် အထဲမှာ စာသင်ကျောင်းတွေမှာရှိရမယ့် အင်္ဂါရပ် P - 2




သာကေတမြို့နယ် အနော်မာ (၁) ရပ်ကွက် ၁၁လမ်းနှင့် ၁၂ လမ်းရှိ အာရဗီဘာသာရေးစာသင်ကျောင်းနှစ်ကျောင်း၌ ဝတ်ပြုမှုများရှိသည့်အတွက် ပိတ်သိမ်းပေးရန် အမျိုးသားရေးလှုပ်ရှားသူများက ဧပြီလ ၂၈ ရက်နေ့တွင် လာရောက်တောင်းဆိုခဲ့ရာ လူစုလူဝေးများပြားလာမှုကြောင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးရယူခဲ့သည်

## Water Taxi လက်မှတ်တစ်စောင် ကျပ် ၅၀၀ အောက်သာ ရှိမည်ဟုဆို

**ရန်ကုန်၊ ဧပြီ ၂၉**

ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲမည့် Water Taxi (အမြန်ရေကြောင်းတက္ကစီ) လက်မှတ်တစ်စောင်လျှင် ကျပ် ၅၀၀ အောက်သာ ကောက်ခံမည် ဖြစ်ကြောင်း တင့်တင့်မြန်မာကုမ္ပဏီလီမိတက်ထံမှ သိရသည်။

"သေချာတာကတော့ ၅၀၀ ထက်မကျော်ဘူး။ အဲဒါကိုတော့ လုံးဝအာမခံတယ်။ အဲဒီအောက်မှာပဲ ရှိမယ်။ ခရီးအကွာအဝေးအလိုက် သက်သာ P - 13

## ဆန်ကြမ်း ဈေးတက်

P - 9

## "နိုင်ငံခြားကဝယ်တဲ့ ဆေးတွေထက်တော့ ဈေးသက်သာမယ်"

BPI စက်ရုံမှူး ဦးကိုကိုအောင်နှင့် တွေ့ဆုံခြင်း P - 13

## စမ်းချောင်းတွင် တစ်သောင်းတန် ငွေစက္ကူ အတုများ ဖမ်းမိ

**ရန်ကုန်၊ ဧပြီ ၂၉**

စမ်းချောင်းမြို့နယ်၊ မြေ/တောင်ရပ်ကွက်၊ ဓမ္မစေတီလမ်းမပေါ် ပြည်သူ့ရင်ပြင် ဝင်ပေါက်အနီးတွင် ဧပြီလ ၂၉ ရက် မွန်းလွဲပိုင်းက တစ်သောင်းတန် ငွေအတုများ လက်ဝယ်ကိုင်ဆောင်ထားသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးကို ဖမ်းဆီးရရှိခဲ့ကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူများမှာ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ် ကွက်၊ ခိုင်ရွှေဝါလမ်းနေ P - 3

## မြန်မာနိုင်ငံတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ နှစ်သိန်းသုံးသောင်းကျော်ရှိနေဟု ကုလထုတ်ပြန်

**ရန်ကုန်၊ ဧပြီ ၂၉**

မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ စတင်ပြီးလက်ရှိအချိန်ထိ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၂၃၇,၀၀၀ ရှိနေပြီဟု ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) က ဧပြီလ ၂၉ ရက်နေ့က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်လေးခုတွင် ပြီးခဲ့သည့်ခြောက်လအတွင်း နေရပ်စွန့်ခွာတိမ်းရှောင်မှု P - 3






# ဒဂုံတောင်တွင် ဘီအမ်ယာဉ်ပေါ်မှ လူလေးဦးက အငှားယာဉ်မောင်းကို သံတုတ်ဖြင့် ဝိုင်းရိုက်

**ရန်ကုန်၊ မေ ၂၉**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စည်ပင်လမ်းတွင် ဧပြီလ ၂၈ ရက် ည ၉ နာရီက ဘီအမ်ယာဉ်တစ်စီးပေါ်မှ ယာဉ်မောင်းအပါအဝင် အမျိုးသား လေးဦးက အငှားယာဉ်မောင်း အမျိုးသား တစ်ဦးကို ယာဉ်ပေါ်မှဆွဲချပြီး သံတုတ်ဖြင့် ဝိုင်းရိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အရိုက်ခံရသည့် အငှားယာဉ်မောင်းမှာ အသက် ၄၀ ဝန်းကျင်ခန့်ရှိပြီး ယင်းညက ဒဂုံတောင်မှ သဃ်န်းကျွန်းဘက်သို့ မောင်းလာစဉ် ၎င်းနှင့်လားရာတူမောင်းလာသည့် ဘီအမ်ယာဉ်တစ်စီးပေါ်မှ အမျိုးသားလေးဦးက စည်ပင်လမ်းပေါ်တွင် ထိုးရိုက်ခဲ့သောကြောင့် ဦးခေါင်းပေါက်ပြဲဒဏ်ရာရခဲ့ပြီး စံပြဆေးရုံသို့ တင်ပို့ခဲ့ရသည်။

"ကားချင်းယှဉ်မောင်းရာ စကားများပြီး ဘီအမ်ကားပေါ်က လူတွေက သံတုတ်တွေနဲ့ ဆင်းရိုက်တာလို့ သိရတယ်၊ အခင်းဖြစ်ချိန်မှာ ရဲတွေချက်ချင်းရောက်လာပြီး သံတုတ်နဲ့ ဝိုင်းရိုက်တဲ့အဖွဲ့ကို လိုက်လံဖမ်းဆီးခဲ့ရာမှာ ဒရိုင်ဘာနဲ့ စပယ်ယာနှစ်ယောက်ကို ၇၀ လမ်းဆုံမှာ ဖမ်းမိခဲ့တယ်၊ နှစ်ယောက်က လွတ်နေဆဲပါ" ဟု ရဲအရာရှိက ပြောသည်။

ရန်ကုန်မြို့တွင် ခရီးသည်တင်ယာဉ်၊ ယာဉ်ကြောလုမောင်းသည့် အငှားယာဉ်နှင့် ကိုယ်ပိုင်ယာဉ်မောင်းအချို့မှာ ခရီးသည်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့၏ အုပ်စုဖွဲ့ မင်းမဲ့စရိုက်ဆန် ရမ်းကား အနိုင်ကျင့်မှုများ မကြာခဏ ရင်ဆိုင်နေရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

---

**မျက်နှာဖုံး - ချိပ်ပိတ်ထားသော အာရဗီစာသင်ကျောင်းနှစ်ကျောင်းကိုမှ အဆက်**

ပေ့ါ။ ဒါမှမဟုတ် ဗလီအင်္ဂါရပ်တွေရှိမှသာ ဗလီ မြောက်တာဆိုတော့ အဲဒါမျိုးတွေ ရှိမရှိစစ်ဆေးမယ်။ ဗလီလုပ်ထားရင်တော့ ကျောင်းတွေကို ပိတ်ခိုင်းတဲ့အထိတော့ ဖြစ်သွားမယ်။ စာသင်ကျောင်းပဲ ခွင့်ပြုထားတော့ ဥပဒေအညီ လုပ်ရမှာပေ့ါ"ဟု ၎င်းက ပြောကြားသည်။

သာကေတမြို့နယ် ရပ်ကွက် ၄၈ ခုတွင် အာရဗီ စာသင်ကျောင်း ၈ ကျောင်းရှိပြီး အစ္စလာမ်ဘာသာဝင်များ ဝတ်ပြုခွင့်ကို ခွင့်မပြုထားကြောင်း အနော်မာရပ်ကွက်အတွင်းရှိ အာရဗီစာသင်ကျောင်း နှစ်ကျောင်းအတွင်း ဝတ်ပြုသည်ဟုသာကေတမြို့နယ် မျိုးချစ်ဓမ္မသွေး ကွန်ရက်နှင့် သာကေတမြို့နယ် ဒေသခံပြည်သူများက တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

လက်ရှိတွင် စာသင်ကျောင်းပိတ်ထား၍ လုံခြုံရေးအင်အားအပြည့်ယူထားပြီး စစ်ဆေးနေဆဲဖြစ်ပြီး ပဋိပက္ခမဖြစ်ပွားစေရန် ညှိနှိုင်းနေကြောင်း သာကေတမြို့နယ် ရဲစခန်းမှ တာဝန်ကျအရာရှိတစ်ဦးက ပြောကြားသည်။

"မြို့နယ်မှူး၊ စခန်းမှူး အကုန်ရောက်နေတယ်၊ လုံခြုံရေး အပြည့်ယူထားတယ်။ လူကြီးတွေ အကုန်လုံး အဲမှာရှိနေတယ်၊ မနေ့ကလည်း အေးဆေးညှိနှိုင်းတယ်၊ အဆင်ပြေပါတယ်၊ အခုထိတော့ စာသင်ကျောင်းကို ပိတ်ထားတယ်၊ စစ်ဆေးနေတုန်း"ဟု အဆိုပါ ရဲအရာရှိက ဆိုသည်။

သာကေတမြို့နယ် အနော်မာ(၁) ရပ်ကွက် ၁၁ လမ်းနဲ့ ၁၂ လမ်းရှိမွတ်ဆလင် အာရဗီ ဘာသာရေး စာသင်ကျောင်း ၂ ကျောင်းကို မေ ၂၈ ရက် ညနေ ၃နာရီဝန်းကျင်တွင် အမျိုးသားရေးလှုပ်ရှားသူများက စာသင်ကျောင်းတွင် ဝတ်ပြုသည့်အတွက် ပိတ်သိမ်းပေးရန် လူအင်အားဖြင့် လာရောက်ပြောဆိုမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ ဖြစ်ပွားခဲ့ပြီးနောက် ရပ်ကွက်အတွင်း လူစုလူဝေးဖြစ်ပေါ်ခဲ့ပြီး ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သောကြောင့် အရှေ့ပိုင်းခရိုင် သာသနာရေးမှူး၊ သာကေတမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး၊ သာကေတမြို့နယ်ရဲစခန်း၊ သာကေတပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့ လာရောက်ဖြေရှင်းခဲ့ရသည်။

ယင်းနောက်တွင် အာဏာပိုင်များနှင့် လာရောက်ပိတ်သိမ်းရန် ပြောဆိုခဲ့သည့် အမျိုးသားရေး တက်ကြွသူများ ဆွေးနွေးကာ ညနေပိုင်းတွင် စာသင်ကျောင်း နှစ်ကျောင်းကို ချိပ်ပိတ်ခဲ့သည်။

အဆိုပါရပ်ကွက်တွင် အစ္စလာမ်ဘာသာဝင်များ အများဆုံး နေထိုင်ပြီး ရုတ်ရုတ်သဲသဲ အခြေအနေများ ဖြစ်ပွားသည့် အချိန်အတွင်းက ရဲကား အစီး ၃၀ထိ လာရောက်၍ လုံခြုံရေး ယူခဲ့ရကြောင်း၊ ည ၇နာရီ ထိုးသည့်အချိန်မှ လူစုကွဲသွားကြောင်း အနော်မာ ၁၀လမ်းတွင် နေထိုင်သူ ဦးမောင်လှက ပြောကြားသည်။

"၃ နာရီခွဲလောက်က စဖြစ်တာ စာသင်ကျောင်းမှာ ဝတ်ပြုတယ်လို့ ပြောပြီး ပိတ်ခိုင်းတယ်။ ရဟန်းတွေလည်းပါတယ်။ ၆ ရပ်ကွက် ၇ ရပ်ကွက်က လူတွေလည်း ပါတယ်၊ မျိုးချစ်အဖွဲ့လို့ပြောတယ်။ အဲဒီကြားထဲမှာ ရုတ်ရုတ်သဲသဲတော့ ဖြစ်သွားတယ်။ သိပ်တော့မကြာဘူး၊ ရဲကားတွေ အစီး ၃၀လောက်ရောက်လာတယ်။ ဒီရပ်ကွက်က အစ္စလာမ်တွေ အများဆုံးနေတာ၊ အဲဒီနေရာမှာ ဗမာတွေနဲ့ကတော့ အေးအေးချမ်းချမ်းပဲ။ အခုဖြစ်တာ ဘယ်က လူတွေလည်းမသိဘူး။ လမ်းကဘုန်းကြီးတွေလည်းပါတယ်။ ခိုက်ရန်တော့ မဖြစ်ဘူးပေ့ါ။ အုပ်ချုပ်ရေးမှူးရုံးက လူကြီးတွေနဲ့တော့ ညှိကြတယ်၊ ၇ နာရီလောက်တော့ လူစုကွဲသွားတယ်"ဟု ၎င်းက ဆိုသည်။

■

**ခင်မြတ်မြတ်ဝေ**



ဓာတ်ပုံ- စုလေးငုံ

# စည်ပင်သာယာ ရွေးကောက်ပွဲများ မကျင်းပသည့်အပေါ် အရပ်ဘက်အဖွဲ့အစည်းများ ဝေဖန်

**ရန်ကုန်၊ မေ ၂၉**

လက်ရှိ အစိုးရလက်ထက်တွင် စည်ပင်သာယာ ရွေးကောက်ပွဲများ ကျင်းပမှု အားနည်းသည့်အပေါ် အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ပြောကြားခဲ့သည်။

ဧပြီလ ၂၉ ရက်နေ့ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင်တွင် ပြုလုပ်သော စည်ပင်သာယာရေးကော်မတီများ ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေ၊ ဥပဒေနှင့် မူဝါဒများအပေါ် အရပ်ဘက်အဖွဲ့အစည်းများ သုံးသပ်ခြင်းအစည်းအဝေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ယင်းသို့ ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

လက်ရှိအစိုးရသစ်သည် စည်ပင်သာယာရွေးကောက်ပွဲများ ကျင်းပမှုနှင့် ပတ်သက်ပြီး တာဝန်ယူမှု အားနည်းနေသေးကြောင်း လွှတ်တော်ကိုယ်စားလှယ်ဟောင်းဖြစ်သူ Yangon Watch (ရန်ကုန်စောင့်ကြည့်ရေးအဖွဲ့) မှ ဒေါ်ညိုညိုသင်းက ယင်းသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စည်ပင်သာယာရေးရွေးကောက်ပွဲများသည် ယခင်အစိုးရလက်ထက်ကလည်း တာဝန်ယူမှု နည်းပါးခဲ့ခြင်းဖြစ်ပြီး လက်ရှိအစိုးရသစ်လက်ထက်တွင် စည်ပင်သာယာရေးရွေးကောက်ပွဲကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် မျှော်လင့်ခဲ့ကြပြီး တိုးတက်မှု အားနည်းနေသေးကြောင်း ဒေါ်ညိုညိုသင်းကဆိုသည်။

"စည်ပင်သာယာ အုပ်ချုပ်ရေးဆိုတာက ပြည်သူပါဝင်တဲ့အုပ်ချုပ်ရေး။ ဖွဲ့စည်းပုံက သူ့ကိုဘာမှ တားဆီးထားတာ မရှိဘူး။ တကယ်လို့ အစိုးရသစ်က ပြည်သူလူထု ကိုယ်တိုင်ပါဝင်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ရပ်ကို အကောင်အထည်ဖော်ချင်တဲ့ဆန္ဒရှိရင် စည်ပင်သာယာရေး ရွေးကောက်ပွဲတွေကို မဖြစ်မနေ ကျင်းပပေးရမှာဖြစ်တယ်။ အထူးသဖြင့် ရန်ကုန်လို မန္တလေးလို နေပြည်တော်လိုမျိုး နေရာတွေမှာ ရွေးကောက်ပွဲတွေကို မဖြစ်မနေ ကျင်းပပေးဖို့ တာဝန်ရှိတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိအစိုးရသစ်လက်ထက် တိုင်းနှင့်ပြည်နယ် ၁၄ ခုတွင် စည်ပင်ရွေးကောက်ပွဲများကို မန္တလေးတိုင်းနှင့် ချင်းပြည်နယ်တွင်သာ ကျင်းပပေးခဲ့ပြီး အခြားသောနေရာများတွင် ရွေးကောက်ပွဲအစားရွေးချယ်ပွဲများကိုသာ ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းတွင် စည်ပင်ရွေးကောက်ပွဲမကျင်းပနိုင်သည်မှာ တစ်နှစ်ကျော်ကြာနေပြီဖြစ်ပြီး စည်ပင်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများကို ပြင်ဆင်ပေးရန် အရပ်ဘက်အဖွဲ့အစည်း ၃၀ ကျော်က ပြီးခဲ့သည့် ဒီဇင်ဘာအတွင်းတောင်းဆိုခဲ့ကြသည်။

လက်ရှိအစိုးရသစ်လက်ထက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စည်ပင်သာယာရေးလုပ်ငန်းများသည် ပွင့်လင်းမြင်သာမှု ရှိလာသော်လည်း အများစုမှာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုအပိုင်းတွင် အားနည်းလျက်ရှိနေသေးကြောင်း အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ကြသည်။

ထို့ပြင် ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို ကြိုဆိုမှုများ ရှိခဲ့သော်လည်း မကြာမီကျင်းပမည့် ပဲခူးတိုင်း၏ ရွေးကောက်ပွဲနည်းဥပဒေတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်မှုကို ဖယ်ထုတ်ထားသည်ဟု ဒါနရှေ့ဆောင်မြန်မာမှ ကိုမြတ်မင်းဦးက ထောက်ပြသည်။

စည်ပင်သာယာရေး ကော်မတီများ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာအတွက် ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ စတင်စုစည်းချိတ်ဆက်ခြင်း ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ဧပြီလ ၂၈ ရက်နှင့် ၂၉ ရက်နေ့တွင် ၂ ရက်ကြာ ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး အဆိုပါဆွေးနွေးပွဲသို့ တိုင်းနှင့် ပြည်နယ်အသီးသီးမှ စည်ပင်သာယာရေးကိစ္စရပ်များကို ဆောင်ရွက်နေသည့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲမှ တစ်ဆင့် သိရသည်။

ယင်းဆွေးနွေးပွဲ ရလဒ်များကို သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အသီးသီးရှိ စည်ပင်သာယာရေး ကော်မတီများ၊ လွှတ်တော်များသို့ တင်ပြပေးပို့ပြီး အကောင်အထည်ဖော်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ အရပ်ဘက်အဖွဲ့အစည်းများထံမှ သိရသည်။

■

J-09

## မျက်နှာဖုံး - စမ်းချောင်းတွင် တစ်သောင်းတန်ငွေစက္ကူအတုများ ဖမ်းမိ မှ အဆက်

အသက် ၂၄ နှစ်အရွယ် မိုးထက်အောင်(ခ) အောင်အောင် နှင့် မနီနီဝင်း(ခ)လှသဇင် (ခ) မီးမီးဖြစ်ပြီး အနက်/လိမ္မော်ရောင် လက်ဆွဲအိတ် အတွင်းမှ ငွေစက္ကူအတုဟု ယူဆရသော တစ်သောင်းတန် ၄၂ ရွက် နှင့် အတူ ဖမ်းဆီးရရှိခဲ့ခြင်းဖြစ်ကြောင်း အမှု ဖွင့်တိုင်ကြားချက်အရ စမ်းချောင်း မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

"လင်မယားနှစ်ဦးပါ၊ ငွေစက္ကူ အတုတွေနဲ့ ဈေးဝယ်နေတယ်ဆိုတာ သတင်းရလို့ စောင့်ဖမ်းတာ၊ ငွေစက္ကူ အတု၊ အစစ် ခွဲခြားသိနိုင်အောင် CID ကိုခေါ်ပြီး စစ်ဆေးအမှုဖွင့်ခဲ့တာပါ၊ သူတို့ ဘယ်ကနေ ဘယ်လိုရတယ်ဆိုတာတော့ စစ်ဆေး နေဆဲမို့ မသိရသေးပါဘူး" ဟု စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ငွေစက္ကူအတုများနှင့်အတူ ဖမ်းဆီးရရှိသူ နှစ်ဦးကို စမ်းချောင်းမြို့မ ရဲစခန်းက (ပ)၁၅၂/၁၇၊ ဇဟိုဘဏ်ဥပဒေ ပုဒ်မ ၁၀၅/၁၀၆ ဖြင့် အမှုဖွင့်အရေးယူထား သည်။

အလားတူ မတ်လ ၂၉ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၄၇)ရပ်ကွက်၊ ရသာရုံလမ်းရှိ နေအိမ် တစ်လုံးတွင် ငွေစက္ကူအတု ကျပ်သိန်း ပေါင်း ၁၃၀၀ ကျော်တွေ့ရှိမှုနှင့်ပတ်သက် ၍ စွန့်ပစ်သွားသူကို စုံစမ်းရှာဖွေနေဆဲ ဖြစ်ကြောင်း၊ ယင်းအိမ်အား ၂၀၁၆ ခုနှစ် နိုဝင်ဘာလခန့်မှ စတင်ပြီး အသက် ၂၇ နှစ်အရွယ် ကိုသိန်းကျော်ဆိုသူက တစ်လ လျှင် ရှစ်သောင်းကျပ်နှုန်းဖြင့် ငှားရမ်းနေ ထိုင်ခဲ့ပြီး ယခုနှစ်၊ ဖေဖော်ဝါရီလခန့်က နေ အိမ်အနီးတွင် နေထိုင်သူများအား နှုတ် ဆက်ပြီး ဆင်းသွားရာ အိမ်ရှင်က သန့်ရှင်းရေးလာရောက်လုပ်ကိုင်စဉ် ယင်းငွေစက္ကူအတုများကို တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

ခရမ်းမြို့ မြို့မပြည်သူ့ဈေးအတွင်း တွင် ဧပြီလ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်က စာရေး ကိရိယာနှင့် လူသုံးကုန်ပစ္စည်း များဝယ်ယူ သူ အသက် ၃၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးထံမှ ငွေကျပ် တစ်သောင်းတန် အတု ၄ ရွက်သိမ်းဆည်း ရရှိခဲ့ပြီး ၎င်းကို ငွေအတုကိုင်ဆောင် အသုံးပြုမှုဖြင့် အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ခရမ်း မြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ J 16

## မျက်နှာဖုံး - မြန်မာနိုင်ငံတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ မှ အဆက်

အသစ်များ ထပ်မံဖြစ်ပွားခဲ့ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း များအနေနှင့်လည်း အကူအညီများပေးပို့ နိုင်ရန် သွားလာခွင့်နှင့်စပ်လျဉ်း၍ တင်းကျပ် သောကန့်သတ်မှုများဖြင့် ကြုံတွေ့နေရ ကြောင်း UNOCHA၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့တွင် နယ်ခြားစောင့်စခန်းများ တိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲ လုံခြုံ ရေးဆောင်ရွက်မှုများကြောင့် ရခိုင်ပြည် နယ်မြောက်ပိုင်းတွင် နေရပ်စွန့်ခွာတိမ်း ရှောင်သူ ၇၄၀၀၀ ခန့်ရှိနေကြောင်း အစီရင်ခံစာအရသိရသည်။

အလားတူပင် အရှိန်မြင့်လာသည့် ပဋိပက္ခများကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် လူသား ချင်းစာနာမှုဆိုင်ရာအကူအညီများ ပိုမိုလို အပ်နေပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလ တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ကရင်ပြည်နယ်တွင် ထောင်နှင့်ချီသောလူ များ နေရပ်စွန့်ခွာရွှေ့ပြောင်းနေရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ကာလ ကြာရှည်နေရပ်စွန့်ခွာတိမ်းရှောင်သူ ၂၁၇၀၀၀ ခန့်ရှိနေပြီး ၎င်းတို့သည် ဒုက္ခ သည်စခန်း ၂၁၅ ခုတွင် နေထိုင်လျက်ရှိ ကြောင်း UNOCHA ထံမှ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ မြို့ နယ် ၂၁ မြို့နယ်တွင် နိုင်ငံတကာအဖွဲ့ အစည်းများအနေနှင့် လူသားချင်းစာနာ ထောက်ထားခြင်း အကူအညီများ ပေးအပ် ရေးအတွက် သွားလာရန် ကန့်သတ်ချက်များ ရှိနေပြီး ယင်းနေရာများတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ ဦးရေ ၄၆၀၀၀ ကျော်ရှိ နေဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါမြို့နယ်များသည် ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင်ဖြစ်ပြီး ကချင်နှင့် ရှမ်းမြောက်တွင် နေရပ်စွန့်ခွာသူ လေး သောင်းရှိနေပြီး ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူ ၆ ထောင်ခန့်ရှိကြောင်း OCHA ၏ အစီရင်ခံစာအရ သိရသည်။ ■

J-09

# တောဆင်ရိုင်းများ ဝင်ရောက်မှုကြောင့် အိမ်တစ်လုံး ပျက်စီး

တိုက်ကြီး ၊ ဧပြီ ၂၉



ဓာတ်ပုံ - မင်းမင်းအောင်

ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့ အရှေ့ဘက်ချောင်းစောက်ကျေးရွာ အုပ်စု မအူခုံ ကျေးရွာတွင် ဧပြီလ ၂၈ရက် ည ၁၁ နာရီတွင် တောဆင်ရိုင်းများ ဝင်ရောက်ခဲ့ ပြီး အိမ်တစ်လုံး ဖျက်ဆီးခံရကြောင်း ဒေသခံများထံမှ သိရသည်။

"ဘိုးတော်(တောဆင်ရိုင်း)တွေက ညနေ၆နာရီ လောက်ဆို စိတ် မချရတော့ ဘူး။ နေ့စဉ်ဖြတ်နေပြီး ရွာတွေထဲအထိ လာကြတာ၊ အစာဝင်ရှာရင် ဆန်အိုးကို အိမ်ထဲမှာထားတော့ ကိုယ်လုံးနဲ့ဝင်တိုးရာ ကနေ ပြိုကျသွားတာ" ဟု ပျက်စီးသော အိမ်၏ပိုင်ရှင် ဦးဇော်ဝင်းထွန်းက ပြောကြား သည်။

တောဆင်ရိုင်းများမှာ အုပ်စုလိုက် အစာရှာထွက်နေသည်မှာ နေ့စဉ်တွေ့နေ ရပြီး ဥက္ကံမြို့အရှေ့ဘက်ပဲခူးရိုးမ တောင်ခြေ များရှိချောင်းစောက် ကျေးရွာအုပ်စု လဟာ မငယ် ကျေးရွာအုပ်စုနှင့် ကွမ်းသီးမြောင် ကျေးရွာအုပ်စုရှိ ကျေးရွာများမှ ကျေးရွာ ပေါင်း ၃၀ ကျော်တို့မှ ဒေသခံများက ညဘက်တွင် တောဆင်ရိုင်းအန္တရာယ်ကို ကာကွယ်နိုင်ရန် ကင်းစောင့်နေရကြောင်း ဒေသခံများထံမှ သိရသည်။ ■




# နာဂဒေသတွင် မှိုချက်စားရာမှ အစာအဆိပ်သင့်ပြီး သုံးဦးသေဆုံး

**တနိုင်း၊ ဧပြီ ၂၉**


ဓာတ်ပုံ- Maitai Khaulaw

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့နယ် ထဟော (၁)ကျေးရွာတွင် မှိုဟင်းချက်စားရာမှ မိသားစုဝင် ငါးဦးအစာအဆိပ်သင့်ပြီး သုံးဦးသေဆုံးခဲ့ကြောင်း ဒေသခံများနှင့် ကူညီဆောင်ရွက်ပေးနေသူများထံမှ စုံစမ်းသိရှိရသည်။

ဧပြီလ ၂၂ ရက်နေ့က တောင်ဘိုမှို အမျိုးအစားမှိုတစ်မျိုးကို ဟင်းအဖြစ် ချက်စားခဲ့ရာ ယင်းကျေးရွာရှိ မိသားစုဝင် ငါးဦး အစာအဆိပ်သင့်ခဲ့ခြင်းဖြစ်ကာ ပန်ဆောင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရကြောင်း ၎င်းတို့၏အဆိုအရ သိရသည်။

ယင်းမိသားစုဝင် ငါးဦးကို ဆေးရုံမှတစ်ဆင့် နန်းယွန်းဆေးရုံသို့ ပြောင်းလဲပို့ဆောင်ခဲ့ရာ ဧပြီလ ၂၆ ရက်နေ့က အသက် ၁၃ နှစ်နှင့် ၂၀ နှစ်အရွယ် သမီးဖြစ်သူ နှစ်ဦးသေဆုံးခဲ့ပြီး ဧပြီလ ၂၉ ရက်နေ့က အသက် ၁၁ နှစ်အရွယ် ယောကျ်ားလေး တစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း၊ မိခင်နှင့် ဖခင်မှာမူ ယင်းဆေးရုံတွင် အတွင်းလူနာအဖြစ်ဆက်လက်ကုသမှုခံယူနေရကြောင်း ကူညီဆောင်ရွက်ပေးနေသူ ဦးလော်တူးက ပြောကြားသည်။

"အခုသေဆုံးတာ သုံးယောက်ရှိပြီ။ ကျန်တဲ့တစ်ယောက်ကလည်း စိုးရိမ်ရတယ်"ဟု ၎င်းက ဆိုသည်။

ယခုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ထဟော (၁) ကျေးရွာသည် ပန်ဆောင်မြို့နှင့် သုံးမိုင်ကျော်ကွာဝေး၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲကြောင်း ဒေသခံများထံမှ သိရသည်။

■ R-06

# အကျဉ်းဦးစီးပိုင်မြေတွင် ရေဘေးကြောင့် ပြောင်းရွှေ့နေထိုင်သူများ ဖြစ်ပါက မြေနေရာချပေးမည်

**ကလေး၊ ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ၊ ကလေးမြို့နယ် အကျဉ်းဦးစီးဌာန ရာဇဂြိုဟ်(၂) စိုက်ပျိုးမွေးမြူရေးနှင့် အတတ်သင်စခန်းပိုင် မြေပေါ်တွင်ကျူးကျော် နေထိုင်သူများအနက် ရေဘေးကြောင့် ပြောင်းရွှေ့နေထိုင်သူများဖြစ်ပါက မြေနေရာ ချပေးမည်ဖြစ်ကြောင်း ကလေးမြို့စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး က ပြောကြားသည်။

အဆိုပါမြေတွင် ကျူးကျော်နေထိုင်မှုမှာ ၂၀၁၅ ခုနှစ်က ကလေးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ပြောင်းရွှေ့နေထိုင်သူများဖြစ်မဖြစ် ဆိုသည်ကို အချက်အလက် ကောက်ယူ ထားသည့်အတွက် အမှန်တကယ် ဒုက္ခရောက်သူများ၏ စာရင်းရှိကြောင်း၊ ၎င်းတို့နေထိုင်လိုပါက နန်းကျင်းဆောင်၊ မြစိမ်းမြလင်း ကျေးရွာများတွင် မြေကွက်ပြန်ချပေးမည်ဖြစ်ပြီး စီးပွားရေးအရ မြေနေရာလိုချင်သူများ၊ မြေကွက်ရောင်းစားလိုသူများ အနေနှင့် အချိန်မီ မြေနေရာ ပြန်မအပ်ပါက တရားစွဲမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ဌာနပိုင်မြေကို တိုင်းတာပြီးရင် ကျူးကျော်သူတွေကို ၃ ပတ် ဒါမှ မဟုတ် ၄ ပတ်အကြာပြောင်းရွှေ့ ချိန်ပေးမယ်၊ ဒီလို လုပ်ပြီးလို့ ဆက်လက်နေထိုင်ကျူးကျော်နေသူတွေကို တရားစွဲမှာ ဖြစ်ပါတယ်" ဟု အကျဉ်းဦးစီးဌာန ရာဇဂြိုဟ် (၂) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း မှုစခန်းတာဝန်ခံဦးဝင်းမြင့်က ပြောကြားသည်။

အကျဉ်းဦးစီးပိုင်မြေ နေရာတွင် အိမ်ခြေ ၃၀၀ကျော်ရှိပြီး ရာဇဂြိုဟ်ကျေးရွာနှင့် နန်းကျင်းဆောင် ကျေးရွာသစ်အကြား နေရာတွင် အိမ်ခြေ ၂၀၀ နီးပါး၊ ရာဇဂြိုဟ်ကျေးရွာနှင့် မြစိမ်းမြလင်း ကျေးရွာအကြားရှိ သပြေကုန်းဟု အမည်ပေးထားသည့် နေရာတွင် အိမ်ခြေ ၁၀၀ ကျော်နှင့် နန်းကျင်းဆောင်ကျေးရွာတွင် ရေဘေးဖြစ်ပြီး နန်းကျင်းဆောင် ကျေးရွာသစ်သို့ မပြောင်းရွှေ့ဘဲ ယာယီအဖြစ်နေထိုင်သည့်နေရာတွင် အခြေတည်ထားသော အိမ်ခြေ ၆၀ကျော်တို့ရှိကြောင်း ရာဇဂြိုဟ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

"အစ်မတို့ အနေနဲ့ သူတို့ပေးတဲ့နေရာမှာ ပြောင်းနေဖို့ စိတ်ကူးမရှိဘူး၊ အခုနေရာက အရင်အစိုးရ ဝန်ကြီးချုပ်က ရွာဟောင်းမြေနေရာက တောင်သူတွေ လုပ်ကိုင်စားကြတဲ့ နေရာနဲ့ နီးလို့ အဆင်ပြေတယ်ဆိုပြီး နှုတ်မိန့်နဲ့ပေးထားတာ၊ တစ်ဖက်က နေလို့မရအောင်လုပ်လာပြီဆိုရင်တော့ ရွာသူရွာသားတွေ မနစ်နာအောင် ဆောင်ရွက်ဖို့ပဲ ရှိတယ်" ဟု သပြေကုန်းတွင် နေထိုင်သော ဒေါ်ခင်မြင့်ထွေးက ပြောကြားသည်။ ■

The VOICE Sunday
**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

## Editor's Word

# ရှက်တတ်ပါစေ

ပဋိပက္ခဖြစ်တယ်ဆိုတာ အနည်းဆုံး ဘက်နှစ်ဖက် အကြား မပြေမလည်ဖြစ်ရာက အရှိန်မြင့်လာတဲ့ အကျိုးဆက်ပေါ့။ နှစ်ဖက်စလုံးက တစ်ဖက်ကို အမှားလို့ ပြောပြီး ကိုယ့်ဘက်ကိုတော့ မှန်တယ်လို့ ထင်ကြတာချည်းပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ပဋိပက္ခဖြစ်ပြီဆိုရင် နှစ်ဖက်စလုံး နစ်နာကြတယ်။ တစ်ဖက်တည်းက နာ၊ တစ်ဖက်တည်းက သာ ဆိုတာမျိုးမရှိဘူး။ အနိမ့်ဆုံး လူနှစ်ယောက် ရန်ဖြစ်တယ်ဆိုရင်တောင် သူတစ်ပြန်ကိုယ်တစ်ပြန် တုံ့ပြန်ကြတဲ့အတွက် နှစ်ဖက်စလုံး နာကြတာပဲ။

လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ သာမန်ပဋိပက္ခအဆင့်ကနေ လူမျိုးစုတစ်စုနဲ့တစ်စုအကြား၊ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြား သူသေ၊ ကိုယ်သေဖြစ်ကြတဲ့ တိုက်ပွဲ၊ စစ်ပွဲတွေမှာလည်း ဒီအတိုင်းပဲ။ ကမ္ဘာစစ်ကြီးနှစ်ခုကနေ အရှေ့အလယ်ပိုင်း၊ အာရပ်ကမ္ဘာ၊ မြန်မာပြည်က ပြည်တွင်းစစ်အထိ ဖြစ်နေတဲ့ ပဋိပက္ခအားလုံးမှာ ပါတဲ့သူ အားလုံးတစ်နေရာရာမှာတော့ ရှုံးကြ၊ နာကြတာပဲ။

ဘာသာရေးပဲဖြစ်ဖြစ်၊ လူမျိုးရေးပဲဖြစ်ဖြစ် ပဋိပက္ခဖြစ်ပြီဆိုရင်လည်း ဒီလိုပဲ။ တစ်ဖက်တည်းက မှန်၊ တစ်ဖက်တည်းက မှား၊ တစ်ဖက်က နာ၊ တစ်ဖက်က သာဆိုတာမျိုး မရှိဘူး။ ဘယ်ဘက်မှာမဆို မြင်ရတဲ့ ထိခိုက်မှုအပြင် မမြင်ရတဲ့ နစ်နာမှုတွေလည်း ရှိတယ်။

ပဋိပက္ခမဖြစ်အောင် ထိန်းတဲ့နေရာမှာ စည်းကမ်း၊ ဥပဒေတွေအပြင် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအလိုက်ရှိနေတဲ့ အဆုံးအမတရားတွေ၊ ကိုယ်ကျင့်သီလနဲ့ လူမှုရေးစံနှုန်းတွေကလည်း အရေးကြီးတဲ့နေရာမှာ ပါတယ်။

မနေ့ညနေပိုင်းက သာကေတမှာ ဖြစ်သွားတဲ့ ပဋိပက္ခဆိုရင် ဘာသာရေးနဲ့ ပတ်သက်နေတယ်။ မြန်မာပြည်ရဲ့ မဝေးလှတဲ့ အတိတ် ငါးနှစ်လောက်ကို ပြန်ကြည့်ရင်တောင် ဒီဘာသာရေးနဲ့ ဆက်စပ်တဲ့ ပဋိပက္ခတွေကြောင့် ကမ္ဘာ့အလယ်မှာ ဘယ်လောက် မျက်နှာပျက်၊ သိက္ခာကျ၊ အထင်အမြင်သေးခံခဲ့ရတယ်ဆိုတာ အားလုံးအသိပဲ။

ဆင်တူနေတဲ့ ပဋိပက္ခဖြစ်စဉ် အားလုံးကို ပြန်ကြည့်လိုက်ရင် ရှေ့ဆုံးက ပါဝင်ပတ်သက်နေတဲ့သူတွေက ဘယ်အစုအဖွဲ့ကလဲဆိုတာ ပြည်သူအားလုံးက သိနေပေမယ့် ပြဿနာဖြစ်တိုင်း လုံခြုံရေးတာဝန်ရှိသူတွေထက် အဲဒီအုပ်စုကပဲ ရှေ့ဆုံးက ရောက်နေတတ်တယ်။

တကယ်တော့ ပဋိပက္ခအားလုံးကို ချုပ်ကြည့်လိုက်ရင် ဥပဒေစိုးမိုးမှု မရှိတာ ပေါ်လွင်ထင်ရှားလွန်းတယ်။ ဥပဒေက ဘယ်သူတွေအပေါ်မှာ စိုးမိုးပြီး ဘယ်သူတွေအပေါ်မှာ မစိုးမိုးနိုင်တာလဲ ထင်ရှားလွန်းတယ်။

ပဋိပက္ခဖြစ်ပြီဆိုတာနဲ့ မီတဲ့နေရာကနေပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနဲ့အညီ ကိုင်တွယ်၊ ထိန်းသိမ်း၊ အရေးယူ ဆောင်ရွက်ဖို့ အုပ်ချုပ်ရေး၊ လုံခြုံရေးတာဝန်ယူထားတဲ့သူတွေမှာ တာဝန်ရှိတယ်။

ဥပဒေနဲ့ အညီ အဆင့်လိုက် ဆောင်ရွက်ရမယ့် ကိစ္စမှာ ဒေါသထွက်နေတဲ့ လူတစ်စု၊ လူတစ်အုပ်ရဲ့သဘော လိုက်လျော၊ ဆောင်ရွက်ရပြီဆိုရင် သေချာတယ် ဒါ မင်းမဲ့စရိုက်၊ ဥပဒေမဲ့ ပရမ်းပတာလုပ်ရပ်ပဲ။

ဒီလိုဖြစ်လာစေတဲ့ အဖြစ်အပျက်မှာ ဘယ်ဘက်က မှားတယ်၊ မှန်တယ်ဆိုတာထက် ဖြစ်တဲ့ ပဋိပက္ခကို တိုက်ရိုက် သို့မဟုတ် ဆက်စပ်တာဝန်ရှိတဲ့ သူတွေကပဲ ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့ အခွင့်အာဏာရှိပြီး သူတို့ကလွဲရင် ဘယ်ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်ကမှ ဝင်စွက်ခွင့်မရှိဘူး။

ဒီလိုကိစ္စတွေဖြစ်လာရင် လက်နက်မပါတဲ့ကျောင်းသားလေးတွေကိုတားဆီးဟန့်တားတဲ့နေရာမှာ သုံးခဲ့တဲ့ ရဲအင်အားမျိုးက စနစ်တကျ ဥပဒေနဲ့အညီ ဝင်ပြီး ကိုင်တွယ်ထိန်းသိမ်းဖို့လိုမယ်။

အဲလို မလုပ်နိုင်ဘဲ ရဟန်းဝတ်တချို့ ဒေါသဖြစ်နေတဲ့ လူတချို့ရဲ့ အလိုအတိုင်း လုပ်ခွင့်ပြုလိုက်ရင် နဂိုကတည်းက ဘာသာရေး၊ လူမျိုးရေးနဲ့ပတ်သက်ရင် တစ်ဆိတ်ကို တစ်အိတ်လုပ် ပုံကြီးချဲ့ပြီး စွပ်စွဲ၊ တံဆိပ်ကပ်ခံထားရတဲ့ကြားက နာမည်ပျက်စရာ၊ ရှက်စရာပိုဖြစ်သွားမယ်။ လုံခြုံရေး တာဝန်ရှိသူတွေအပေါ်နဲ့ ဒီလိုဖြစ်တိုင်း ရှေ့ဆုံးက ရောက်ရောက်နေတတ်တဲ့ ရဟန်းဝတ်တချို့ ဒေါသထွက်နေတဲ့ လူတစ်အုပ်အပေါ်ကို မေးခွန်းထုတ်စရာ ဖြစ်သွားမယ်။

နှစ်ပေါင်းများစွာ ကိုယ့်မင်းကိုယ်ချင်းနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကားနဲ့၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြေခံတဲ့ သံသရာက လွတ်မြောက်ရာလမ်းကို ထင်းထင်းလင်းလင်း သိမြင်အောင်လုပ်ပေးတဲ့ အဆုံးအမတရားနဲ့၊ ကိုယ်ပိုင် အင်ပါယာနိုင်ငံနဲ့ အဆင့်အတန်းမြင့်မြင့် နေလာခဲ့တဲ့ နိုင်ငံတစ်ခုမှာ ဘာသာရေးနှယ် ပဋိပက္ခဖြစ်တာကိုက ရှက်စရာဖြစ်တဲ့အတွက် ရှက်တတ်ကြဖို့ သတိပေးပါရစေ။

**အယ်ဒီတာ ( ၂၉ - ၄ - ၂၀၁၇ )**




နေရပ်ပြန်မည့် အလုပ်သမား မန်ဆူရှမ်းကျောင်းသို့ ရောက်ရှိစဉ်

# တရုတ်တွင် ရက် ၄၀ ကျော်ထောင်ကျခဲ့သည့် မြန်မာလုပ်သားတစ်ရာကျော်ကို နေရပ်ပြန်ပို့

**လားရှိုး၊ ဧပြီ ၂၉**

တရုတ်နိုင်ငံ မိန်းတိန်မြို့တွင် ၄၃ ရက်ကြာ ထောင်ဒဏ်ကျခံခဲ့ရသည့် မြန်မာနိုင်ငံသား ၁၇၂ ဦးကို ဧပြီလ ၂၉ ရက်နေ့တွင် လားရှိုးမြို့မှတစ်ဆင့် နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း လားရှိုးမြို့ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံသား ၁၇၂ ဦးသည် ဧပြီလ ၂၈ ရက်နေ့ညက လားရှိုးမြို့သို့ရောက်ရှိလာပြီး မန်ဆူရှမ်းကျောင်းတွင် ခေတ္တနေထိုင်ကာ ဧပြီလ ၂၉ ရက်နေ့ နံနက်တွင် နေရပ်ဒေသအသီးသီးသို့ပြန်နိုင်ရန် မန္တလေးမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ပေးခဲ့ကြောင်း အဆိုပါဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက ပြောကြားသည်။

တရုတ်နိုင်ငံ မိန်းတိန်မြို့တွင် ထောင်ကျခံခဲ့ရသူများသည် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့မှဖြစ်ပြီး အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး ၅၆ ဦးဖြစ်ကြောင်း၊ တရုတ်နိုင်ငံနယ်စပ်စခန်း ချင်းရွှေဟော်မြို့မှတစ်ဆင့် လားရှိုးမြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

ယင်းသို့ဖမ်းဆီးထောင်ဒဏ်ကျခံရခြင်းမှာ တရုတ်နိုင်ငံအတွင်း နိုင်ငံကူးလက်မှတ်မပါရှိခြင်းနှင့် အလုပ်သမားလက်မှတ်မပါရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း ယင်းအလုပ်သမားများထံမှ သိရသည်။

"နိုင်ငံကူး လက်မှတ်လိုတယ်။ အလုပ်သမားလက်မှတ်လိုတယ်။ တခြားစာရွက်တွေလိုတာကိုမသိပါဘူး။ အလုပ်လုပ်ဖို့ လာခေါ်တဲ့ပွဲစားကပဲခေါ်ပြီး ပို့လိုက်တာပါပဲ။ မတ်လ ၁၆ ရက်နေ့မှာ တရုတ်ရဲက လာဖမ်းပြီး ထောင်ထဲတန်းပို့လိုက်တယ်။ ဘာမှမသိလိုက်ရဘူး" ဟု မကွေးတိုင်း ပွင့်ဖြူမြို့နယ်မှ အလုပ်သမား ဦးအောင်လင်းက ဆိုသည်။

တရုတ်နိုင်ငံ မိန်းတိန်မြို့သည် ကွမ်းလုံ-ချင်းရွှေဟော်လမ်းမှသွားရောက်ရပြီး စက်ရုံအလုပ်ရုံများရှိသည့်အတွက် မြန်မာဘက်မှ အလုပ်သမားများ သွားရောက်အလုပ်လုပ်ကိုင်ကာ စည်ကားသည့်မြို့ဖြစ်သည်။ ■ R-07

# ဖားကန့်တွင် ကျပ်သိန်း ၅၀၀ ကျော်ရှိ ဘိန်းဖြူများဖမ်းဆီးရမိ

**တနိုင်း၊ ဧပြီ ၂၉**

ဖားကန့်မြို့နယ် ဆိတ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာရှိ နေအိမ်တစ်ခုမှ ကျပ်သိန်းပေါင်း ၅၀၀ ကျော်ရှိ ဘိန်းဖြူများကို ဧပြီ ၂၇ ရက်နေ့ နံနက် ၁၀ နာရီခန့်က ဖမ်းဆီးရမိခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာနေ ဦးအောင် ၃၀ နှစ်နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အခန်းအတွင်းကြမ်းပြင်ပေါ်ရှိ အစိမ်းရောင်သံသေတ္တာအတွင်းမှ ရောင်စုံဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ အလေးချိန် ၉ ဒသမ ၅ ဂရမ်ခန့်စီပါ ၆၃ ခွက် စုစုပေါင်းအလေးချိန် ၅၉၈ ဒသမ ၅ ဂရမ်ခန့် တစ်ဂရမ်လျှင် ၉၅၀၀၀ ကျပ် နှုန်းဖြင့် ကာလတန်ဖိုး ငွေကျပ်သိန်း ၅၆,၈၅၇,၅၀၀ ကျပ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ယင်းရုံးထံမှ သိရသည်။

မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ အောင်အောင်ကို ဖားကန့်မြို့မရဲစခန်းက မယ(ပ)၈၉/၂၀၁၇၊ မူး/ စိတ်ပုဒ်မ - ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ ■ R-06

# ရေးဒေသထွက် ကွမ်းသီးများ ဈေးကောင်းရ

**မော်လမြိုင်၊ ဧပြီ ၂၉**

မွန်ပြည်နယ် ရေးမြို့နယ်မှ ထွက်ရှိသော ကွမ်းသီးများ ယခုနှစ်တွင် အချိန်အခါမဟုတ် ဈေးမြင့်တက်နေကြောင်း ရေးမြို့မှ ကွမ်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။

သကြံန်မတိုင်ခင်က ကွမ်းသီးတစ်ပိဿာလျှင် ကျပ် ၅၇၀၀ ရှိသော်လည်း ဧပြီလ ၂၈ ရက်တွင် ကျပ် ၆၀၀၀ သို့ မြင့်တက်ခဲ့ကြောင်း၊ ယခင်နှစ်က ရာသီဥတု ပြင်းသောကြောင့် ယခုနှစ် ကွမ်းသီးထွက်ရှိချိန်၌ ကွမ်းသီးအထွက်နည်းပြီး လိုအပ်ချက်မြင့်သောကြောင့် ကွမ်းသီးဈေးတက်ရကြောင်း၊ ရေးမြို့ လင်း ကွမ်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင် ဦးဝင်းအောင်က ပြောကြားသည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် ကွမ်းသီးလိုအပ်သည်ထက် ပိုမိုထွက်ရှိသောကြောင်း ကွမ်းသီးဈေးနှုန်းမှာ တစ်ပိဿာလျှင် ၄၅၀၀ ကျပ်မှ ၄၀၀၀ ထိ ကျဆင်းခဲ့ကြောင်း၊ ယခင်က ကွမ်းသီးဈေးကျသော်လည်း ကွမ်းသီး အရည်အသွေး ကောင်းမွန်ပြီး ယခုနှစ်တွင် ကွမ်းသီးဈေးတက်သော်လည်း အရည်အသွေးညံ့ကြောင်း ၎င်းက ရှင်းပြသည်။

"ဒီနှစ်ဈေး ကွမ်းသီး ဈေးနည်းနည်း တက်တယ်၊ အပျက်တွေဆိုရင် တစ်ပိဿာ ၁၀၀၀ ရတယ်၊ ဟိုတုန်းကတော့ ဒီအချိန် ကွမ်းသီးဈေးမတက်ဘူး၊ ကွမ်းသီးကုန်တဲ့အချိန်၊ မိုးရွာတဲ့အချိန်မှ ကွမ်းသီးဈေးတက်တယ်" ဟု ကွမ်းသီးခြံပိုင်ရှင် ဒေါ်ပန်းရွှေက ပြောဆိုသည်။

ကွမ်းသီးရောင်းချနိုင်ရန်အတွက် လှူငှားရသည့် ကုန်ကျစရိတ်မှာ ကွမ်းသီးအလုံးရေ တစ်သိန်းအတွက် ကျပ် သုံးသိန်းခွဲအထိ ကုန်ကျကြောင်း၊ ကွမ်းသီး အလုံးရေ ၁ သိန်းတွင် ပိဿာ ၆၅၀ ဝန်းကျင်ခန့်ရှိပြီး၊ ကွမ်းသီးအပင် နှစ်ထောင်တွင် ကွမ်းသီးအလုံးရေ တစ်သိန်းကျော် ထွက်ရှိပြီး ပိဿာအားဖြင့် တစ်ထောင်ကျော် ထွက်ရှိကြောင်း၊ ကွမ်းသီးမှာ ယခုရာသီတွင် ဈေးတက်လေ့မရှိသော်လည်း ကွမ်းသီးကုန်ချိန်၊ မိုးရွာချိန်တို့တွင် ကွမ်းသီး ဈေးတက်လေ့ရှိကြောင်း ကွမ်းသီးခြံပိုင်ရှင် ဒေါ်ပန်းရွှေက ပြောဆိုသည်။

မွန်ပြည်နယ်ရေးမြို့နယ်မှထွက်ရှိသည့် ကွမ်းသီးများကို သန့်စင်သည့်အဆင့်အထိ ရောက်အောင် မလုပ်နိုင်ဘဲ ထွက်ရှိသည့် အရိုင်းများကိုသာ ရောင်းချနေရကြောင်း၊ နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ကွမ်းသီးအဆင့်ရောက်ရှိအောင် မလုပ်နိုင်သော်လည်း မြိတ်မြို့မှ ထွက်ရှိသည့် ကွမ်းသီးများကိုမူ နိုင်ငံတကာသို့ တင်ပို့နိုင်သည့် အဆင့်ရောက်အောင် သန့်စင်မှုပြုလုပ်ကာ တင်ပို့နေကြောင်း ကွမ်းသီးရောင်းဝယ်သည့် လုပ်ငန်းရှင်ဦးဝင်းအောင်က ပြောကြားသည်။ ■

# မိတ္ထီလာတွင် ရေဆိုးမြောင်းအတွင်းမှ အမျိုးသမီးအလောင်းတွေ့

**မိတ္ထီလာ၊ ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နန်းတော်ကုန်းရပ်ကွက် ကန်ပတ်လမ်းဆက်သွယ်ရေး ဧည့်ရိပ်သာရှေ့ရှိ ရေဆိုးမြောင်းထဲတွင် သေဆုံးနေသည့် အမျိုးသမီးအလောင်းကို ဧပြီလ ၂၇ ရက်နေ့ နံနက် ၆ နာရီခန့်က တွေ့ရှိခဲ့ကြောင်း မြို့ခံ ရန်အောင်မြင် နာရေးကူညီမှုအသင်းထံမှ စုံစမ်းသိရှိရသည်။

သေဆုံးသူ အမျိုးသမီးသည် အောင်ဇေယျာရပ်ကွက် နယ်မြေ (၈) နေ ဒေါ်ဝါဝါ အသက် ၄၈ နှစ်ခန့်ဖြစ်ပြီး ပြင်ပဒဏ်ရာမရှိကြောင်း၊ မွေတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ် သိရှိရန် ပြည်သူ့ဆေးရုံသို့ပို့ဆောင်စစ်ဆေးလျက်ရှိကြောင်း နယ်မြေခံမြို့မရဲစခန်း မှုခင်းမှတ်တမ်းအရ သိရသည်။

ယင်းဖြစ်စဉ်ကိုနယ်မြေခံမြို့မ ရဲစခန်းက သေမှုသေခင်း အမှတ် ၅/ ၂၀၁၇ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ ■ R-01


ဝန်ထမ်းအလိုရှိသည်

အမျိုးသမီးဝန်ထမ်း - (၅)ဦး

အဆောင်စီစဉ်ပေးမည်။

စိန်ကမ္ဘာရှည်မှုန့်စက်ရုံ A/4(a) ၊(၆၂)လမ်း၊ သားရေနယ်လမ်း၊

ငွေတော်ကျိုးကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့

Ph : 09-6501608,09-6808176,02-5154824,09-769550477

# ပဲခူးဝန်ကြီးချုပ် ဒေသခံများနှင့် ပထမဦးဆုံးတွေ့

**တောင်ငူ၊ ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းအစိုးရအဖွဲ့သက်တမ်း တစ်နှစ်ကျော်ကာလအတွင်း ဧပြီလ ၂၉ရက် နံနက်ပိုင်းတွင် ပဲခူးဒေသခံများနှင့် ပထမဆုံးတွေ့ဆုံခဲ့ကြောင်း တွေ့ဆုံပွဲတက်ရောက်ခဲ့သူများထံမှ စုံစမ်းသိရှိရသည်။

တွေ့ဆုံပွဲကို ပဲခူးမြို့ ဉဿာမြို့သစ် ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်တွင် ကျင်းပခဲ့ပြီး ပဲခူးမြို့ခံ ရပ်မိရပ်ဖများ၊ နိုင်ငံရေးပါတီများ၊ တက်ကြွလှုပ်ရှားသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ လူဦးရေ ၅၀၀ခန့်တက်ရောက်ခဲ့ကြောင်း၊ တွေ့ဆုံပွဲတွင် ဒေသခံနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများက သိလိုသည်များကို မေးမြန်းခဲ့ရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖြေကြားပေးသော်လည်း တိကျသော ကတိကဝတ်များမပေးကြောင်း တွေ့ဆုံပွဲကိုတက်ရောက်သူ ဒေါ်သဥ္ဇာမောင်မောင်က ပြောကြားသည်။

"ကျွန်မက လိမ်ညာအမှုဆင်ခံထားရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး တရားသူကြီးချုပ်ကိုတွေ့ဆုံဖို့ကြိုးစားတဲ့အခါ တွေ့ခွင့်မရခဲ့ကြောင်း ပြောပြတယ်၊ ပဲခူးတိုင်း ဥပဒေချုပ်ကို ဆက်လက် မေးမြန်းတဲ့အခါမှာ တိုင်စာပြန်တင်ပါလို့ပြောတယ်။ အကြိမ်ကြိမ်တိုင်ကြားခဲ့တဲ့ ကျွန်မစာတွေက ဘယ်ရောက်ကုန်သလဲလို့ ပြောခဲ့တယ်" ဟု ပဲခူးမြို့မှ နေပြည်တော်အထိ တရားရုံးများကို လမ်းလျှောက်ချီတက်ဆန္ဒဖော်ထုတ်ခဲ့သော ဒေါ်သဥ္ဇာမောင်မောင်က ပြောဆိုသည်။

တွေ့ဆုံပွဲ မကျင်းပမီ ၅ရက်ခန့်မှ စတင်ကာ ပဲခူးမြို့ခံများကို ဖိတ်စာများ ပေးပို့ ဖိတ်ကြားခဲ့သော်လည်း ဒေသခံအချို့ ချန်လှပ်ခံရကြောင်း၊ တက်ရောက်လာသည့် အချို့အဖွဲ့အစည်းများမှာ ပဲခူးမြို့ခံများအတွက် အမှန်တကယ် အလုပ်လုပ်ကိုင်နေခြင်း မရှိသူများ ပါဝင်နေကြောင်း ဒေသခံအချို့က ဝေဖန်သည်။

အဆိုပါ တွေ့ဆုံပွဲမှာ နံနက် ၉ နာရီတွင် စတင်ခဲ့သော်လည်း မေးမြန်းသူများ များပြားသောကြောင့် မွန်းလွဲ ၂နာရီတွင် ပြီးစီးခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက ပြောကြားသည်။

တွေ့ဆုံပွဲ မကျင်းပမီ တစ်ရက်က ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်အချို့နှင့် လုပ်ငန်းရှင်အချို့တို့က ပဲခူးမြို့ ဉဿာမြို့သစ် ဉဿာကျော်ခန်းမတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း အစိုးရအဖွဲ့နှင့်နီးစပ်သူများထံမှ သိရှိရသည်။ ■ R-15

# မိတ္ထီလာတွင် စားသုံးသူရေးရာ စင်တာဖွင့်မည်

**မိတ္ထီလာ၊ ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အဆင့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာကိုမိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက်တွင် မေလပထမသီတင်းပတ် အတွင်း ဖွင့်လှစ်နိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးကျော်မြင့်က ပြောကြားသည်။

"စားသုံးသူတွေရဲ့အခက်အခဲတွေကို လျင်လျင်မြန်မြန်ကူညီဖြေရှင်းပေးဖို့ပါ။ စားသုံးသူအကာအကွယ်ပေးရေးဆိုတာ ကုန်စည်ရော ဝန်ဆောင်မှုရောပါတယ်" ဟု ၎င်းက ဆိုသည်။

စားသုံးသူများအနေနှင့် ကုန်စည် (သို့မဟုတ်)ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ခွင့်၊ ရွေးချယ်နိုင်ခွင့်၊ လုပ်ငန်းရှင်ဘက်မှ ဝန်ခံကတိပြုထားသော တန်ဖိုးနှင့် စည်းကမ်းချက်များကို အာမခံမှုနှင့်အတူ ရယူနိုင်ခွင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှု အခြေအနေ အာမခံချက်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရယူခွင့်၊ စားသုံးသူအသုံးပြုသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ်တွင် အငြင်းပွားမှုဖြစ်ပေါ်လာပါက သက်ဆိုင်ရာသို့ တိုင်တန်းခွင့် အကာအကွယ်ပေးမှု ရရှိပိုင်ခွင့်နှင့် ခွဲခြားဆက်ဆံမှုမရှိသည့် မျှတသော ဝန်ဆောင်မှု ရယူခွင့်ရှိကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဒေသအတွင်း၌ စားသုံးသူအခွင့်အရေးကိစ္စရပ်များကို ကွင်းဆင်းပညာပေးခြင်းနှင့် အန္တရာယ်ဖြစ်စေနိုင်သော အစားအစာများ ရှိမရှိကိုလည်း အခါအားလျော်စွာ စစ်ဆေးလျက်ရှိပြီး စားသုံးသူ အငြင်းပွားမှုကိစ္စများကို တိုင်ကြားမှု များရှိပါက ညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါဌာနထံမှ စုံစမ်းသိရှိရသည်။ ■ R-01

အောင်ပြည့်စုံ
မြို့တွင်း/နယ်ဝေးများအတွက်
10',14',16'-Box ကားများဖြင့်
09-421041338,
09-73224763,09-250095114

မိဘမေတ္တာ (Gas)



ဓာတ်ပုံ - မောင်မျိုးထက်

# ရေယာဉ်သွားလာကန့်သတ်မှုတွင် ပုံမှန်ချိန် ပြေးဆွဲသော ခရီးသည်ရေယာဉ်များ မပါဝင်

**ပုသိမ်၊ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြစ်ချောင်းများတွင် ရေယာဉ်သွားလာမှုကို အချိန်ဖြင့် ကန့်သတ်မှု ဒေသန္တရ အမိန့်ထုတ်ကာ တားမြစ်ထားသော်လည်း ခရီးသွားလာမှုအတွက် လိုအပ်ချက်များ ပြည့်စုံကြောင်း စစ်ဆေးပြီးသည့် ပုံမှန်အချိန်အတိုင်း ပြေးဆွဲနေသော ခရီးသည်တင် ရေယာဉ်များအတွက် မပါဝင်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရုံးထံမှ သိရသည်။

ရေကြောင်းသွားလာမှုကို နံနက် ၆နာရီမှညနေ ၆နာရီအထိသတ်မှတ်ထားပြီး တိုင်းဒေသကြီးအတွင်း မောင်းနှင်နေသည့် ကုန်တင်တွဲသင်္ဘော၊ တွန်းသင်္ဘော၊ မြင်းကောင်ရေအား ၂၀ အောက် ၂၀ အထက် စက်လှေများ၊ တိုင်းဒေသကြီးအတွင်း မြို့နယ်များနှင့် တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာ ဌာနများမှ ပြေးဆွဲခွင့်လိုင်စင် ပေးထားသော ရေယာဉ်များကို ကန့်သတ်ထားကြောင်း၊ နိုင်ငံတော်အဆင့် အတိုင်းအတာဖြင့် ပြေးဆွဲခွင့်လိုင်စင်ရရှိပြီး ရေယာဉ်၊ စက်ကြံ့ခိုင်မှုနှင့် ထားရှိရမည့် မီးအချက်ပြ၊ အသံအချက်ပြ၊ ရေယာဉ်ဝန်ထမ်း၊ ရေကြောင်းဆိုင်ရာ သက်ကယ်ပစ္စည်းများ ပြည့်စုံမှု စစ်ဆေးထားသော ခရီးသည် ရေယာဉ်မှာ တင်ပြခွင့်ပြုချက်ရရှိထားသည့် ပုံမှန်အချိန်များအတိုင်း မောင်းနှင်ခွင့်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရုံး ညွှန်ကြားရေးမှူး ဦးရန်နောင်ကျော် ကရှင်းပြသည်။

"ကန့်သတ်ချိန် ရောက်တာနဲ့ရေယာဉ်တွေဟာ ရောက်ရှိတဲ့နေရာမှာ ရပ်ထားရပါမယ်၊ မြို့နယ်၊ တိုင်း၊ နိုင်ငံတော်အဆင့် ခွင့်ပြုချက်ဆိုပြီး လိုင်စင် ၃မျိုး ရှိပါတယ်၊ နိုင်ငံအဆင့် လိုင်စင်က ခရီးသည်တင် သင်္ဘောတွေကိုပေးပါတယ်၊ ခရီးသည်တင် သင်္ဘောတွေအနေနဲ့လည်း ပြေးဆွဲတဲ့ ဒေသတွင်း မုန်တိုင်းလိုမျိုး ရာသီဥတု အခြေအနေမျိုးတွေအတွက် မောင်းနှင်ပြေးဆွဲတာကို လိုအပ်သလို ကန့်သတ်သွားမှာပါ၊ ဖြစ်စဉ်အများစုက လူကြောင့်ဖြစ်ရတာပါ။ ဒါကြောင့် ရေကြောင်းခရီးရှိတဲ့ မြို့များသာမက ကျေးရွာများ ရှိ ရေယာဉ်လုပ်သား၊ ပိုင်ရှင်နဲ့ ခရီးသွားပြည်သူတွေကို အသိပညာပေး လုပ်ငန်းတွေ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမယ်" ဟု ၎င်းကပြောဆိုသည်။

ရေကြောင်းညွှန်ကြားမှုး ဦးစီးဌာန အနေနှင့် အချိန်ကန့်သတ်မှုများကို တွဲဆွဲတွဲတွန်းသင်္ဘောများ၊ စက်လှေများအတွက် ထုတ်ပြန်ခဲ့ဖူးသော်လည်း လိုက်နာမှုအားနည်းကြောင်း၊ ခရီးသည်တင်သင်္ဘောများ အနေနှင့် တိုင်းဒေသကြီးအတွင်း ရေကြောင်းခရီး သွားလာမှုတွင် နောက်နေ့နံနက် ရုံးလုပ်ငန်းချိန်နှင့် ပုသိမ်မြို့မှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီးမြို့များသို့ နံနက်စောစော ထွက်ခွာသော မော်တော်ယာဉ် ဝင်ထွက်ချိန်မီရန်အတွက် ပုသိမ်မြို့ကိုအခြေပြုညဘက်အချိန် ဝင်ထွက်မောင်းနှင်သော ရေကြောင်းပို့ဆောင်ရေး ခရီးစဉ်များရှိကြောင်း ပုသိမ်မြို့ရှိ ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေး စိစစ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်း ၂၀၀၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ရေယာဉ် တိုက်နစ်မြုပ်မှုနှင့် မောင်းနှင်စဉ် တိမ်းမှောက် နစ်မြုပ်မှု ၃၂ မှု ဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်များအနက် ၂၀၀၉ ခုနှစ်တွင် နေမျိုးထွန်းကြီး ခရီးသည်တင်သင်္ဘောနှင့် လောင်စာဆီ တင်ဆောင်သည့် တွဲသင်္ဘော တိုက်မိနစ်မြုပ်၍ လူ ၅၀ ဦး၊ ၂၀၁၂ ခုနှစ်တွင် ခရီးသည်သင်္ဘော ပုသိမ်သူ (၁၁) မောင်းနှင်လာစဉ် တိမ်းမှောက်၍ လူ ၂၆ ဦး နှင့် ၂၀၁၇ ဧပြီလ ၇ ရက်နေ့က CBS 02 ၃၃ ကျောက်တွဲ ရေယာဉ်ကို တွဲဆွဲလာသော ရွှေနဒီရေယာဉ်နှင့် ခရီးသည်တင် ငွေကြယ်ပွင့် စက်လှေတို့ တိုက်မိနစ်မြုပ်မှုကြောင့် လူ ၃၀ ဦးတို့ သေဆုံးခဲ့ကြောင်း ကျန်ရေယာဉ် တိုက်မှု၊ နစ်မြုပ်မှု ၂၉ မှုတွင်မူ လူသေဆုံးမှုတွင် တစ်ဦးစ နှစ်ဦးစခန့်သာရှိခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရုံးမှ သိရှိရသည်။ ■

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

Mandalay

# တာဝန်ကျရဲမေကို နှောင့်ယှက်သူ ပုဒ်မသုံးခုဖြင့် အမှုဖွင့်ခံရ

**မန္တလေး၊ ဧပြီ ၂၉**

စစ်ကိုင်းမြို့မရဲစခန်းတွင် တာဝန်မှူးတာဝန်ထမ်းဆောင်နေသည့် ရဲမေကို ကာယိန္ဒြေပျက်ပြားအောင် ပြုမူနှောင့်ယှက်ခဲ့သည့် အမျိုးသားကို ပုဒ်မသုံးခုဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

ဧပြီလ ၂၇ ရက်နေ့ မွန်းလွဲ ၁၂ နာရီခန့်အချိန်က မြို့မရဲစခန်းသို့ ထောက်ခံစာလာတောင်းသည့် အမျိုးသမီးတစ်ဦးနှင့် အတူ ပါလာသော အသက် ၃၀ နှစ်ခန့်ရှိ ဦးကျော်ဇင်က တာဝန်မှူးရဲမေကို နှောင့်ယှက်ခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲစခန်းမှ အရာရှိ တစ်ဦးက ပြောကြားသည်။

"ထောက်ခံစာလုပ်တဲ့ အမျိုးသမီးကို ထောက်ခံစာရအောင်ကူညီပေးမယ်လို့ပြောပြီး ပါလာတဲ့လူက ရဲမေရဲ့ပါးကို ကိုင်ပြီး 'ချစ်လေးကလည်း လုပ်ပေးလိုက်ပါ' လို့ ပြောတာ။ သူအဲဒီလိုလုပ်တဲ့ အချိန်မှာ ရဲမေက တာဝန်ထမ်းဆောင်နေတာလည်း ဖြစ်တယ်။ ရဲမေတစ်ဦးလည်း ဖြစ်နေတယ်။ ဒါကြောင့် သူ့ကို အရေးယူထားပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ဒုရဲအုပ်အဆင့်ရှိရဲမေက ထောက်ခံစာလာတောင်းသည့် အမျိုးသမီးကို ရပ်ကွက်ထောက်ခံစာယူပြီးမှသာ ရဲစခန်းထောက်ခံစာ လာရယူရန် ပြောဆိုသည်ကို ဦးကျော်ဇင်ဆိုသူက ယင်းသို့ပြုမူခဲ့ခြင်းဖြစ်သည်ဟု ရဲအသိုင်းအဝိုင်းထံမှ သိရသည်။

လတ်တလောတွင် ဦးကျော်ဇင်ဆိုသူကို စစ်ကိုင်းမြို့မရဲစခန်းက ရာဇသတ်ကြီးဥပဒေပုဒ်မများဖြစ်သည့် တာဝန်ဝတ္တရား နှောင့်ယှက်မှု ၃၅၃၊ ကာယိန္ဒြေပျက်ပြားအောင်ပြုလုပ်မှု ၃၅၄နှင့် ညစ်ညမ်းစွာဆဲဆိုမှု ၂၉၄ တို့ဖြင့် အမှုဖွင့်ထားသော်လည်း အာမခံပေးထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

■ M-04



ဓာတ်ပုံ - မြတ် (ကလေး)

သက်တမ်းကုန်သွားသည့်ကုမ္ပဏီများကို သက်တမ်းတိုးမပေးရန် စကျင်ကျေးရွာဒေသခံများ ဧပြီလ ၂၉ ရက်နေ့က လက်မှတ်ရေးထိုးနေစဉ်။

# စကျင်ဒေသတွင် ကုမ္ပဏီများကို ထပ်မံလုပ်ကိုင်ခွင့်မပြုရန် တိုင်းအစိုးရထံ တင်ပြမည်

**မန္တလေး၊ ဧပြီ ၂၉**

မန္တလေးတိုင်း မတ္တရာမြို့နယ် စကျင်ကျေးရွာရှိ သက်တမ်းကုန်ကုမ္ပဏီနှစ်ခုကို ထပ်မံလုပ်ကိုင်ခွင့်မပြုရန် တိုင်းအစိုးရအဖွဲ့ထံ တင်ပြမည်ဖြစ်ကြောင်း ယင်းကျေးရွာဒေသခံများက ပြောကြားသည်။

ကျောင်းတော်တောင်လုပ်ကွက်ရှိ ဦးတော်တော်နှင့်သားများကုမ္ပဏီ၊ နှောတောင်လုပ်ကွက်ရှိ စိန်သီဟ သမကုမ္ပဏီတို့သည် လက်ရှိအချိန်တွင် ကျောက်ထုတ်ယူခွင့်သက်တမ်း ကုန်ဆုံးသွားပြီဖြစ်၍ ဒေသခံများလုပ်ကိုင်ခွင့်ရရှိရန်နှင့် ယင်းကုမ္ပဏီတို့ကို သက်တမ်း ထပ်မံမတိုးပေးရန် ဒေသခံများစုပေါင်းလက်မှတ်ရေးထိုးတင်ပြမည်ဖြစ်ကြောင်း ဒေသခံများဖြင့်ဖွဲ့စည်းထားသည့် Natural Resource Lovers အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း က ပြောကြားသည်။

"စိန်သီဟကုမ္ပဏီက သက်တမ်းကုန်တာ တစ်နှစ်လောက်ရှိပြီ၊ ဦးတော်တော်နှင့်သားများ ကုမ္ပဏီက ဒီလ ၂၇ မှာ သက်တမ်းကုန်တယ်။ သက်တမ်းကုန်ပေမယ့် ဆက်လုပ်နေသေးတယ်။ အဲဒီလုပ်ကွက်တွေက ဒေသခံတွေဆီကနေ သိမ်းယူခဲ့တာဖြစ်တဲ့အတွက် ဒေသခံတွေ စားဝတ်နေရေး ခက်ခဲမှုတွေနဲ့ရင်ဆိုင်ခဲ့ရတယ်။ ဒါကြောင့် ဒေသခံတွေလက်မှတ်နဲ့ အသနားခံစာရေးပြီး တင်ပြမယ်" ဟု ၎င်းက ရှင်းပြသည်။

ဒေသခံလက်မှတ် ငါးရာရရှိအောင် စုဆောင်းသွားမည်ဖြစ်ပြီး မေလ ၂ ရက်နေ့တွင် တိုင်းအစိုးရထံ ကန့်ကွက်ကြောင်း အသနားခံစာ တင်ပြပေးပို့မည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ဒေသခံများ၏လုပ်ကွက် သိမ်းယူခံရပြီးနောက် စားဝတ်နေရေးခက်ခဲမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ကုမ္ပဏီများက အလွန်အကျွံ ကျောက်ထုတ်ယူမှုကြောင့် စကျင်ကျောက်ရှားပါးမှုတို့ ဖြစ်ပေါ်လာခဲ့ကြောင်း စကျင်ရွာဒေသခံဦးမြင့်က ပြောကြားသည်။

စကျင်ဒေသတွင် ကုမ္ပဏီခုနစ်ခုက ဧကပေါင်း ခုနစ်ရာခန့်ကို လုပ်ကိုင်လျက်ရှိရာ ဒေသခံများအနေနှင့် ယင်းကုမ္ပဏီများထံတွင် နေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်နေရကြောင်း၊ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့သည့် နေရာများဖြစ်၍ နှစ် ၂၀ ကြာမျှ သိမ်းယူခံခဲ့ရကြောင်း ဒေသခံတို့ထံမှ သိရှိရသည်။

■ LC

# တောင်လေးလုံးဆရာတော် အောက်မေ့ဖွယ်ကျောက်စာတိုင်စိုက်ထူမည်

**မန္တလေး၊ ဧပြီ ၂၉**

ရဟန်းစာဆို တစ်ဦးဖြစ်သည့် အမျိုးသားစာပေဆုရှင် စာရေးဆရာကိုပညာ (အမရပူရ) (အမရပူရမြို့တောင်လေးလုံးကျောင်းတိုက် ဆရာတော်) အောက်မေ့ဖွယ် ဂုဏ်ပြုအထိမ်းအမှတ် ကျောက်စာတိုင် ကဆုန်လပြည့်နေ့ (မေလ ၁၀ ရက်နေ့)တွင် စိုက်ထူမည်ဖြစ်ကြောင်း မော်ကွန်းကျောက်စာတိုင်ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

ယင်းဆရာတော်ပျံလွန်တော်မူခြင်း တစ်နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားတွင် သံဃာတော်များကို ဆွမ်းကပ်ခြင်း၊ အောက်မေ့ဖွယ် အမှတ်တရစကားများ ပြောကြားခြင်း၊ စာအုပ်ထုတ်ဝေခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါကော်မတီဝင်တစ်ဦးက ပြောကြားသည်။

ဆရာတော်သီတင်းသုံးနေထိုင်ခဲ့ပြီး ခန္ဓာဝန်ချခဲ့ရာကျောင်းဆောင်ကို ဆရာတော်ရေးသားခဲ့သော အဖိုးတန်စာမူများ၊ ဆရာတော်စုဆောင်းခဲ့သော စာအုပ်များဖြင့် စာကြည့်တိုက်နှင့်ပြတိုက်အဖြစ် တည်ထောင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

တောင်လေးလုံးကျောင်းတိုက် ဆရာတော် အရှင်ပညာဇောတ (စာရေးဆရာကိုပညာ-အမရပူရ) သည် ၁၉၅၅ ခုနှစ်တွင် စာပေလောကသို့ စတင်ဝင်ရောက်လာခဲ့ကာ ၁၉၆၇ ခုနှစ်တွင် ကိုပညာ (အမရပူရ) ဟူသောကလောင်ကို ထူထောင်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် အမျိုးသားစာပေဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ဆရာတော်သည် စာပေအနုပညာများကို ဖန်တီးရင်း ၂၀၁၂ ခုနှစ်တွင် အမေ့လွန်ရောဂါ (အယ်ဇိုင်းမားရောဂါ) စတင်ခံစားခဲ့ရကာ ၂၀၁၆ ခုနှစ် မေလ ၂၁ ရက်နေ့ သက်တော် ၈၄ နှစ်၊ ဝါတော် ၆၄ နှစ်အရွယ်တွင် ပျံလွန်တော်မူခဲ့သည်။

တောင်လေးလုံးကျောင်းတိုက်အတွင်း မြသန်းတင့်၊ ဒဂုန်တာရာ၊ တင်မိုး၊ ဟံသာဝတီဦးဝင်းတင်၊ ကြည်အောင်၊ မောင်ချောနွယ်၊ အောင်ဘညို၊ လှသန်း စသည့် စာပေပညာရှင်များ၏ မော်ကွန်းကျောက်စာတိုင်များ စိုက်ထူထားသည်။

■ M-01

## NEWS IN BRIEF

### နှလုံးလှုပင်လယ် ကုသိုလ်ဖြစ်ဆေးခန်း နှစ်ထပ်အဆောက်အအုံ ဖွင့်မည်

မန္တလေးမြို့တော်အခြေစိုက် နှလုံးလှုပင်လယ် ကုသိုလ်ဖြစ်ဆေးခန်း ငါးနှစ်ပြည့်အထိမ်းအမှတ် နှစ်ထပ်အဆောက်အအုံကို မေလ ၂ ရက်နေ့တွင် ဖွင့်လှစ်မည်ဟု အဆိုပါဆေးခန်းတာဝန်ရှိသူများထံမှ သိရသည်။

ယင်းဆေးခန်းသည် အောင်မြေသာစံမြို့နယ် ၁၆ လမ်းနှင့် ၁၇ လမ်းကြား၊ ၈၇ လမ်းနှင့် ၈၈ လမ်းအကြားရှိ ပင်လယ်ကျောင်းတိုက်တွင် တည်ရှိရာ နေ့စဉ်လာရောက်သည့် လူနာများကို ပိုမိုကုသပေးနိုင်ရန်နှင့် အထူးကုသပေးခြင်းများ တိုးချဲ့လုပ်ဆောင်ရန် အစီအစဉ် ရှိသောကြောင့် ပေ ၄၀ × ပေ ၂၀ ရှိ နှစ်ထပ်အဆောက်အအုံကို တည်ဆောက်ရခြင်းဖြစ်ကြောင်း အဆိုပါဆေးခန်းဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းမြင့်က ပြောကြားသည်။

နှလုံးလှုပင်လယ်ကုသိုလ်ဖြစ်ဆေးခန်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ လက်ရှိကာလအထိ လူနာပေါင်း တစ်သိန်းကျော်ကို အခမဲ့ကုသပေးခဲ့ပြီးဖြစ်ကြောင်း အဆိုပါဆေးခန်းမှတ်တမ်းများအရ သိရသည်။

■ M-02

### အောက်ဆီဂျင်လှူဒါန်းသည့် အသင်းအဖွဲ့များညီလာခံ ရန်ကုန်တွင် ပြုလုပ်မည်

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အောက်ဆီဂျင် အခမဲ့လှူဒါန်းပေးနေသော အသင်းအဖွဲ့များညီလာခံကို မေလ ၁ ရက်နေ့ နံနက် ၉ နာရီ အချိန်တွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါအခမ်းအနား ဖြစ်မြောက်ရေး စီစဉ်သည့် မာဃအောက်စီဂျင်အသင်းထံမှ သိရသည်။

ရန်ကုန်မြို့တော်အခြေစိုက် မာဃအောက်ဆီဂျင်အသင်းအနေနှင့် အသင်းအဖွဲ့များ အချင်းချင်းချိတ်ဆက်၍ အတွေ့အကြုံဖလှယ်ရန် ညီလာခံပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများအနေနှင့် ဖုန်း ၀၉-၅၁၈၈ ၉၃၆၊ ၇၉၉ ၅၉၃ ၃၀၃ တို့ထံဆက်သွယ်နိုင်ကြောင်း အဆိုပါအသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

■ M-02

# အငှားယာဉ်ဖြင့် ခါးပိုက်နှိုက်မှု၊ လုယက်မှုများ ကျူးလွန်နေသည့် ဂိုဏ်းအဖွဲ့ကို ဖမ်းမိ

ရန်ကုန်၊ ဧပြီ ၂၉




[illegible]

လှိုင်သာယာမြို့နယ်အတွင်း အငှားယာဉ်တစ်စီးဖြင့် လှည့်လည်၍ ခါးပိုက်နှိုက်မှု၊ လုယက်မှုများ အကြိမ်ကြိမ် ကျူးလွန်နေသည့်ဂိုဏ်းအဖွဲ့မှ အမျိုးသား လေးဦးကို ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူများမှာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင်နေထိုင်သူ စီတုံး(ခ) အောင်ကျော်ဆန်း၊ လှိုင်သာယာမြို့နယ်တွင် နေထိုင်သည့် ဆံရှည်(ခ)မောင်ထွေး၊ ခိုင်ဇော်ထွန်း(ခ)နောင်နောင် ၊ ကုလားကြီး(ခ) ထွန်းဇော်နိုင်တို့ဖြစ်ပြီး ၎င်းတို့အဖွဲ့မှာ ပရိဘောဂအငှားယာဉ်တစ်စီးဖြင့် လှိုင်သာယာမြို့နယ်အတွင်း ခါးပိုက်နှိုက်မှု၊ လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

"သူတို့အဖွဲ့က ပေါင်းခြောက်ယောက်၊ လက်ရှိ လေးယောက်တော့ မိထားတယ်၊ ပရိဘောဂအငှားကားတစ်စီးကို လိုက်လုနေတာ၊ ပြီးတော့ လိုင်းကားတွေပေါ်မှာလည်း ခါးပိုက်နှိုက်မှုတွေ ကျူးလွန်ခဲ့တယ်၊ သက်သေခံပစ္စည်းအချို့ကို သိမ်းဆည်းထားပါပြီ" ဟု လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိ တစ်ဦးက ပြောသည်။

အဆိုပါဂိုဏ်းအဖွဲ့မှ ကုလားကြီး (ခ) ထွန်းဇော်ကို လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဝန်ထမ်းကြီးများအိမ်ရာ၊ ကမ်းပတ်လမ်းတွင် ချိန်းတွေ့နေသည့် ချစ်သူစုံတွဲထံမှ ရွှေ၊ ငွေနှင့် လက်ကိုင်ဖုန်းများ လုယက်မှုနှင့်ပတ်သက်ပြီး ဧပြီလ ၁၀ ရက်နေ့က ၎င်းကိုရဲတပ်ဖွဲ့က လှိုင်သာယာမြို့နယ်တွင် စတင်ဖမ်းမိခဲ့သည်။

၎င်းကို ဆက်လက်စစ်ဆေးရာမှ ဂိုဏ်းအဖွဲ့တွင်ပါဝင်သည့် သုံးဦးကို ထပ်မံဖမ်းမိခဲ့ပြီး ငြိမ်းချမ်းနှင့် ကျော်စွာမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့မှာ လှိုင်သာယာမြို့နယ်ရှိ ဝန်ထမ်းကြီးများအိမ်ရာ၊ အနော်ရထာလမ်းနှင့် ရွှေလင်ပန်းစက်မှုဇုန်၊ တပင်ရွှေထီးလမ်းတို့တွင် လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ပြီး ဒဂုံ-ရွာအဝေးပြေးဝင်းမှ စံပြဈေးသို့ ပြေးဆွဲနေသော YBS ယာဉ်လိုင်းပေါ်တွင် လိုက်ပါလာသည့် ခရီးသည်များ၏ လက်ကိုင်ဖုန်းများ ခိုးယူခဲ့သည့် ပြစ်မှုများကိုပါ စစ်ဆေးပေါ်ပေါက်ခဲ့သောကြောင့် လှိုင်သာယာမြို့မရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ-၃၈၂/၁၁၄ ဖြင့် အမှုဖွင့်အရေးယူ စုံစမ်းစစ်ဆေးနေသည်။

■ S-03

# သပိတ်ကျင်းတွင် နေအိမ်ကျူးကျော်၍ အမျိုးသမီးကို ပါးစပ်အဝတ်ဖြင့်ပိတ်သူ ဖမ်းဆီးခံရ

သပိတ်ကျင်း၊ ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် တွင်းငယ်တိုက်နယ်တောင်ဘက် စပ္ပာယ်နဂိုရ်ကျေးရွာအုပ်စု စပ္ပါယ်နဂိုရ်ကျေးရွာရှိ အမျိုးသမီးတစ်ဦး၏နေအိမ်ကို ကျူးကျော်သည့်အမျိုးသားတစ်ဦးဖမ်းဆီးခံရကြောင်း စပ္ပါယ်နဂိုရ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောကြားသည်။

ကျေးရွာနေအိမ် အိပ်ခန်းနှင့် တွဲလျက် မီးဖိုချောင်အတွင်း ဧပြီလ ၂၈ ရက်နေ့ နံနက် ၃ နာရီခန့်က ဈေးရောင်းရန် ပြင်ဆင်နေသော မခင်မျိုးခိုင်၏ နေအိမ်သို့ တစ်ရွာတည်းနေသူ ပြည့်ဖြိုးမောင်က ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"ဈေးရောင်းဖို့ ကောက်ညှင်းပေါင်း အိုးတည်နေတဲ့အချိန် နောက်က လူဝင်လာသံကြားလို့ လှည့်ကြည့်တဲ့အချိန် ပြည့်ဖြိုးမောင်က ပါးစပ်ကို အဝတ်စနဲ့ပိတ်ပြီး သိုင်းဖက်ခဲ့တာပါ" ဟု တိုင်တန်းခဲ့သူ ကာယကံရှင် မခင်မျိုးခိုင်က ဆိုသည်။

ယင်းသို့ အဝတ်ဖြင့် ပါးစပ်ပိတ်သိုင်းဖက်ခဲ့စဉ် ရုန်းကန်ရာတွင် ပါးစပ်အဝတ်စလွတ်သွားချိန်တွင် ဖခင်နှင့် မောင်ဖြစ်သူတို့ကိုအော်ဟစ်အကူအညီတောင်းခံခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"သမီးက အဖေ အဖေလို့အော်လိုက်တဲ့အချိန်သား၊ မိန်းမနဲ့ ကျွန်တော်လည်းနိုးပြီး မီးဖိုချောင်အခန်းမှာ ဒီကောင်ကို ဖမ်းဆီးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးကို ခေါ်အပ်ခဲ့တာပါ" ဟုဖခင်ဖြစ်သူဦးသောင်းမင်းက ဆိုသည်။

အဆိုပါ နေအိမ်သို့ကျူးကျော်ဝင်ရောက်ခဲ့သူ ပြည့်ဖြိုးမောင် အသက် ၂၇ ကို (ပ)၉၆/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၄၅၆/၃၅၃ ဖြင့်အမှုဖွင့်၍ ဧပြီလ ၂၉ ရက်နေ့ နံနက်က ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သပိတ်ကျင်းမြို့မရဲစခန်း ရဲအုပ်မြတ်ကျော်ဦးက ပြောကြားသည်။

R-05

# ဓာတ်မီးပျောက်၍ ဆဲဆိုမှုကြောင့် လူတစ်ဦး ဓားဖြင့် ခုတ်သတ်ခံရ

တောင်ငူ၊ ဧပြီ ၂၉

နေပြည်တော် ကောင်စီ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု နှမ်းခင်းကြီး ကျေးရွာ နေပြည်တော်-တပ်ကုန်း အမှတ် ၁ လမ်းမကြီးဘေး ပုဂ္ဂလိကကျွန်းစိုက်ခင်းတစ်ခုတွင် ဧပြီ ၂၈ရက် ညပိုင်းက ဓာတ်မီးပျောက်မှုနှင့် ပတ်သက်၍ အသက် ၆၀အရွယ် အမျိုးသားကြီး တစ်ဦးကို မြက်ခုတ်ဓားဖြင့် ခုတ်သတ်ခဲ့ကြောင်း ဘုရားကုန်းနယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျွန်းစိုက်ခင်း ခြံစောင့်လုပ်သား ဦးကျော်ရှိန်( ၆၀နှစ်)က အရက်သောက်နေပြီး ဓာတ်မီးပျောက်သည့် ကိစ္စနှင့် ပတ်သက်၍ တစ်ခြံတည်းနေသူများကို မကျေနပ်ကြောင်းပြောကာ ဆဲဆိုခဲ့ကြောင်း၊ ယင်းနောက် အိပ်နေသူ ဦးကျော်ကျော်(ခ) ကျော်ကြီး( ၄၁ နှစ်)က အိပ်ရာမှထကာ ၂ ပေခွဲခန့်ရှိသော မြက်ခုတ်ဓားဖြင့် နောက်မှ လွဲခုတ်ခဲ့သဖြင့် ဦးကျော်ရှိန်မှာ နောက်စေ့တွင် ပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် သေဆုံးခဲ့ကြောင်း၊ ကျူးလွန်သူကို ဖမ်းမိထားပြီး ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ယင်းနယ်မြေရဲစခန်းထံမှ သိရသည်

■ R-15

# မှုခင်းသတင်းတိုများ

■ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန် ရပ်ကွက်၊ စက်မှုဇုန်ဘူတာအနီးတွင် ဧပြီလ ၂၈ ရက် ညပိုင်းက အရက် သေစာသောက်စား မူးယစ်ပြီး ရထားသံလမ်းပေါ်ခြေထောက်တင်အိပ်နေပျော်နေသော အသက် ၃၀ ဝန်းအရွယ်အမျိုးသားတစ်ဦး ညာခြေထောက် ခြေချောင်းများရထားကြိတ်ခံရပြီး အင်းစိန်ဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။

■ရန်ကင်းမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ ဓမ္မာရုံလမ်းသွယ်ရှိ နေအိမ်တစ်လုံးတွင် ဧပြီလ ၂၇ ရက် ညပိုင်း က အ သက် ၄၀ နှစ်မှ ၆၀ နှစ်အတွင်း အမျိုးသမီး သုံးဦးကို လောင်းကြေးငွေများနှင့်အတူ ဖဲလောင်းကစားနေစဉ် ဖမ်းဆီးရရှိခဲ့သဖြင့် ရန်ကင်းမြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။

■ သဃ်္န်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်းအတိုင်း ရန်ကင်းမြို့နယ်ဘက်မှ သဃ်္န်းကျွန်းမြို့နယ်ဘက် (အနောက် မှအရှေ့)သို့ မောင်းနှင်လာသော ဟွန်ဒိုင်းကောင်တီ(အပြာရောင်) ကိုယ်ပိုင်ယာဉ်သည် ဇောတိကလမ်းထိပ်အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘေးတွင်ရပ်ထားသော ယာဉ် ၅ စီး၊ ကွမ်းယာဆိုင်တစ်ဆိုင်တို့ကို ဆင့်တိုက်ခဲ့ပြီး လမ်းဘေးရပ်နေသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးပေါက်ပြဲ၊ ပွန်းပဲ့ဒဏ်ရာ ထိခိုက်ဒဏ်ရာရရှိခဲ့ဖြင့် မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအမျိုးသားကို သဃ်္န်းကျွန်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၃၈/၂၇၉ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။

■ လှိုင်သာယာမြို့နယ်၊ အတွင်းပဒံကျေးရွာ၊ မြအေးကြည်(၃)လမ်းနှင့် ပေ ၂၀ လမ်းကြားရှိ အမှိုက်ပုံတွင် ဧပြီလ ၂၇ ၇က် ညပိုင်းက အနက်ရောင်အရပ်သားစီး လည်ရှည်ဖိနပ်တစ်ရန်အတွင်းမှ ၉ မမ ကျည်ဆန်ဟောင်း ၁၁ တောင့် ကို တွေ့ရှိခဲ့ပြီး နယ်မြေခံ ခမရ(၅၃၂)တပ်ထံသို့ အပ်နှံခဲ့ကြောင်း လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၈)ရပ်ကွက်၊ ကွမ်းအပ်သားမင်းသားကြီးလမ်းအတိုင်း၊ (၈၉) လမ်းဆုံဘက်မှ ရွာဝဏ်လမ်းဆုံဘက် (တောင်မှမြောက်) သို့ မောင်းနှင်လာသော YBS (၇၈)၊အစိမ်း(ဒိုင်နာ)ယာဉ်သည် လမ်းကွေ့မှတ်တိုင်အနီးတွင် ဧပြီလ ၂၆ ရက် ညနေပိုင်းက အရှိန်မထိန်းနိုင်ပဲ လမ်းညာဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ အသက် ၇ နှစ်မှ ၆၅ နှစ်ကြားရှိ ယာဉ်ပေါ်ပါခရီးသည် ၁၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ အမျိုးသားကို ရာဇသတ်ကြီးပုဒ်မ ၃၃၈/၂၇၉/၂၀၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။

J 16

# လှိုင်သာယာတွင် သေနတ်ကိုင် ရမ်းကားသူကို ဖမ်းမိ

ရန်ကုန်၊ ဧပြီ ၂၉

လှိုင်သာယာမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ မဟာဗန္ဓုလလမ်းရှိ နေအိမ်တစ်လုံးတွင် ပစ္စတိုသေနတ် ကိုင်ဆောင်ပြီး ရမ်းကားနေသည့် အမျိုးသားတစ်ဦးကို ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိခဲ့သူ အသက် ၄၂ နှစ်အရွယ် အမျိုးသားမှာ ဧပြီလ ၂၆ ရက် ည ၈ နာရီက ၎င်း၏ မိသားစုဝင်များနှင့် စကားများရာမှ နေအိမ်အပေါ်ထပ်တွင် ၉ မမ ပစ္စတိုသေနတ်တစ်လက်ကို ကိုင်ဆောင်ပြီး ရမ်းကားခဲ့သောကြောင့် ရဲတပ်ဖွဲ့က ဝင်ရောက်ဖမ်းဆီးစဉ် ၎င်းထံမှ သေနတ်နှင့်အတူ ကျည်မပါသည့် ကျည်အိမ်တစ်ခုကို သိမ်းဆည်းရမိခဲ့သည်။

"ဖမ်းမိသူက ရွှေတြိဂံနယ်မြေမှာနေတဲ့သူ၊ မိသားစုထံ အလည်ပြန်လာချိန် သေနတ်ယူလာတာ၊ စကားများချိန် ပါလာတဲ့သေနတ်ထုတ်ပြီး ရမ်းကားနေလို့ ပတ်ဝန်းကျင်က ရဲတပ်ဖွဲ့ထံ ဖုန်းဆက်တိုင်ကြားခဲ့တာပါ၊ လိုင်စင်မရှိဘဲ သေနတ်ကိုင်ဆောင်တဲ့သူ့ကို အရေးယူထားတယ်" ဟု လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောသည်။

သေနတ်ကိုင် ရမ်းကားခဲ့သည့် အမျိုးသားကို လှိုင်သာယာမြို့မရဲစခန်းက (ပ)၁၄၅၈/ ၁၇ ၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ) ဖြင့် အမှုဖွင့်အရေးယူစစ်ဆေးနေကြောင်း မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

■ S-03

# ဆန်ကြမ်းဈေးတက်

**ရန်ကုန်၊ ဧပြီ ၂၉**

ပြည်ပနိုင်ငံများမှ အဝယ်လိုက်သည့်အပြင် သင်္ကြန်ကာလအတွင်းက အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဆန်ကြမ်းဈေးနှုန်းများမှာ တစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ ခန့်အထိ ဈေးမြင့်တက်လာကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

"သင်္ကြန်အပြီး နွေစပါးကုန်ခါစဆိုတော့ ဆန်ဈေးကပြန်တက်လာတယ်။ တရုတ်နိုင်ငံကို ဆန်တင်ပို့မှုကလည်း များတဲ့အပြင် သင်္ကြန်မတိုင်ခင် သီရိလင်္ကာဈေးကလည်း ဆန်ဆွဲတဲ့အတွက် ပြည်ပတင်ပို့မှု တက်လာတာပါတယ်။ သင်္ကြန်ရက်ကလည်း အချိန်အခါမဟုတ် မိုးရွာတဲ့အတွက် ဆန်ကြမ်းဈေးတက်တာပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုးထွန်းက ပြောကြားသည်။

သင်္ကြန်ကာလအတွင်းက အချိန်အခါမဟုတ် မိုးရွာသည့်အတွက် ရိတ်သိမ်းခါနီးစပါးများ မိုးရေစိုကာ အခြောက်ခံသည့်စက်များလည်း မရှိသည့်အတွက် ကတ္တရာလမ်းများပေါ်တွင် အခြောက်ခံရသောကြောင့် အရည်အသွေးကျဆင်းကာ ဆန်ထွက်အားနည်းခြင်းတို့လည်း ပါဝင်ကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

ဧည့်မထမိုးဆန်တစ်အိတ်လျှင် ကျပ် ၁၈၅၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၊ နွေသီးထပ်ရှယ်တစ်အိတ်လျှင် ကျပ် ၁၉၂၀၀ နှင့် နွေဆန် ရက် ၉၀ တစ်အိတ်လျှင် ကျပ် ၂၁၀၀၀ အထိရှိပြီး ဆန်ကြမ်းဈေးနှုန်းများမှာ ယခုရက်ပိုင်းအတွင်း တစ်အိတ်လျှင် ပျမ်းမျှ ကျပ် ၁၀၀၀ ခန့်စီ မြင့်တက်သွားကြောင်း ဝါးတန်းလမ်းကုန်စည်ဒိုင်ထံမှ သိရသည်။

■ J-11



Photo by UMFCCI FB Page

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်ရန် ဂျပန်လုပ်ငန်းရှင်များနှင့် MoU ရေးထိုး

**ရန်ကုန်၊ ဧပြီ ၂၉**

ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး စီးပွားရေးမြို့ဖြစ်သည့် အိုဆာကာမြို့သို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များ သွားရောက်ကာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်နိုင်ရန်အတွက် ဧပြီလ ၂၈ ရက်နေ့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

အိုဆာကာမှ စီးပွားရေးလုပ်ငန်းရှင်များကို မြန်မာနိုင်ငံအတွင်းရှိ သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကာ ပူးပေါင်းထောက်ပံ့ကူညီမှုပေးနိုင်ရန်အတွက် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အိုဆာကာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr.Hiroshi Ozaki နှင့် Myanmar Japan Thilawa Development Ltd. ဥက္ကဋ္ဌ Mr. Takashi Yanai တို့ MoU ရေးထိုးခဲ့ခြင်း ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း အိုဆာကာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များပူးပေါင်းကာ Myanmar Business Promotion Seminar ကျင်းပခဲ့ကာ ဂျပန်လုပ်ငန်းရှင်များကို မြန်မာနိုင်ငံရှိ စီးပွားရေးအခွင့်အလမ်းများ ရှင်းပြခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမှု အတွေ့အကြုံများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

■ J-11

## NEWS IN BRIEF

### Sony ထုတ်ကုန်သစ်များ Alpha Festival 2017 တွင် ပြသ

**ရန်ကုန်၊ ဧပြီ ၂၉**

Sony က ဒစ်ဂျစ်တယ်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးဆိုင်ရာ ကုန်အသစ်များကို 'Alpha Festival 2017' တွင် ပြသလျက်ရှိကြောင်း ယင်းကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါပြပွဲကို ဧပြီလ ၂၈ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ မြန်မာပလာဇာတွင်ပြသလျက်ရှိပြီး ယင်းကာလအတွင်း နောက်ဆုံးပေါ်ကင်မရာများမှ Sony ၏ ဆုရရှိထားသည့် မှန်မဲ့ဒစ်ဂျစ်တယ်ကင်မရာများနှင့် အမျိုးအစားအသစ် မှန်ဘီလူးများကို ပြသလျက်ရှိကြောင်း Sony ထံမှ သိရသည်။■J-12

# ရောဝတီလင်းပိုင်တစ်ကောင် ဒဏ်ရာများဖြင့်သေဆုံး

**မန္တလေး၊ ဧပြီ ၂၉**

မန္တလေးတိုင်း စဉ့်ကူးမြို့နယ်အတွင်းရှိ မြစ်ကမ်းကြီးကျေးရွာအနီး ရောဝတီလင်းပိုင်တစ်ကောင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ဧပြီလ ၂၈ ရက်နေ့က တွေ့ရှိခဲ့ကြောင်း ကျေးရွာခြောက်ခု အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လေးက ပြောကြားသည်။

"၂၀၁၆ ခုနှစ် ဩဂုတ်လနဲ့ စက်တင်ဘာလနဲ့ နိုဝင်ဘာလတွေမှာလည်း လင်းပိုင်တစ်ကောင်စီ သေဆုံးခဲ့တာ တွေ့ရတယ်" ဟု ၎င်းက ပြောဆိုသည်။

ယခုရက်ပိုင်းအတွင်း မြစ်ကမ်းကြီးကျေးရွာအနီးတွင် ရောဝတီလင်းပိုင်တစ်ကောင် အမြီးပြတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း အတည်ပြုပြောကြားသည်။

ရောဝတီမြစ်ရိုးတစ်လျှောက်ရှိ မန္တလေးမြို့၊ နန်းတော်ကျွန်းကျေးရွာအနီးမှ စစ်ကိုင်းတိုင်း ကျောက်မြောင်းမြို့ ရေတော်ဘုရားအထိကို ရောဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက သတ်မှတ်ခဲ့ပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့က ဒေသခံကျေးရွာလူထုနှင့် ပူးပေါင်း လုပ်ဆောင်နေခြင်းဖြစ်သည်။

■ M-05




ဓာတ်ပုံ - ရဲပြည့်ဇာနည်

# ကန်တော်ကြီးပန်းခြံရှိ ကန်ပတ်လမ်းတံတား ယခုနှစ်အတွင်း အကြီးစားပြုပြင်မည်

**ရန်ကုန်၊ ဧပြီ ၂၉**

ရန်ကုန်မြို့တော်၏ အထင်ကရနေရာတစ်ခုဖြစ်သာ ကန်တော်ကြီးပန်းခြံရှိ ကန်ပတ်လမ်းတံတားတစ်စင်းလုံးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကြီးစားပြုပြင်မည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနထံမှ သိရသည်။

အဆိုပါကန်ပတ်လမ်းတံတားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဌာန (အင်ဂျင်နီယာ) နှင့်ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနတို့ပူးပေါင်းကာ အကြီးစားပြုပြင်မည်ဖြစ်ကြောင်း ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန ဌာနမှူး ဦးကိုကိုလင်းက ပြောကြားသည်။

"ဒီတံတား ပြုပြင်တည်ဆောက်ဖို့ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနက (ကျပ်) သိန်း ၅၄၀၀ သုံးမယ်။ တံတားတည်ဆောက်မှုစရိတ်ကိုတော့ လမ်းတံတားဌာနက ထုတ်ပါမယ်။ လမ်းတံတားဌာနက တံတားဒီဇိုင်းကို ရေးဆွဲနေပါတယ်" ဟု ၎င်းကရှင်းပြသည်။

ကန်တော်ကြီးပန်းခြံအတွင်းရှိ အဆိုပါတံတားကို ၂၀၀၄ ခုနှစ်ခန့်က စတင်တည်ဆောက်ခဲ့ရာ တံတားအရှည် ၆၉၆၅ ပေခန့်ရှိပြီး ၂၀၀၅ ခုနှစ်က ပေ ၁၀၂၅၊ ၂၀၁၆ ခုနှစ်တွင် ပေ ၈၆၀ ခန့် အကြီးစားပြင်ဆင်ခဲ့ဖူးကြောင်း မြို့တော်စည်ပင်မှတ်တမ်းများအရ သိရသည်။

ရန်ကုန်မြို့တော်တွင် နေထိုင်သူများ ကျန်းမာရေးအတွက် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်နိုင်သည့် ယင်းကန်ပတ်လမ်းတံတား ဆင့်တန်းများ ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက ပြိုကျခဲ့ဖူးရာက လက်ရှိအချိန်တွင်လည်း တံတား၏ အချို့နေရာများ ခိုင်ခံ့မှုမရှိတော့ကြောင်း ယင်းပန်းခြံအတွင်း အပန်းဖြေအနားယူနေသူ အချို့ထံမှ သိရသည်။

"အခုဆို လမ်းလျှောက်တဲ့သူတွေ ကျွံကျတာမျိုး မကြာခဏတွေ့လာရတယ်။ သစ်သားတွေမညီတော့ ခလုတ်တိုက်တာမျိုးလည်း ရှိတယ်။ ဒီဇိုင်းရေးဆွဲပြီး တံတားတစ်စင်းလုံးကို အကြီးစားပြုပြင်မယ်ဆိုတော့ လေ့ကျင့်ခန်းလုပ်တဲ့သူတွေ၊ လမ်းလျှောက်သူတွေအတွက် ဝမ်းသာစရာပါ" ဟု ကန်ပတ်လမ်းတံတားတွင် နေ့စဉ်လေ့ကျင့်ခန်းလုပ်နေသည့် သာကေတမြို့နယ်မှ မသီတာအေးက ပြောဆိုသည်။

■ J-10

# စမ်းချောင်းနှင့် မင်္ဂလာတောင်ညွန့်တွင် လေလွင့်ခွေး စစ်တမ်းကောက်မည်

**ရန်ကုန်၊ ဧပြီ ၂၉**

စမ်းချောင်းနှင့် မင်္ဂလာတောင်မြို့နယ်တို့၌ ယခုနှစ်လယ်ပိုင်းကစ၍ လေလွင့်ခွေးစစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနထံမှ သိရသည်။

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အမေရိကန်သံအမတ်ကြီး၏ဇနီး လှူဒါန်းမှုဖြင့် လေလွင့်ခွေးစစ်တမ်းကောက်ယူရေးနှင့် ခွေးရူးရောဂါကင်းစင်ရေးစီမံချက်နှင့်ပတ်သက်၍ မြို့တော်စည်ပင်က ယင်းသို့စီစဉ်ထားခြင်း ဖြစ်သည်။

အဆိုပါအစီအစဉ်အရ စမ်းချောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့တွင် ဦးစားပေးပြုလုပ်မည်ဖြစ်ပြီး ကနဦးအနေနှင့် လေလွင့်ခွေးများကို စစ်တမ်းကောက်ယူကာ ယင်းမြို့နယ်များရှိ ခွေးကောင်ရေအလိုက် ခွေးရူးရောဂါကာကွယ်ဆေးများ ထိုးနှံခြင်းနှင့် သားဆက်ခြား ကုသနည်းတို့ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"အမေရိကန်သံအမတ်ကြီးရဲ့ဇနီး မစ္စမစ်ချယ် မြန်မာပြည်ရောက်မှ အသေးစိတ် ညှိနှိုင်းရမယ်။ အရင်ပြောထားတဲ့ သဘောတူညီချက်အရဆိုရင် နှစ်လယ်ပိုင်းမှာစပြီး လုပ်ဖြစ်မှာပါ" ဟု ၎င်းက ပြောဆိုသည်။

ယင်းစီမံချက်ကို ၂၀၁၇ မှ ၂၀၁၉ ခုနှစ်အထိ ၂နှစ်ဆက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီ၏ ညွှန်ကြားချက်ဖြင့် ယခင်ဘဏ္ဍာနှစ်ကလည်း လမ်းမတော်နှင့် လသာမြို့နယ်တို့တွင် လေလွင့်ခွေးများ မျိုးပွားမှုထိန်းချုပ်ရေးအတွက် ခွေးမများကို သန္ဓေတားဆေးထိုးနှံခြင်းနှင့် ခွေးထီးများကို သင်းကွပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်လည်း မြို့နယ်အချို့တွင် ယင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ယင်းဌာနထံမှ ထပ်မံသိရသည်။

မစ္စမစ်ချယ်အနေနှင့် ရန်ကုန်အပါအဝင် နေပြည်တော်နှင့် မန္တလေးကဲ့သို့သော မြို့ကြီးများတွင် ခွေးကောင် ၁၂၀ ခန့်ကို ခွဲစိတ်ကုသနိုင်သော အဆင့်မြင့်တိရစ္ဆာန်ဆေးရုံများကို နှစ်အလိုက်ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း၊ ဆေးရုံများ၏ အဆောက်အအုံကို စတုရန်းပေ ၂၅၀ ကျယ်ဝန်းသောပုံသဏ္ဌာန်ဖြင့် တစ်ပြေးညီတည်ဆောက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီထံမှလည်း သိရသည်။

"ခွေးရူးရောဂါပျံ့နှံ့မှုက ကြောက်စရာကောင်းတယ်၊ အထူးသဖြင့် ပူပြင်းတဲ့ရာသီတွေမှာပေါ့။ အိမ်နီးချင်း ထိုင်းနိုင်ငံက မြို့ကြီးတွေမှာတောင် လေလွင့်ခွေး ပြန့်ပွားမှုနှုန်းနဲ့ ခွေးရူးရောဂါမဖြစ်အောင် ထိန်းနိုင်တယ်၊ အစိုးရဘတ်ဂျက်တော့ ကုန်တာပေါ့၊ ဒီမှာလည်း အဆင့်မီတိရစ္ဆာန်ရောဂါကုဆေးရုံတွေ တည်ဆောက်နိုင်မယ်ဆိုရင် ကောင်းတယ်" ဟု ရွှေရောင်နှလုံးသားတိရစ္ဆာန် ကယ်ဆယ်ရေးအသင်းမှ ဆရာဝန်တစ်ဦးက မှတ်ချက်ပြုသည်။

ရန်ကုန်မြို့တော်၌ တစ်နှစ်လျှင် လေလွင့်ခွေးပမာဏ သုံးသောင်းနှင့် ငါးသောင်းအကြား တိုးပွားလျက်ရှိပြီး ယခင်ကောက်ယူထားသော စစ်တမ်းများအရ ခွေးကောင်ရေ တစ်သိန်းရှစ်သောင်းနီးပါး ရှိကြောင်း၊ မြောက်ပိုင်းခရိုင်အတွင်းရှိ ရွှေပြည်သာ၊ လှိုင်သာယာတို့တွင် လေလွင့်ခွေး အများဆုံးရှိနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီထံမှ ထပ်မံသိရသည်။

■ J - 17

# ကျိုင်းတုံတွင် အေးခဲအသားရောင်းသူများကို အရေးယူမည်

**ကျိုင်းတုံ၊ ဧပြီ ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် အိမ်နီးချင်းနိုင်ငံများမှ အေးခဲအသားမျိုးစုံ သိုလှောင်ဖြန့်ဖြူး ရောင်းချသူများကို ရှာဖွေဖမ်းဆီးနေပြီး တွေ့ရှိပါက အမှုဖွင့်အရေးယူမည်ဖြစ်ကြောင်း ကျိုင်းတုံခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးကော်မတီဥက္ကဋ္ဌ ဦးနေဦးကပြောကြားသည်။

"စားသုံးရန်မသင့်တဲ့ အေးခဲအသားမျိုးစုံကို ရောင်းချခြင်းမပြုဖို့ အသိပညာပေးပြီးသလို နှစ်ကြိမ်တိုင် ဖမ်းဆီးရှာဖွေခဲ့တယ်၊ လက်ကားရောင်းသူတွေကို ထပ်မံရောင်းဖို့ ဝန်ခံကတိ ရေးထိုးခိုင်းထားပြီးတာကြောင့်စစ်ဆေးတွေ့ရှိရင် သက်ဆိုင်ရာဥပဒေအလိုက် အမှုဖွင့်အရေးယူတော့မှာပါ"ဟုယင်းကော်မတီ အတွင်းရေးမှူး ဦးသန်းစိုးက ရှင်းပြသည်။

အိမ်နီးချင်း တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းလာသော ကြက်သား၊ အသားကင်ပြုလုပ်သည့် အသားမျိုးစုံ အပါအဝင် အခြားအေးခဲအသားမျိုးစုံမှာ ဒေသတွင်း ထုတ်လုပ်ရောင်းချနေသည့် အသားများထက် ဈေးနှုန်းချိုသာသဖြင့် စားသုံးသူများပြားကြောင်း၊ အေးခဲအသားများမှာ စားသုံးရန်မသင့်ပါက နယ်စပ်ဝင်ပေါက်များတွင် စစ်ဆေးအရေးယူသင့်ကြောင်း ကျိုင်းတုံမြို့ဒေသခံများက ပြောကြားသည်။

ကျိုင်းတုံမြို့တွင် ၂၀၁၆ ခုနှစ်မှ စတင်ကာ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးကော်မတီကို ဖွဲ့စည်းထားပြီး ဈေးကွက်များအတွင်း စားသုံးရန် မသင့်သည့် စားသောက်ကုန်နှင့် ဆေးဝါးမျိုးစုံတို့ရောင်းချခြင်း မရှိရန် အသိပညာပေးပြီး ရှာဖွေဖမ်းဆီးနေရာ ဧပြီလ ၂၅ရက်နေ့က ၃၁ သိန်းကျော်ဖိုးရှိ အေးခဲအသား ကီလို ၁၀၀၀ ခန့်ကို သိမ်းဆည်းရမိသဖြင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးခဲ့သည်။ R-16


ဓာတ်ပုံ - ရန်နိုင်

ဧပြီ ၂၅ရက်ကအေးခဲအသားများကိုရှာဖွေဖမ်းဆီး၍ မီးရှို့ဖျက်ဆီးနေစဉ်

# အခွန်အထောက်အထားမပြနိုင်သော SME လုပ်ငန်းများကို ချေးငွေမပေး

ရန်ကုန်၊ ဧပြီ ၂၉

တစ်နှစ်အတွင်း အခွန်ဆောင်ထားသည့် အထောက်အထားမပြနိုင်ပါကယင်း အသေးစား အလတ်စားလုပ်ငန်း (SME) များကို ဘဏ်များက ချေးငွေထုတ်ပေးမည်မဟုတ်ကြောင်း စက်မှုဝန်ကြီးဌာနထံမှ သိရသည်။

အချို့သော SME လုပ်ငန်းများမှာ လုပ်ငန်းအမှန်တကယ်မလုပ်ဘဲ လုပ်ငန်းလိုင်စင်ပြကာ ငွေယူပြီး ပြန်မဆပ်သည့် အနေအထားတွင်ရှိကြောင်း၊ ဝင်ငွေထွက်ငွေစာရင်းများနှင့် အခွန်အထောက်အထားများကို စိစစ်ပြီး သေချာမှငွေထုတ်ချေးကြောင်း ယင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောကြားသည်။

"တချို့ SME လုပ်ငန်းတွေဆိုရင် အခွန်ရှုံးသွားပြီး ကြိုတင်ခွန် သုံးသောင်း၊ လေးသောင်းဆောင်တယ်။ လုပ်ငန်းလည်ပတ်တဲ့ အချိန်ကျရင်လည်း အခွန်ပုံမှန်ဆောင်တယ်။ ဒီလိုလုပ်ငန်းမျိုးတွေကို ဝန်ကြီးဌာနက ထောက်ခံပေးတယ်။ ဘဏ်က ငွေချေးဖို့ စိစစ်တယ်" ဟု ၎င်းက ဆိုသည်။

အသေးစား အလတ်စားလုပ်ငန်းများမှာ လုပ်ငန်းလည်ပတ်မှု အားမကောင်းသဖြင့် အခွန်ပုံမှန်မဆောင်နိုင်သူများ ရှိသကဲ့သို့ အခွန်ဆောင်နိုင်လောက်အောင် အမြတ်မရသဖြင့် လုပ်ငန်းလိုင်စင် မလုပ်သူများလည်းရှိကြောင်း၊ လက်ရှိတွင် အခွန်မဆောင်သူများမှာ ချေးငွေမရသည့် အခြေအနေများ ရှိသောကြောင့် အစိုးရထံ ပွင့်ပွင့်လင်းလင်း ပြောကြားသင့်ကြောင်း ပို့ကုန် သွင်းကုန်လုပ်ငန်းရှင် ဒေါက်တာ စိုးထွန်းက ပြောကြားသည်။

"အရင်က လုပ်ငန်းလိုင်စင်တစ်ခုတည်းနဲ့ ချေးငွေရတဲ့အနေအထားကနေ အခွန်ဆောင်တဲ့ဟာတွေတောင်းတော့ SME လုပ်ငန်းအများစု ချေးငွေမရတာတွေရှိတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိတွင် အစိုးရက ကျပ် ၃၅ ဘီလီယံနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ပြည်တွင်းဘဏ် ခြောက်ခုမှတစ်ဆင့် ကျပ် ၃၀ ဘီလီယံကို SME လုပ်ငန်းများသို့ ချေးပေးထားကြောင်း စက်မှုဝန်ကြီးဌာနထံမှ သိရသည်။

ချေးငွေရရှိလိုသော အသေးစား အလတ်စားလုပ်ငန်းရှင်များသည် စက်မှုဝန်ကြီးဌာန၊ အသေးစား အလတ်စားလုပ်ငန်း ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသူများ ဖြစ်ရမည်ဖြစ်ပြီး အပေါင်ပစ္စည်းတင်ပြနိုင်ပါက တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ချေးယူနိုင်မည်ဖြစ်သည်။

■ J-13



ဓာတ်ပုံ - နေလင်း

Pro 1 အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့် မန္တလေးတိုင်း နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဒုတိယဗိုလ်မှူးကြီး မျိုးမင်းအောင် ၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် Pro 1 စင်တာမှ တာဝန်ရှိသူများကို တွေ့ရစဉ်။

# မန္တလေးမြို့တွင် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်ခွဲ ထပ်ဖွင့်

မန္တလေး၊ ဧပြီ ၂၉

ဆောက်လုပ်ရေးလုပ်ငန်းသုံး အိမ်ဆောက်ပစ္စည်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်း မျိုးစုံရရှိနိုင်မည့် Pro 1 အရောင်းစင်တာ အရောင်းဆိုင်ခွဲကို မန္တလေးမြို့တွင် ထပ်မံဖွင့်လှစ်ခဲ့သည်။

မန္တလေးမြို့၏ ဒုတိယမြောက်ဆိုင်ခွဲဖြစ်သည့် အဆိုပါအရောင်းစင်တာကို ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းက အကွက်အမှတ် ၄၈၉၊ မြို့ဟောင်းဈေးအနီး တမ္ပဝတီရပ်ကွက် ၊ ချမ်းမြသာစည်မြို့နယ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

Pro 1 စင်တာများကို ၂၀၁၃ ခုနှစ်ကစ၍ ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ရာ ယခုဖွင့်လှစ်သည့် မန္တလေးမြို့ရှိ ဆိုင်ခွဲသည် ပဉ္စမမြောက်ဆိုင်ခွဲဖြစ်ကြောင်း ယခုစင်တာတွင် ဒေသခံဝန်ထမ်း ၃၀၀ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ယင်းအပြင် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ပေးခဲ့ပြီး တမ္ပဝတီမီးသတ်ဌာနအတွက်လည်း မီးငြိမ်းသတ်ယာဉ်တစ်စီး လှူဒါန်းခဲ့ကြောင်း Pro 1 စင်တာ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးထွေးက ပြောကြားသည်။

အိမ်စတင်ဆောက်လုပ်မည့်အချိန်မှ ပြီးဆုံးချိန်ထိ လိုအပ်သောပစ္စည်းများကို တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည့်အပြင် အိမ်တွင်းအလှဆင် ပစ္စည်းများနှင့် အခြားအိမ်ဆောက်ပစ္စည်းမျိုးစုံကိုလည်း Pro 1 Home Center တွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

■ M-03

## NEWS PHOTO



ဓာတ်ပုံ - ရန်နိုင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် မြို့နယ်ကြက်ခြေနီအသင်းခွဲ ရန်ပုံငွေရှာဖွေမှုကို ဧပြီ၂၉ရက် နံနက်ပိုင်းမှစတင်ကာ ရပ်ကွက်များအတွင်းနှင့် ဈေးများအတွင်း ပြုလုပ်ခဲ့ရာ ကျိုင်းတုံနှင့် တာချီလိတ် ကိုယ်စားပြု Miss Universe Myanmar အလှမယ်များ ပူးပေါင်းပါဝင်ခဲ့သည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကူညီဆောင်ရွက်ရန်နှင့် လူမှုကရုဏာ လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ရန်ပုံငွေရှာဖွေပွဲကို သုံးရက် ကျင်းပမည်ဟု သိရသဖြင့် မွန်မြတ်သည့် ရည်ရွယ်ချက်ဖြစ်သည့်အတွက် ပူးပေါင်းပါဝင်ကူညီခဲ့ကြောင်း ကျိုင်းတုံမြို့နယ်ကိုယ်စားပြု Miss Universe Myanmar အလှမယ် မမေရီမြင့်က ပြောကြားသည်။

# အကျဉ်းထောင်များအတွင်းသို့ မူးယစ်ဆေးခိုးသွင်းမှု ခုနစ်ကြိမ်ခန့်ရှိဟုဆို

မန္တလေး၊ ဧပြီ ၂၉

မြန်မာနိုင်ငံအတွင်းရှိ အချို့သော အကျဉ်းထောင်များအတွင်းသို့ မူးယစ်ဆေး ခိုးသွင်းမှုများရှိနေရာ ယခုနှစ် ပထမလေးလအတွင်း ခုနစ်ကြိမ်ခန့်ရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနထံမှ သိရသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မူးယစ်ဆေးခိုးသွင်းမှု ခုနစ်ကြိမ်ခန့်ဖြစ်ပွားခဲ့ရာ ရန်ကုန်မြို့တော်ရှိ အင်းစိန်ထောင်တွင် အများဆုံး ဖြစ်ပွားခဲ့ကြောင်း၊ တရားရုံးထုတ်စစ်ဆေးပြီးအပြန် အကျဉ်းထောင်အတွင်းသို့ ခိုးယူသယ်ဆောင်လာစဉ် ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း အကျဉ်းဦးစီးဌာန လုံခြုံရေးဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးက ပြောကြားသည်။

၎င်းတို့အနေနှင့် မူးယစ်ဆေးဝါးများကို ပါးစပ်အတွင်းနှင့် စအိုအတွင်းကဲ့သို့သော မမြင်နိုင်သည့်နေရာများမှနေ၍ ယူဆောင်လာခြင်းဖြစ်ကြောင်း၊ ယင်းသို့တွေ့ရှိပါက ပြည်ထဲရေးဝန်ကြီးဌာနက ဆက်စပ်ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရပြီး လက်ဝယ်တွေ့ရှိခြင်း ပုဒ်မ ၁၆ (ဂ)၊ သယ်ဆောင်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း ပုဒ်မ ၁၉ (က) စသည်တို့ဖြင့် အကျဉ်းကျခံနေရသူများကို ထပ်မံအရေးယူရကြောင်း ဦးမင်းထွန်းစိုးက ရှင်းပြသည်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင် ၄၆ ခုတွင် အကျဉ်းသား ခုနစ်သောင်းကျော်ရှိရာ အကျဉ်းသားစုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းနှင့် အထက်မှာ မူးယစ်မှုများဖြင့် ကျခံနေရသူများဖြစ်ကြောင်း အကျဉ်းဦးစီးဌာန စာရင်းများအရ သိရသည်။

■ M 05

# ပန်းဆိုးတန်း TOWER တွင် မီးလောင်

**ရန်ကုန်၊ ဧပြီ ၂၉**

ကျောက်တံတားမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ပန်းဆိုးတန်း TOWER တွင် ဧပြီလ ၂၉ ရက် နံနက် ၁၁နာရီခွဲခန့်က အဲယားကွန်းအပူလွန်ကဲရာမှ စတင်မီးလောင်ခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ မီးလောင်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ တိုင်းမီးသတ်ဦးစီးမှူး ဦးကြည်ဝင်းက ဦးစီးပြီး မီးငြိမ်းသတ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ် ၃ စီး၊ အထောက်အကူပြုယာဉ် ၂ စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင် တစ်ရာကျော်က မိနစ် ၂၀ ခန့် အကြာမီးငြိမ်းခဲ့ကြောင်း၊ ယင်းမီးလောင်မှုကြောင့် အသက် ၃၃ နှစ်အရွယ် ကုမ္ပဏီမန်နေဂျာ အမျိုးသမီးကို ကျောက်တံတားမြို့မရဲစခန်းက (ပ)၁၆၃/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

"ကုမ္ပဏီ အစည်းအဝေးရုံးခန်းမှာတပ်ဆင်ထားတဲ့ အဲယားကွန်းအပူလွန်ကဲတာပါ။ အဲယားကွန်းကို မပိတ်ဘဲ အမြဲတမ်းဖွင့်ထားတဲ့အတွက် လောင်ကျွမ်းခြင်းပါ။ ဆုံးရှုံးမှုကတော့ မီးလောင်တဲ့ အဲယားကွန်းတစ်လုံးတည်းပါ၊ မီးသတ်အားနိုင်သွားလို့ အခြားပစ္စည်းတွေ ကူးစက်လောင်ကျွမ်းခဲ့ခြင်းမရှိပါဘူး" ဟု ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်တွင်း မီးလောင်မှု အကြိမ်ပေါင်း ၇၀၀၀ နီးပါးရှိခဲ့ပြီး စုစုပေါင်းဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သန်းပေါင်း ၅ သောင်းနီးပါးရှိကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ထံမှသိရပြီး ရန်ကုန်တိုင်းဒေသကြီးတွင် မတ်လ ၁ ရက်နေ့မှ ၃၁ရက်နေ့အထိ မီးလောင်မှု ၃၇ ကြိမ်တွင် မီးဖိုမီး ၃ ကြိမ်၊ ပေါ့ဆမီး ၁၈ ကြိမ်၊ လျှပ်စစ်မီး ၁၄ ကြိမ်နှင့် မသမာသူရှို့မီး ၂ ကြိမ်ရှိကြောင်း၊ အဆိုပါ မီးလောင်မှုများကြောင့် သေဆုံးသူတစ်ဦးနှင့် ဒဏ်ရာရရှိသူ ၄ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ် ဖွဲ့ထံမှ သိရသည်။

■ J -16



ဓာတ်ပုံ - မြင့်မိုးညို

# ဘက်စုံပညာထူးချွန်လူငယ်များ ငွေဆောင်ကမ်းခြေသို့ရောက်ရှိ

**ပုသိမ်၊ ဧပြီ ၂၉**

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေတွင် ဖွင့်လှစ်ထားသော ဘက်စုံပညာ ထူးချွန်လူငယ် (လူရည်ချွန်) စခန်းသို့ တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများ ဧပြီလ ၂၉ ရက်နေ့က ရောက်ရှိလာကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးထံမှ သိရသည်။

"ငွေဆောင်ကမ်းခြေကိုရောက်လာတာက ကျောင်းသား ၈၈ ယောက်၊ ကျောင်းသူ ၈၈ ယောက်နဲ့ ကြီးကြပ်သူ ဆရာ/ဆရာမ ၁၈ ဦးပါ။ မေ ၁ ရက်နေ့မှာ စခန်းဖွင့်ပွဲလုပ်ပါမယ်။ မေလ ၅ရက်နေ့မှာ ကမ်းခြေကနေ ပြန်လည်ထွက်ခွာမယ်" ဟု ဧရာဝတီတိုင်းပညာရေးမှူး ဦးညွန့်စိုးက ပြောကြားသည်။



Zaw G

ပုသိမ်မြို့သို့ ရောက်ရှိလာသော ဘက်စုံပညာထူးချွန်လူငယ် (လူရည်ချွန်) များကို တွေ့ရစဉ်။

အဆိုပါလူငယ်များ ဧပြီလ ၂၉ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲခန့်က ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့ကို ကြိုဆိုခဲ့သော ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးဖြစ်သည့် ဦးမောင်မောင်မြင့်က ပြောဆိုသည်။

ဘက်စုံပညာထူးချွန်လူငယ် များသည် ဧပြီလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ယခင်က လူရည်ချွန်ဖြစ်ခဲ့သူများနှင့် တွေ့ဆုံမည်ဖြစ်ကာ ယင်းနေ့ညနေပိုင်းတွင် ပညာရေးဆိုင်ရာဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း၊ မေ ၁ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပြီး ဧရာဝတီတိုင်းဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်မည်ဖြစ်ကြောင်း ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းထံမှ သိရသည်။

ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းသို့ ယခုနှစ်တွင် အပန်းဖြေခရီး ရောက်ရှိလာသော ဘက်စုံပညာထူးချွန် လူငယ်များအနက် သုံးထပ်ကွမ်းလူရည်ချွန် ကျောင်းသား ၂၆ ဦး၊ ကျောင်းသူ ၃၀ ဦး၊ နှစ်ထပ်ကွမ်းလူရည်ချွန် ကျောင်းသား ၂၈ ဦး၊ ကျောင်းသူ ၂၀ ဦး၊ ယခုနှစ်မှသာ လူရည်ချွန်အဖြစ် ရွေးချယ်ခံရသည့် ကျောင်းသား ၃၄ ဦး၊ ကျောင်းသူ ၃၈ ဦး ပါဝင်လာကြောင်း ဧရာဝတီတိုင်း ပညာရေးမှူးရုံးမှတ်တမ်းများအရ သိရသည်။

■ R-11

# ပုသိမ်သင်္ကြန်သံချပ်အဖွဲ့နှင့် ယိမ်းအဖွဲ့များကို တိုင်းအစိုးရ ထောက်ပံ့

**ပုသိမ်၊ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျင်းပခဲ့ သင်္ကြန်ပွဲတော်တွင် သံချပ်အဖွဲ့များ၊ ယိမ်းအဖွဲ့များနှင့် ရပ်ကွက်အလိုက် ဆုပေးမဏ္ဍပ်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဧပြီလ ၂၈ရက်က ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းထောက်ပံ့ငွေများကို တိုင်းအစိုးရအဖွဲ့ ကိုယ်စား စည်ပင်ဝန်ကြီးက သံချပ်အဖွဲ့ ၉ ဖွဲ့၊ ယိမ်းအဖွဲ့ ၂၂ဖွဲ့နှင့် ဆုပေးမဏ္ဍပ် ၈ ခုကို ထောက်ပံ့ခဲ့ကြောင်း၊ သံချပ်အသင်း တစ်သင်းလျှင် ကျပ် ၇သိန်း၊ ရပ်ကွက်အလိုက် ဆုပေးမဏ္ဍပ် တစ်ခုလျှင် ကျပ် ၇သိန်း၊ အငယ်တန်းယိမ်းတစ်ဖွဲ့လျှင် ငွေကျပ် ၁သိန်းနှင့် အကြီးတန်းယိမ်းတစ်ဖွဲ့လျှင် ကျပ် ၂သိန်းနှုန်းဖြင့် ထောက်ပံ့ခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က စုစုပေါင်း ကျပ် ၁၅၅သိန်း ချီးမြှင့်ထောက်ပံ့မှုပေးခဲ့ကြောင်း ပုသိမ်သင်္ကြန် သံချပ်နှင့် ကားအလှပြိုင်ပွဲ စိစစ်ရေးကော်မတီဝင် ဦးတင်အေး(ကဗျာဆရာ တိုးဝေ-ပုသိမ်) က ပြောကြားသည်။

"ကျွန်တော်တို့က ငွေစာရင်းတောင်ရှင်းပြီးနေပြီ၊ ဒါပေမဲ့ ခုရတဲ့ငွေကို ဘဏ်စာအုပ်လုပ်ပြီး သိမ်းထားမယ်၊ နောင်နှစ်အတွက် ရန်ပုံငွေရတာပေါ့၊ တစ်ခါမှ ဒီလိုထောက်ပံ့မှုမျိုး မရဖူးဘူး" ဟု အမှတ်(၂)ရပ်ကွက်ရှိ သင်းရနံ့ဆုပေးမဏ္ဍပ်မှ ဥက္ကဋ္ဌ ဦးအောင်ဖုန်းကျော်က ပြောဆိုသည်။

ပါဝင်ယှဉ်ပြိုင်သော သံချပ်အသင်း တစ်သင်းလျှင် ကျပ် ၇သိန်း၊ ရပ်ကွက်အလိုက် ဆုပေးမဏ္ဍပ် တစ်ခုလျှင် ကျပ် ၇သိန်း၊ အငယ်တန်းယိမ်းတစ်ဖွဲ့လျှင် ငွေကျပ် ၁ သိန်းနှင့် အကြီးတန်းယိမ်းတစ်ဖွဲ့လျှင် ကျပ် ၂သိန်းနှုန်းဖြင့် ထောက်ပံ့ခဲ့ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စုစုပေါင်း ငွေ ကျပ် ၁၅၅သိန်း ချီးမြှင့်ထောက်ပံ့မှုပေးခဲ့ကြောင်း စည်ပင်သာယာရေးဝန်ကြီးရုံးထံမှ သိရသည်။

ယခုနှစ် ပုသိမ်သင်္ကြန်တွင် ဆုပေးမဏ္ဍပ် ၉ခုရှိပြီး သံချပ်အသင်း ၉သင်း၊ ယိမ်းအဖွဲ့ ၂၂ ဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

■ R-11

# တာချီလိတ်တွင် အိမ်တစ်လုံးမီးလောင်

**ကျိုင်းတုံ၊ ဧပြီ ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာ ရန်ရှင်း(၄) တွင် ဧပြီ ၂၈ရက် နံနက်၈နာရီခန့်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခဲ့ရာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း တာချီလိတ်မြို့နယ် မီးသတ်ဦးစီးဌာနထံမှ သိရသည်။

မီးလောင်မှုကြောင့် ခြေတံရှည်သွပ်မိုး၊ ပျဉ်ကာပျဉ်ခင်း အိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့ပြီး မီးသတ်ယာဉ် လေးစီးဖြင့် အမြန်ဆုံးထိန်းနိုင်သဖြင့် ပတ်ဝန်းကျင်မှ နေအိမ်များကို မီးမကူးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မီးပေါ့ဆသူ ဒေါ်နွားယော်ကို ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ဦးသိန်းမြင့်က ပြောကြားသည်။

■ R-16

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ကြံခင်း၊ လေးမျက်နှာမြို့နယ်တွင် ပိုင်ရှင်မဲ့သစ်များ ဖမ်းမိ

**ကြံခင်း၊ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တွင် ဧပြီလ ၂၅ရက်နှင့် ၂၆ရက်က လေးမျက်နှာမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့တွင် တရားမဝင် ပိုင်ရှင်မဲ့သစ်များ ဖမ်းမိခဲ့ကြောင်း ဟင်္သာတခရိုင် သစ်တော ဦးစီးဌာနထံမှ သိရသည်။

သစ်တောဌာနမှ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဧပြီလ ၂၅ ရက်က လေးမျက်နှာမြို့နယ် ဝတ်ကုန်းအုပ်စု လဲခုံလေး သစ်တောကြိုးဝိုင်းအတွင်းမှ သစ်ခွဲသား ၅ ဒသမ ၈၁၅၆ တန်ကိုလည်းကောင်း၊ ဧပြီလ ၂၆ ရက်တွင် ကြံခင်းမြို့နယ် ပိုးစုကြီးအုပ်စု ပိန်းစန်းကျေးရွာ ကြို့ပင်တက် တောင်ခြေစပ်တွင် တောင်သရက် သစ်ခွဲသား ၂ ဒသမ ၂၅၁၈ တန်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း ယင်းဌာနက ထုတ်ပြန်သည်။

■ R-13

# “နိုင်ငံခြားကဝယ်တဲ့ ဆေးတွေထက်တော့ ဈေးသက်သာမယ်”

## BPI စက်ရုံမှူး ဦးကိုကိုအောင်နှင့် တွေ့ဆုံခြင်း

သီတာဆွေ

**အိတ်ချ်အိုင်ဗီပိုးရှိသူများ ဆေးကုသရာတွင် အသုံးပြုနိုင်မည့်ဆေးဝါးကို BPI ဆေးဝါးစက်ရုံက ယခုနှစ်ကုန်ပိုင်းအတွင်း ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ပြီး ယင်းကဲ့သို့လုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ-အင်းစိန် (BPI) စက်ရုံမှူး ဦးကိုကိုအောင်နှင့် The Voice က မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice ။ အိတ်ချ်အိုင်ဗီပိုးရှိသူတွေ အသုံးပြုနိုင်မယ့်ဆေးဝါးထုတ်လုပ်မယ်ဆိုတာနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

**UKKA ။** ဗိုင်းရပ်စ်သတ်တဲ့ဆေးပေါ့၊ Anti Retroviral ပါ။ ART အုပ်စုပဲ။ ဒါပေမဲ့ လက်ရှိ ART ဆေးတွေနဲ့ မတူဘူး။ ကိုယ့်ဘာသာကိုယ်ထွင်ပြီး သောက်လို့မရဘူး။ ဆရာဝန်ညွှန်ကြားချက်နဲ့ သီးခြားသောက်ရမှာ။ ဗိုင်းရပ်စ်သတ်တဲ့ဆေးဆိုတော့ ဘီပိုးအတွက်လည်း သောက်လို့ရတယ်။ အိတ်ချ်အိုင်ဗီလည်း သောက်လို့ရတယ်ပေါ့။

**Voice ။ ဆေးက ဘယ်တော့လောက် ဈေးကွက်ကို စဖြန့်မှာလဲ။**

**UKKA ။** အခုမှ Formulation လုပ်တုန်း။ FDA ကိုလည်း တင်ရသေးတယ်။ သုံးလလောက်ကြာမယ်ဆိုတော့ ၂၀၁၇ အောက်တိုဘာလောက်ဆိုရင် ဈေးကွက်ထဲ ရောက်ပါမယ်။

**Voice ။ ဆေးက ဘယ်လိုအသုံးပြုရမှာလဲ။ ရေရှည်သောက်ရမှာလား။**

**UKKA ။** အိတ်ချ်အိုင်ဗီပျောက်တဲ့ဆေးကတော့ ကမ္ဘာပေါ်မှာ မပေါ်သေးပါဘူး။ အိတ်ချ်အိုင်ဗီပိုးရှိတယ်ဆိုရင် CD4 ၂၀၀ အောက်ကျသွားရင် ART ဆေးတွေ သောက်ကြတယ်။ သူလည်း ဒီလိုပဲ။ CD4 က သတ်မှတ်ထားတဲ့အောက်ကို ရောက်သွားပြီဆိုရင် အဲဒီဆေးကို ဆရာဝန်က Treatment ပေးလို့ရပြီ။

**Voice ။ ဆေးအသုံးပြုမယ့်သူတွေအနေနဲ့ တိုက်ရိုက်ဝယ်ယူလို့ရလား။**

**UKKA ။** ဈေးကွက်ထဲလည်း ဖြန့်မယ်။ ပြီးရင် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနအောက်က ဆေးရုံတွေဖြန့်မယ်။ ပါရာစီတမောလို လွယ်လွယ်ကူကူသောက်လို့ရတဲ့ ဆေးမျိုးမဟုတ်ဘူး။ ဗိုင်းရပ်စ်သတ်တာဆိုတော့ လူကိုလည်း အထိုက်အလျောက်ထိတာပေါ့။

**Voice ။ ဆေးရဲ့ကောင်းကျိုး ဆိုးကျိုးတွေကရော။**

**UKKA ။** ဆေးတိုင်းကတော့ ဘေးထွက်ဆိုးကျိုး အကုန်ရှိတယ်။ ဘေးထွက်ဆိုးကျိုး ဘယ်လိုရှိတယ်ဆိုတာကတော့ ဆေးထွက်လာပြီးတော့မှ ပြောလို့ရမယ်။ အနည်းနဲ့အများတော့ ရှိမယ်။ ကောင်းကျိုးအနေနဲ့ကတော့ ဆေးက ရောဂါပျောက်သွားအောင် အမြစ်ပြတ်တဲ့ဆေး မဟုတ်ဘူး။ ဒါပေမဲ့ ရောဂါကို ဟန့်တားထားတဲ့ဆေး။ တခြားဆေးနဲ့တွဲသောက်ပြီးတော့မှ ဗိုင်းရပ်စ်ကို သတ်တာဖြစ်တယ်။ ဆရာဝန်ညွှန်ကြားချက်အတိုင်း သောက်ရမယ်။

**Voice ။ ဆေးထုတ်လုပ်ဖို့အတွက် ဘယ်နိုင်ငံက နည်းပညာကို အသုံးပြုထားတာပါလဲ။**

**UKKA ။** ဒါကို ဒီမှာစမ်းရင် နှစ်အများကြီးကြာမှာဖြစ်တဲ့အတွက် အိန္ဒိယနိုင်ငံကနေ Formulation ဝယ်တာပါ။ Formulation ဝယ်ပြီး ဒီမှာပြန်စမ်းရတယ်။ အိန္ဒိယကတော့ တွင်တွင်ကျယ်ကျယ်နဲ့ ဖြန့်နေပြီဖြစ်တဲ့အတွက် နည်းပညာဝယ်လိုက်တာပေါ့။

**Voice ။ အသုံးပြုလိုတဲ့ ဝေဒနာရှင်တွေအနေနဲ့ ဆေးကိုဘယ်လောက်နှုန်းနဲ့ ဝယ်ယူလို့ရနိုင်မလဲ။**

**UKKA ။** အခုက စမ်းနေတုန်းဆိုပေမယ့်ဆေးတော့ ထွက်နေပြီ။ ဆေးကို ဒီအတိုင်းမရဘူး။ Temperature အမျိုးမျိုးနဲ့ ဘယ်လောက်မှာ စမ်းမလဲဆိုတဲ့ စက်တွေနဲ့ စမ်းရတာပေါ့။ သတ်မှတ်ထားတဲ့ သတ်မှတ်ချက်တွေ ရှိတာပေါ့။ အခုက အဲဒီကာလပေါ့။ ပြီးရင် ဘယ်လိုဘူးမျိုးနဲ့ ထုတ်မလဲ စသဖြင့် တင်ဒါခေါ်တာတွေ လုပ်ရမယ်။ ပြီးရင်တော့ ဒီဟာတွေအကုန်လုံး ဘယ်လောက်ကျမလဲဆိုတာကို ဆေးထွက်လာတဲ့အခါမှာ ပြန်တွက်ပြီးတော့ ဝန်ကြီးဌာနရဲ့ အတည်ပြုချက်ယူပြီးတော့မှ ဈေးနှုန်းက သတ်မှတ်ပေးလို့ ရမှာပေါ့။ ဆေးထွက်လာတော့မှ Costing က ပြန်တွက်လို့ရမှာ။

**Voice ။ BPI ဆေးဝါးစက်ရုံအနေနဲ့ ဆေးအမျိုးအစားပေါင်း ဘယ်လောက်ထုတ်လုပ်နေပါသလဲ။**

**UKKA ။** BPI အနေနဲ့ ဆေးအမျိုးအစား ၁၈၀ ကို ထုတ်လုပ်နေတယ်။ ပြီးခဲ့တဲ့နှစ်က ဆေးအမည်သစ် ရှစ်မျိုး တီထွင်သုတေသနပြု ထုတ်ခဲ့တယ်။ လာမယ့်နှစ်မှာလည်း မနှစ်ကထက် အရေအတွက်မနည်းဘဲ စမ်းသပ်ထုတ်မယ်။ ဒီဆေးကတော့ မနှစ်က Formulation ဝယ်ပြီး အခုစမ်းသပ်ထုတ်နေပြီ။ မနှစ်ကတော့ ရှစ်မျိုးကို Formulation မဝယ်ဘဲ စက်ရုံမှာပဲ တီထွင်ခဲ့တယ်။ ဒီနှစ်မှာ Formulation လည်း ဝယ်မယ်။ ဒီမှာလည်းထွင်မယ်။



ဓာတ်ပုံ - သီတာဆွေ

**Voice ။ ဒီစက်ရုံကထုတ်တဲ့ဆေးဝါးတွေကို ပြည်ပနိုင်ငံတွေအထိ တင်ပို့ဖို့ရော ဆောင်ရွက်ထားတာတွေ ရှိပါသလား။**

**UKKA ။** နောက်ပိုင်း ပြည်ပကိုပို့ဖို့အထိ လုပ်သွားမယ်။ လောလောဆယ်အနေအထားမှာက ကိုယ့်ပြည်တွင်းတောင်မှ ဖူလုံအောင်မထုတ်နိုင်သေးတာ ဖြစ်တဲ့အတွက် ပြည်ပအဆင့်အထိတော့ထုတ်ဖို့ မရောက်နိုင်သေးဘူးပေါ့။ နောင်မှာ ပြည်ပကိုပို့ဖို့ အခုတည်းက စပြီးပြင်ဆင်နေပြီ။

**Voice ။ ဆရာ့အနေနဲ့ လူထုကို ဘာများသတင်းစကား ပါးချင်ပါသေးလဲ။**

**UKKA ။** ဗိုင်းရပ်စ်သတ်တဲ့ဆေးအနေနဲ့က ပထမဦးဆုံးဖြစ်တဲ့အတွက် ဝေဒနာရှင်တွေအတွက်တော့ တစ်ဖက်တစ်လမ်းကနေပြီးတော့ နိုင်ငံခြားကဝယ်တဲ့ ဆေးတွေထက်တော့ ဈေးသက်သာမယ်။ အိတ်ချ်အိုင်ဗီနဲ့ အသည်းရောင်အသားဝါဘီရှိနေတဲ့၊ ရောဂါဆိုးရှားနေတဲ့ ရောဂါရှင်တွေအတွက် ဝမ်းသာစရာပေါ့။ ကိုယ့်နိုင်ငံထဲမှာပဲ ဒီရောဂါကုသဆေး ထွက်လာတော့မယ်ဆိုတဲ့ သတင်းစကား ပါးချင်ပါတယ်။

**Voice ။ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

■

**သီတာဆွေ**

---

**မျက်နှာဖုံး - Water Taxi လက်မှတ်တစ်စောင် ကျပ် ၅၀၀ အောက်သာရှိမည်ဟုဆို မှ အဆက်**

တဲ့နှုန်း သတ်မှတ်ပေးဖို့တော့ရှိတယ်။ ၅၀၀ ဆိုတာကတော့ နောက်ဆုံး အခြေအနေပေါ့” ဟု တင့်တင့်မြန်မာကုမ္ပဏီလီမိတက် စီမံကိန်းမန်နေဂျာ ဦးထွန်းနိုင်လင်းက ပြောကြားသည်။

ရေကြောင်းတက္ကစီလက်မှတ်ခ ဈေးနှုန်းများကို ခရီးစဉ်အပိုင်းအလိုက် သတ်မှတ်မည်ဖြစ်ရာ လတ်တလော လျာထားချက်အရ ခရီးစဉ်အစအဆုံးအတွက် လက်မှတ်တစ်စောင်လျှင် ကျပ် ၅၀၀ ထက်မပိုသောနှုန်း သတ်မှတ်ရန်ပြင်ဆင်နေကြောင်း ၎င်းက ရှင်းပြသည်။

ပထမအဆင့်အနေနှင့် လှိုင်မြစ်အတွင်း စတင်ပြေးဆွဲမည်ဖြစ်ပြီး နောက်ပိုင်းတွင် ငမိုးရိပ်ချောင်းစသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ တစ်ရက်တာပြေးဆွဲမည့် ယာဉ်အစီးရေနှင့်ဆတူ အရန်ရေယာဉ်များထားရှိမည်ဖြစ်ကြောင်းလည်း တင့်တင့်မြန်မာကုမ္ပဏီလီမိတက်ထံမှ ထပ်မံသိရသည်။

“ဆယ်စီးဆွဲမယ်ဆိုရင် သေချာတယ် ဆယ်စီးထက်မနည်းတဲ့ယာဉ်ကို အရန်ထားမယ်။ တချို့နေရာမှာ ခရီးသည်ပုံ လာနိုင်တာတွေရှိမယ်။ အဲဒီနေရာကို အရန်ယာဉ်တွေနဲ့ပြေးဆွဲပေးမှာပါ” ဟု ဦးထွန်းနိုင်လင်းက ထပ်လောင်းပြောဆိုသည်။

ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်းလျှပ်စစ်၊ စက်မှု၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက ရေယာဉ်ဆိုက်ကပ်မည့် ဆိပ်ခံများကို စစ်ဆေးမည်ဖြစ်ကြောင်း၊ ယင်းသို့စစ်ဆေးပြီးမှသာ Water taxi ပြေးဆွဲမည့်ရက်သတ်မှတ်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA ထံမှ သိရသည်။

“ရက်က အရမ်းကပ်နေပြီဆိုတာ သိပါတယ်။ ဒါပေမဲ့ စပြေးရမဲ့ရက်ကို ဝန်ကြီးချုပ်က သတ်မှတ်ပေးမှာပါ။ သူကိုယ်တိုင် ညွှန်ကြားချက်ပေးမယ်လို့ ပြောထားတယ်။ ကျွန်တော်တို့ဘက်က အကောင်းဆုံးဖြစ်အောင် လိုက်လုပ်မှာပါ”ဟု ဦးထွန်းနိုင်လင်းက ဆက်လက်ပြောဆိုသည်။

လက်ရှိအခြေအနေအရ ပြည်ပနိုင်ငံများကဲ့သို့ မိုးပျံရထားမရှိခြင်းကြောင့် ပြည်သူများအနေနှင့် ဘတ်စ်ကားကိုသာ အားပြုရဦးမည်ဖြစ်ကြောင်း၊ ယင်းကြောင့် YBS စနစ်ကို ဝန်ဆောင်မှုမြှင့်တင်မည်ဖြစ်ကြောင်း ဧပြီလ ၂၇ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းလွှတ်တော် အစည်းအဝေးတွင် လျှပ်စစ်၊ စက်မှု၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

Water taxi ပြေးဆွဲမည့်သင်္ဘောများကို ဩစတြေးလျ၊ ဂျော်ဒန်၊ ထိုင်းနိုင်ငံတို့မှ ဝယ်ယူထားခြင်းဖြစ်ပြီး ပထမအဆင့် (Face-1) အဖြစ် သင်္ဘော ၂၅ စင်းမှ ၃၅ စင်းအကြား ဝယ်ယူထားကြောင်း တင့်တင့်မြန်မာကုမ္ပဏီလီမိတက်ထံမှ ထပ်မံသိရသည်။

ရေကြောင်းခရီးစဉ် ပြေးဆွဲမည့် လမ်းကြောင်းအနေနှင့် ရန်ကုန်မြစ်နှင့်လှိုင်မြစ်ကြောင်းရှိ လှိုင်သာယာမှ ပန်းဆိုးတန်းအထိ ဆိပ်ကမ်း ခုနစ်ခု၊ ငမိုးရိပ်ချောင်းတစ်လျှောက်ရှိ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ညောင်တန်းအထိ ဆိပ်ကမ်း ၁၁ ခု လျာထားပြီး ခရီးသည် ၅၀ မှ ၁၀၀ ကြား တင်ဆောင်နိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA ထံမှ ထပ်မံသိရသည်။

ရေကြောင်းတက္ကစီ ပြေးဆွဲခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် ပြည်တွင်း၊ပြည်ပလုပ်ငန်းရှင်များကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်က လုပ်ငန်းတင်ဒါခေါ်ယူခဲ့ရာ လျှောက်ထားသည့်ကုမ္ပဏီ ၄၀ ကျော်အနက် ပြည်တွင်းကုမ္ပဏီနှစ်ခုဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် တင့်တင့်မြန်မာကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့သည်။ ■ **J-06**

# ကမ္ဘာကို ပြောင်းလဲမည့် ဆိုရှယ်မီဒီယာများ

မောင်ခေတ်

ကမ္ဘာ တစ်ဝန်းလုံးတွင် လူတိုင်းလိုလို ဆိုရှယ်မီဒီယာများနှင့် မကင်းနိုင်ဖြစ်လာကြသည်။ လူတိုင်း သုံး၊ နေ့တိုင်းသုံး တိုးပွားပြီးရင်းတိုးပွားနေသော လုပ်ငန်းကြီးတစ်ခုဖြစ်လာသည်။ လာမည့် ၂၀၁၈ ခုနှစ်တွင် ဆိုရှယ်ကွန်ရက်ကို အသုံးပြုမည့်သူပေါင်း ၂ဒသမ ၄၄ ဘီလီယံခန့်ရှိလာလိမ့်မည်ဟု ခန့်မှန်းထားသည်။

ဆိုရှယ်မီဒီယာကိုလူတိုင်း၏ဘဝတိုင်းတွင် အသုံးပြုလာကြသည်။ ကိုယ်ရေးကိုယ်တာအရ ဆက်သွယ်ရန်၊ ဖျော်ဖြေရေးအတွက် ကြည့်ရှုရန်၊ လုပ်ငန်းအတွက်၊ ပညာရေးအတွက် နည်းမျိုးစုံဖြင့် မိမိတို့ လိုအပ်သလို သုံးစွဲလာကြခြင်းဖြစ်သည်။ Facebook ဆိုသည့် ဆိုရှယ်မီဒီယာပေါ်တွင် မိနစ်တိုင်း Message ပေါင်း သန်း ၃၀ ကျော် အပြန်အလှန် ပို့နေကြသည်။ အပြန်အလှန် စာရိုက်ပြီး တုံ့ပြန်ဆက်သွယ်နေသူပေါင်း မိနစ်တိုင်းတွင် ၃၅၀,၀၀၀ ဦးရှိသည်။

ခေတ်သစ်တွင် မဖြစ်မနေ သိထား၊ သတိပြုထားရမည့်အချက်များကို ပြောချင်ပါသည်။

- လူတိုင်း သွားပွတ်တံထက် မိုဘိုင်းလ်ဖုန်းများကို ပိုင်ဆိုင်လာကြသည်။

- Facebook သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော တိုင်းပြည်ကြီးတစ်ခုဖြစ်လာသည်။

- Twitter သည် အဘိုး အဘွားတို့ အများဆုံး အသုံးပြုနေသော ဆိုရှယ်မီဒီယာဖြစ်သည်။

ဆိုရှယ်မီဒီယာအပေါ် လူတိုင်းမြတ်နိုး ချစ်ခင်လာခြင်းသည် ဆက်သွယ်မှုပုံစံကို ပြောင်းလဲလာနိုင်ရုံမက စီးပွားရေးလုပ်ငန်းပုံစံများလည်း ပြောင်းလဲလာစေသည်။ ထို့ပြင် ဆိုရှယ်မီဒီယာနှင့် ဆက်စပ်ပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးပုံစံတွေလည်း လိုက်ပြောင်းလာရသည်။ ဆိုရှယ်မီဒီယာက ဘာတွေပြောင်းလဲမည်နည်း။

## စီးပွားရေးလုပ်ငန်းပုံစံကိုပြောင်းလဲခြင်း

ဒစ်ဂျစ်တယ် ဂျာနယ်လစ်တစ်ဦးဖြစ်သူ ကလဲရီဝါဒဲလ်က-

"နောက်လာမည့် ၇ နှစ်တွင် သတင်းမီဒီယာလောကကို ဆိုရှယ်မီဒီယာများက အမြစ်ဖြုတ် သုတ်သင်တော့မယ်။ ဘာကြောင့်လဲဆိုတော့ ဆိုရှယ်မီဒီယာအဖွဲ့က လူသိပ်မလိုဘဲ သတင်းတွေကို ထုတ်ပြန်နေလို့ရတယ်။ လူတိုင်း ဆိုရှယ်မီဒီယာတွေပေါ်ကို ရောက်နေချိန်မှာ သတင်းမီဒီယာလောကပုံစံကို မပြောင်းလို့ကို မရတော့ဘူး" ဟု သတိပေးပြောကြားသွားသည်။ သတင်းမီဒီယာလောကတွင် လုပ်ကိုင်လိုသည့် လူငယ်များအနေနှင့် လမ်းကြောင်းသစ်တစ်ခုကိုတီထွင်ဖော်ထွက်နိုင်ရန် သတိပေးသွားခြင်းဖြစ်သည်။

သတင်းမီဒီယာလောကတွင် ဒစ်ဂျစ်တယ်မားကက်တင်းဆိုသည့် ပုံစံသစ်တစ်ခု ပေါ်ပေါက်လာလိမ့်မည်။ အထူးသဖြင့် မိမိဖောက်သည်ကို ဝန်ဆောင်မှုပေးမည့် ဆက်သွယ်မှုပုံစံသစ်တစ်ခုကို ဖော်ထုတ်နိုင်မှသာ ရလိမ့်မည်။ ကိုယ့်ဖောက်သည်က ဘာသတင်းတွေကို သိချင်သနည်း၊ ဘာတွေ တောင်းဆိုနေသနည်း၊ ဘာတွေကို ဖြည့်ဆည်းပေးရမည်နည်းဆိုသည့် လိုင်း (Channels) များကို မဖော်ဆောင် မဆက်သွယ်၊ ဝန်ဆောင်မှု မပေးနိုင်လျှင် နောက်ကျကျန်ခဲ့မည်သာဖြစ်သည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဆိုသည့် ပုံနှိပ်မီဒီယာများအနေနှင့် ဆိုရှယ်မီဒီယာလိုင်းများကို ကောင်းစွာ အသုံးမချနိုင်ပါက ထိုးနှက်ချေဖျက်ခြင်းကို ခံရမည်သာဖြစ်သည်။ ထို့ကြောင့် သတင်းမီဒီယာကို စိတ်ဝင်စားသောလူငယ်များအနေနှင့် ဖွံ့ဖြိုးတိုးတက်နေသည့် ဆိုရှယ်မီဒီယာများကို အသုံးချပြီး မီဒီယာထုတ်လွှင့်နိုင်မှုကို လေ့လာထားကြရန်လိုသည်။ နည်းပညာကျွမ်းကျင်မှုများအသုံးချကာ မည်သို့ အကျိုးအမြတ်ရှာမည်နည်း ဆိုသည့်လမ်းကြောင်းပေါ်ကို ကူးပြောင်းသင့်ပြီဖြစ်သည်။



Geek Insider

## ဆိုရှယ်မီဒီယာသည် အနာဂတ်ဘဏ်

လူငယ်များ မျက်ခြည်မပြတ်သင့်သည့်အချက်မှာ ဆိုရှယ်မီဒီယာများသည် လုပ်ငန်းတိုင်းတွင် ငွေပေးငွေယူများကို လုပ်ဆောင်လာနိုင်သည့် နေရာများဖြစ်သည်ဆိုခြင်းပင်။ ထိုကာလသည် မဝေးသော အချိန်မှာပင် ရောက်လာပေတော့မည်။ Lenddo ကုမ္ပဏီမှ ရစ်ချတ် အဲလ်ဒရစ်က-

"ဆိုရှယ်မီဒီယာနဲ့ ဘဏ်တွေချိတ်ဆက်ပြီးတော့ ဆိုရှယ်မီဒီယာတွေကိုယ်တိုင်က ဘဏ်တွေဖြစ်လာတဲ့ကာလတစ်ခုကို ရောက်လာတော့မယ်။ လူတိုင်းက ငွေပေးငွေယူကိစ္စတွေကို ဆိုရှယ်မီဒီယာတွေကနေ အလွယ်ပဲ လွှဲပြောင်းလာကြလိမ့်မယ်။ ဘဏ်တွေအနေနဲ့လည်း ဖွံ့ဖြိုးတိုးတက်လာတဲ့ ဆိုရှယ်မီဒီယာတွေကို ချိတ်ဆက်မထားနိုင်ရင် လုပ်ငန်းမတွင် ဖြစ်လာလိမ့်မယ်။ ဘဏ်ကငွေစာရင်းတွေနဲ့ ဆိုရှယ်မီဒီယာကို ချိတ်ဆက်တာတွေ၊ ဆိုရှယ်မီဒီယာကတစ်ဆင့် ငွေချေးတယ်ဆိုတာတွေဟာ မလွှဲမရှောင်သာဖြစ်ကိုဖြစ်လာတော့မှာ" ဟု ဆိုခဲ့သည်။ သူကဆက်ပြီး

"အကြီးမားဆုံးသော စိန်ခေါ်မှုကတော့ လုံခြုံရေးအဆင့်တည်ဆောက်ခြင်းပဲ။ သုံးစွဲသူတွေရဲ့ အချက်အလက်တွေနဲ့ ဒေတာတွေကို အဲဒီ ဆိုရှယ်မီဒီယာတွေကလည်း ဘယ်လောက်အထိ လုံခြုံအောင် ထိန်းသိမ်းပေးနိုင်မလဲဆိုတာတွေလည်း ဖြစ်လာလိမ့်မယ်။ ဘဏ်နဲ့ ဆိုရှယ်မီဒီယာတွေ ချိတ်ဆက်လုပ်နိုင်မယ် ပေါ်လစီတွေ၊ ဥပဒေတွေ ပေါ်ထွက်လာနိုင်စရာ အကြောင်းတွေရှိတယ်"

## ကျန်းမာရေးနဲ့ ဆိုရှယ်မီဒီယာချိတ်ဆက်လာ

ကျန်းမာရေးဌာနများအနေနှင့်လည်း ဆိုရှယ်မီဒီယာအား မဖြစ်မနေ ချိတ်ဆက်လုပ်ဆောင်လာရမည့်ခေတ်ကို ရောက်လာပေတော့မည်။ Skype ပေါ်တွင် အတိုင်ပင်ခံ၊ အကြံပေး ဒေါက်တာတွေ ရောက်လာပြီဖြစ်သည်။ အွန်လိုင်းပေါ်က ဆရာဝန်တွေကလည်း ဘယ်လောက်ဝေးဝေး ခေါ်ယူဆွေးနွေးနိုင်ရန် အဖွဲ့အစည်းများဖွဲ့ပေးထားကြသည်။ မိမိနှစ်သက်ရာဆရာဝန်နှင့် အွန်လိုင်းပေါ်ကတစ်ဆင့် တိုက်ရိုက်ဆွေးနွေးနိုင်သည့်ခေတ် ဖြစ်လာသည်။

အွန်လိုင်းကတစ်ဆင့် ဆရာဝန်တွေ အချင်းချင်းလည်း ဆွေးနွေးနိုင်သည်။ ကိုယ်မကျွမ်းကျင်သည့် အရာကို လွှဲပြောင်းပေးနိုင်သည်။ ဤအကြောင်းနှင့် ပတ်သက်ပြီး ဆိုရှယ်မီဒီယာကွန်ရက်ကျန်းမာရေးစင်တာကို ထူထောင်ထားသည့် ရှန်နွန် ဒို့စ်မာဂင်က -

"ဆိုရှယ်မီဒီယာက လူတစ်ဦးချင်းကိုရော၊ အဖွဲ့အစည်းကိုပါ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အများကြီးပြောင်းလဲ လိုက်တယ်။ အဓိကအချက်ကတော့ သတင်းအချက်အလက်တွေကို ချက်ချင်းလွှဲပြောင်းရယူနိုင်အောင် လုပ်ပေးလိုက်ခြင်းဖြစ်ပါတယ်" ဟု ဆိုသည်။

ဆိုရှယ်မီဒီယာကတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်လာခြင်းနှင့် ပတ်သက်ပြီး ရှန်နွန်က-

"ဆိုရှယ်မီဒီယာဆိုတာ လမ်းနှစ်သွယ်ရွေးချယ်စရာလိုဖြစ်လာတယ်။ ကျန်းမာရေးအေဂျင်စီဆိုပြီး ထူထောင်ထားတဲ့ ဆိုရှယ်မီဒီယာတွေလည်း ရှိလာနိုင်တယ်။ အဲဒီနေရာတွေကလူတွေ သတင်းမှားတွေ အကြံပေးအမှားတွေ ရနိုင်တယ်။ ဒါကြောင့် ကိုယ်ရလာတဲ့ ကုသချက်တွေ အကြံပြုချက်တွေဟာ ဘယ်လောက်အထိ တိကျမှန်ကန်မှုရှိသလဲဆိုတာကို တန်ပြန်အတည်ပြုပေးမယ့်နေရာတွေ လိုလာလိမ့်မယ်" ဟု ဆိုသည်။ သူပြောချင်သည်က တတိယအဖွဲ့အစည်း တစ်ခုလိုအပ်လာမည်ဆိုသည့်သဘော ဖြစ်သည်။

## အုပ်ချုပ်ရေးတွင် စွက်ဖက်လာနိုင်ခြင်း

နိုင်ငံအုပ်ချုပ်ရေးတွင် ပြည်သူပြည်သားများ အပြည့်အဝပါဝင်ခွင့်ရရေးဆိုသည်မှာ ဆိုရှယ်မီဒီယာများကို ပါ အလေးထားစောင့်ကြည့်မှ ရနိုင်မည့် ခေတ်ကာလကို ရောက်လာပြီဖြစ်သည်။ ပြည်သူ့အသံအနေနှင့် ဆိုရှယ်မီဒီယာများကို သတိပြုနေကြရပြီ။ Impassion Media မှ အီလင်းဂေါ်င်က-

"ဆိုရှယ်မီဒီယာတွေက နိုင်ငံသားတွေကို စိတ်ကူးတွေ ထုတ်ပေးတဲ့နေရာတွေဖြစ်လာပြီ။ အဲဒီအပေါ်မှာ စိတ်ကူးကောင်းတွေ၊ အကြံဉာဏ်ကောင်းတွေကို ယူတတ်ရင် ရနိုင်တဲ့အနေအထားတွေ ဖြစ်လာတယ်" ဟု ဆိုသည်။

အနာဂတ်တွင် အစိုးရအနေနှင့် မိမိတို့သည် မည်မျှအထိ ပွင့်လင်းပြီး ထင်သာမြင်သာရှိစွာ အုပ်ချုပ်နေကြောင်းကို ဆိုရှယ်မီဒီယာများ အသုံးပြုပြီး ပြည်သူကို အမြန်ဆုံး ချပြရန်ကလွဲ၍ အခြားနည်းလမ်း မရှိဖြစ်လာလိမ့်မည်။ သတင်းစာသည် လူတိုင်းမဖတ်၊ နေရာတိုင်း ရောက်ချင်မှရောက်မည်။ ရောက်လျှင်လည်း အချိန်ကာလ ကွာသွားနိုင်သည်။ လူတိုင်းလက်ထဲတွင် ကိုင်ထားသည့် ဖုန်းတစ်လုံးပေါ်ကို အစိုးရက ဘာတွေလုပ်နေပါသည်ဟု ချက်ချင်း ထုတ်ဖော်သတင်းပို့နိုင်သည်။ မိမိမဲဆန္ဒရှင်ပြည်သူများနှင့် အကောင်းဆုံး၊ အမြန်ဆုံး အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်မည့်နည်းမှာ ဆိုရှယ်မီဒီယာကလွဲပြီး အခြားနည်း မရှိဖြစ်လာလိမ့်မည်။

"နိုင်ငံရေးသမားတွေနဲ့ ပြည်သူတွေ တစ်လဘယ်နှကြိမ်တွေ့နိုင်မှာလဲ။ နိုင်ငံ့ခေါင်းဆောင်တွေလည်း ဘယ်လောက်တွေ့ဆုံနိုင်ကြမှာလဲ။ အွန်လိုင်းမြို့တော် ခန်းမကြီးထဲမှာ ပြည်သူတွေကို နေ့တိုင်းဆက်သွယ်လို့ရတယ်။ ပြည်သူနဲ့ နေ့တိုင်း စကားပြောလို့ရတယ်။ အစိုးရ ဘာပြောချင်သလဲ၊ ဘာဖြစ်ချင်သလဲ ချက်ချင်းထုတ်ပြောလိုက်လို့ရတယ်" ဟု အီလင်းက ဆိုသည်။

အစိုးရသည် အွန်လိုင်းမီဒီယာ၊ ဆိုရှယ်မီဒီယာကို မသုံးသေးလျှင် သို့မဟုတ် ပစ်ပယ်လျှင် ဘာဖြစ်သွားနိုင်သနည်း။ ဗြိတိသျှ ကိုလံဘီယာတက္ကသိုလ်မှ တေလာ အိုဝင်က -

"ဒစ်ဂျစ်တယ်နည်းပညာဆိုတာက ဆန်းသစ်တော်လှန်တဲ့ စနစ်ကြီးတစ်ခုဖြစ်လာပြီး လူတိုင်းကို လွှမ်းမိုးလာတယ်။ ကမ္ဘာပေါ်မှာ ဒီဖွံ့ဖြိုးတိုးတက်လာမှုကို စိန်ခေါ်ပြိုင်ဆိုင်နိုင်တာမျိုး မရှိသေးဘူး။ ဒါကြောင့် နိုင်ငံတကာမှာ အဓိကကျတဲ့ အခန်းကဏ္ဍတွေကနေ ပါဝင်သရုပ်ဆောင်နေရတဲ့ ခေါင်းဆောင်တွေအနေနဲ့လည်း ဒစ်ဂျစ်တယ်ဖြစ်အောင် လုပ်မှရတော့မယ်။ နိုင်ငံအုပ်ချုပ်ရေးကို စိန်ခေါ်နေတဲ့ ဆိုရှယ်မီဒီယာတွေကို သတိထားမှရတော့မယ်"ဟု ဆိုသည်။

## သဘာဝဘေးကို ကူညီပေး

Facebook ပေါ်တွင် Safety Check ဆိုသည့် အစီအစဉ်တစ်ခု ထည့်သွင်းထားသည်။ သဘာဝဘေး ကျရောက်နေသည့်ဒေသများတွင် အန္တရာယ်ကင်းဘေးရှင်းခြင်း ရှိ၊ မရှိ အမြန်ဆုံးဆက်သွယ်နိုင်စေရန် စီစဉ်ပေးထားခြင်းဖြစ်သည်။ CrisisMappers Network ကလည်း ဆိုရှယ်မီဒီယာနှင့် ဒစ်ဂျစ်တယ် ချိတ်ဆက်ပြီး သဘာဝဘေး ကျရောက်နေသည့် နေရာများတွင် အမြန်ဆန်ဆုံး ဆက်သွယ်နိုင်ရေးတို့ကို အကူအညီပေးနေသည်။

ဆိုရှယ်မီဒီယာများတွင် သဘာဝဘေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်စပ်လာရခြင်းကို Qatar Computing Research Institute မှ ဟီသာလီဆန်က -

"ဒစ်ဂျစ်တယ် တုံ့ပြန်မှုတွေက ရုတ်တရက်ဘေးကို ချက်ချင်းဆောင်ရွက်နိုင်စွမ်းတွေ ရှိလာတယ်။ ချက်ချင်းပဲ အဖွဲ့အစည်းတွေ၊ ကျွမ်းကျင်သူတွေ၊ စေတနာ့ဝန်ထမ်းတွေ ဆက်သွယ်ခေါ်ယူပြီး စုရုံးလိုက်ကာ အခင်းဖြစ်တဲ့နေရာကို ချက်ချင်းရောက်သွားအောင် စွမ်းဆောင်နိုင်တယ်။ လူတစ်ဦးချင်းကနေ အဖွဲ့အစည်းတွေဆီကို တိုက်ရိုက်ဆက်သွယ်ပြီး အကူအညီတောင်းနိုင်တဲ့ အကောင်းဆုံး၊ အမြန်ဆုံးနည်းပဲ"ဟု ဆိုသည်။

ဒစ်ဂျစ်တယ်လူသားအချင်းချင်း စာနာထောက်ထားမှုက ချက်ချင်းထိရောက်နိုင်စွမ်းရှိပုံကို ဖော်ကျူးခြင်း ဖြစ်ပါသည်။

## လူ့အခွင့်အရေး ချိုးဖောက်မှုကို အကာအကွယ်ပေး

အာရပ်နွေဦးသည် ဆိုရှယ်မီဒီယာ၏ အစွမ်းကို အကောင်းဆုံး ဖော်ကျူးပြသွားနိုင်သည့် အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ဆိုရှယ်မီဒီယာက ကမ္ဘာကြီးကို ပြောင်းလဲနိုင်ကြောင်း သက်သေပြသွားခြင်းပင်ဖြစ်သည်။ ဆိုရှယ်မီဒီယာကတစ်ဆင့် လူ့အခွင့်အရေး လှုပ်ရှားသူများ ချက်ချင်းဆက်သွယ်ပေါင်းစည်းနိုင်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ မည်သည့်နေရာတွင် ဖြစ်နေပြီဆိုခြင်းကိုလည်း အမြန်ဆုံးဖော်ထုတ်ကာ တင်ပြနိုင်စွမ်း ရှိလာသည်။

ဆိုရှယ်မီဒီယာ၏ နာရီပိုင်းအတွင်း ဖော်ထုတ်နိုင်စွမ်းများကြောင့် ကမ္ဘာ့မည်သည့်နေရာကမဆို အဖိနှိပ်ခံ အနိုင်ခံများဘဝကို လူသားတို့ စာနာထောက်ထားပြီး ကယ်တင်နိုင်သည်။ သူတို့ဘက်က ရပ်တည်ပေးနိုင်သည်။ တရားဥပဒေအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့သော အထောက်အထားများစွာ ရှိပါသည်။

ဆိုရှယ်မီဒီယာပေါ်တက်လာသည့် ဗီဒီယိုများ မှတ်တမ်းများသည် ရှောင်လွှဲမရသည့် သက်သေခံမှုများ ဖြစ်လာသည်။ ကမ္ဘာပေါ်တွင် မတရားမှုများ၊ ဖိနှိပ်မှုများကို ဆန့်ကျင်သူများ၊ အကာအကွယ်ပေးနေသူများ ဆိုရှယ်မီဒီယာကြောင့် ပေါ်ထွန်းလာသလို အချိန်မီကယ်တင်နိုင်ခဲ့မှုများ ရှိလာပါသည်။

ဆိုရှယ်မီဒီယာသည် ခေတ်ပြောင်းတော်လှန်ရေး တစ်ခုဖြစ်သည်။ ယနေ့ခေတ်လူငယ်တိုင်း သတိပြုရမည့် လမ်းကြောင်းတစ်ခုဖြစ်သလို၊ အနာဂတ်အတွက် မိမိတို့အလုပ်အကိုင်နှင့် အခွင့်အလမ်းများကိုလည်း ရွေးချယ်နိုင်သည့်နေရာများဖြစ်လာသည်။

ဆိုရှယ်မီဒီယာဆိုသည်မှာ မီးနှင့်တူပါသည်။ သုံးတတ်လျှင် သူဌေးဖြစ်နိုင်သလို မသုံးတတ်လျှင် ဘေးဖြစ်နိုင်ပါသည်။ ဘာအတွက် အသုံးပြုမည်၊ ဘာတွေရအောင်လုပ်မည်၊ ဘာတွေဖော်ထုတ်ကြံဆောင်နိုင်မည်ဆိုခြင်းမှာ မိမိခံယူချက်အပေါ် မူတည်နေသည်။

■ မောင်ခေတ်

**(Ref : Is Social Media Changing the World, World Economic Forum)**

# ဗိုက်ကင်းတို့ရဲ့ မြို့ငယ်လေး 'ထရွန်ဆို'ရဲ့ နှစ်သစ်ကူးကာလ

မောင်ဇီ

မြန်မာတို့ရဲ့နှစ်သစ်ကူးကာလက ဧပြီလဖြစ်ပြီး၊ နော်ဝေလူမျိုးတို့ကတော့ ဒီဇင်ဘာလမှာ နှစ်သစ်ကူးပွဲကျင်းပကြတယ်။ ရန်ကုန်မြို့ရဲ့ မြန်မာသင်္ကြန်ကာလနဲ့ ထရွန်ဆို (Tromso) မြို့လေးရဲ့ခရစ္စမတ်နေ့ဟာ အလားသဏ္ဍာန်ဆင်တယ်။ ဘာတွေဆင်တာလဲဆိုတော့ နှစ်သစ်ကူးမရောက်ခင် ဆင်နွှဲကြတဲ့နောက်ဆုံးပွဲဖြစ်တာတွေ၊ ရှိသမျှရုံး၊ ဆိုင်တွေအားလုံး ပိတ်တာတွေ၊ လူတွေအားလုံး အလုပ်ကအနားယူကြတာတွေ၊ ညဘက်တွေမှာ တိတ်ဆိတ်ခြောက်ကပ်နေကြတာတွေ စတာတွေဆင်တာ။ မြန်မာ့သင်္ကြန်ကာလမှာ ညဘက် ၈ နာရီလောက်ဆို လမ်းတွေပေါ်မှာကားတွေရှင်းနေသလိုမျိုး၊ ထရွန်ဆိုမြို့လေးမှာလည်း ညနေပိုင်းလောက်ကစပြီး တစ်မြို့လုံး လူသွားလူလာမရှိဘဲ တိတ်ဆိတ်ခြောက်ကပ်လို့၊ သင်္ကြန်ကာလမှာ ရန်ကုန်မြို့ဆိုင်တွေအများစု ပိတ်သလိုမျိုး၊ ထရွန်ဆိုမြို့လေးမှာလည်း ဘာဆိုင်မှမဖွင့်ဘူး။ ယုတ်စွအဆုံး နိုင်ငံတော်တော်များများမှာ ၂၄ နာရီဖွင့်ထားတတ်တဲ့ ဆဲဗင်း၊ အလဲဗင်းလိုစတိုးဆိုင်မျိုးတောင် ခရစ္စမတ်နေ့ဆို ထရွန်ဆိုမြို့မှာ မဖွင့်ဘူး။ ပြောရမယ်ဆို ခရစ္စမတ်အကြိုနေ့ညနေကတည်းက ဆိုင်အားလုံးက ပိတ်ထားကြပြီ။ နှစ်အသစ်တစ်ခုကို ရောက်တော့မယ့်အချိန်ဖြစ်လို့ ရန်ကုန်နဲ့ ထရွန်ဆို နှစ်မြို့လုံးကလူတွေ စိတ်လှုပ်ရှားနေကြတာချင်းကလည်း တူတယ်။ တူတာတွေရှိသလို၊ ဆန့်ကျင်ဘက်လို့ဆိုရမတတ် မတူခြားနားတာတစ်ခုလည်း ရှိတယ်။ နေ့အချိန်မှာ စည်ကားလှတဲ့ရန်ကုန်မြို့လေးရဲ့အတာပွဲတော်ရက်အတွင်းမှာ အပူတွေငြိမ်းဖို့ သင်္ကြန်မိုးရွာချပေမယ့် အေးစိမ့်စိမ့်နဲ့ တစ်နေ့လုံး ခြောက်ကပ်တိတ်ဆိတ်နေတဲ့ ထရွန်ဆိုမြို့လေးရဲ့ ခရစ္စမတ်ကာလမှာတော့ အအေးလျော့သွားစေဖို့ နှင်းမိုးတွေ ရွာချလေ့ရှိတာ။ နှင်းကျပြီးသွားရင် အအေးဓာတ် သိသိသာသာလျော့သွားတယ်လို့ဒေသခံတွေက ဆိုကြတယ်။

'ထရွန်ဆို' ဆိုတာက နော်ဝေနိုင်ငံရဲ့ ဟိုးမြောက်ဖျားပိုင်း မြောက်ဝင်ရိုးစွန်းနဲ့ အင်မတန်နီးကပ်တဲ့နေရာမှာရှိတဲ့ မြို့ငယ်လေးတစ်မြို့။ ကမ္ဘာမှာရှိတဲ့မြို့တွေ အားလုံးထဲမှာလည်း ကမ္ဘာ့မြောက်ဖျားအကျဆုံးမြို့ပေါ့။ ထရွန်ဆိုမြို့လေးက ကျွန်းမကြီးတစ်ခုပေါ်မှာ အဓိကရှိတာ။ အဲဒီကျွန်းကြီးနဲ့ကပ်လျက် ရေပြင်ရဲ့ ဟိုဘက်ကကုန်းမြေကိုတော့ တံတားတွေနဲ့ဆက်ထားတယ်။ ၂၀၁၆ ခုနှစ် စာရင်းဇယားတွေအရ လူဦးရေ ငါးသောင်းကျော်လောက်ပဲရှိတဲ့ ပင်လယ်ဆိပ်ကမ်းမြို့လေးဖြစ်ပြီး အဓိကအားဖြင့် ငါးဖမ်းလုပ်ငန်း၊ ပင်လယ်ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနဲ့ ဟိုတယ်နဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေကို လုပ်ကိုင်ကြတယ်။ မြောက်ဝင်ရိုးစွန်းနဲ့နီးလို့ ဆောင်းတွင်း ညဘက်တွေမှာ ရာသီဥတုကြည်လင်ရင် အလွန်လှပတဲ့ အစိမ်းရောင်၊ လိမ္မော်ရောင်ဝင်ရိုးစွန်းအလင်းတန်းတွေ မြင်ရတဲ့အတွက် ကမ္ဘာလှည့်ခရီးသွားတွေ အလွန်ကြိုက်ကြပြီး မကြာခဏ လာကြတဲ့နေရာတစ်ခုပါပဲ။ ဝင်ရိုးစွန်းအလင်းတန်းတွေကို အင်္ဂလိပ်လို Polar Light ဒါမှမဟုတ် Northern Light လို့လည်း ခေါ်ကြသေးတယ်။ ပညာရှင်တွေကတော့ မြောက်ဝင်ရိုးစွန်းက အလင်းတန်းကို Aurora Borealis လို့ခေါ်ပြီး တောင်ဝင်ရိုးစွန်းက အလင်းတန်းကို Aurora Austrails လို့ခေါ်ကြတယ်။ အလွယ်ကတော့ အော်ရိုးရား (Aurora) ပဲပေါ့။

တစ်ခုသော ခရစ္စမတ်နေ့မတိုင်ခင်တစ်ရက်မှာ မောင်ဇီနဲ့ အပေါင်းအသင်းတွေ ထရွန်ဆိုမြို့လေးကိုရောက်နေကြတယ်။ အကြောင်းရင်းကတော့ လူတော်တော်များများရဲ့စိတ်ကူးယဉ်အိပ်မက်ဖြစ်တဲ့ နာမည်ကြီး ဝင်ရိုးစွန်းအလင်းတန်းတွေကိုကြည့်ဖို့ ဆိုတဲ့ ခေါင်းစဉ်နဲ့ပေါ့။ ဒီအလင်းတန်းတွေကို တွေ့ခွင့်ရဖို့ မောင်ဇီတို့အဖွဲ့တွေ တစ်မြို့ပြီးတစ်မြို့ လှည့်သွားခဲ့ရတာ။ ဆွီဒင်နိုင်ငံမြောက်ဖျားပိုင်း ကီရူးနားဆိုတဲ့မြို့လေး၊ ပြီးတော့ ရထားကြီးစီးလို့ ဆီဒင်နိုင်ငံထဲကပဲ အာဘစ်စကိုမြို့၊ အဲဒီနောက် ရထားထပ်စီးပြီး နော်ဝေနိုင်ငံက နာဗစ်မြို့၊ နာဗစ်ကတစ်ဆင့်မှ အဝေးပြေးကား ၄ နာရီလောက်စီးပြီး ဒီထရွန်ဆိုမြို့လေးကိုရောက်လာတာ။ ဒီနေ့ကတော့ ခရစ္စမတ်နေ့ဖြစ်လို့တစ်မြို့လုံးမှာ ဘာဆိုင်မှမရှိ၊ ဘယ်စားသောက်ဆိုင်မှလဲ မဖွင့်လို့ မောင်ဇီတို့တစ်သိုက် အရင်နေ့ကကြိုဝယ်ထားတဲ့ အသားညှပ်ပေါင်မုန့်လေးတွေ၊ မုန့်ခြောက်လေးတွေ၊ သစ်သီးလေးတွေနဲ့ပဲ တစ်နေကုန် နှစ်ပါးသွားကြရတယ်။ လူတွေ ဘယ်လောက်တောင်နားကြလဲဆိုရင် မောင်ဇီတို့တည်းတဲ့ဟိုတယ်ကအစ ဝန်ထမ်းတစ်ယောက်မှမရှိ။ ညှော်ကြိုကောင်တာက အပြုံးချိုချို၊ အရပ်မြင့်မြင့်နဲ့ သဘောကောင်းတဲ့ နော်ဝေလူမျိုးကောင်မလေးက ခရစ္စမတ်မတိုင်ခင် တစ်ညကတည်းက မောင်ဇီတို့ကို ကြိုပြောထားပြီးသား။ လိုတာရှိရင်ကြိုပြောဖို့၊ စားစရာမရှိရင်ဝယ်ထားဖို့၊ ခရစ္စမတ်နေ့ပြန်မယ်ဆိုရင် စာတိုက်ပုံးထဲ အခန်းသော့ထည့်သွားပြီးပြန်ဖို့နဲ့ ခရစ္စမတ်နေ့မှာ လူတိုင်းအနားယူကြမှာမို့ ဘယ်သူမှ မောင်ဇီတို့ကို အဖက်လုပ်ကြတော့မှာမဟုတ်ဘူး ဆိုတဲ့အကြောင်း။ တကယ်လည်း ပြောတဲ့အတိုင်းပါပဲ။ ခရစ္စမတ်နေ့ရောက်တော့ ဟိုတယ်မှာ မောင်ဇီတို့ကလွဲလို့ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှမရှိ။ တစ်မြို့လုံးပတ်ကြည့်တော့လည်း လမ်းတွေပေါ်မှာ ခြောက်ကပ်လို့အသွားအလာမရှိ။ ဒီလိုနဲ့ တဖြည်းဖြည်းမှောင်လာတော့ ဝင်ရိုးစွန်းအလင်းတန်းတွေကိုသွားကြည့်ဖို့မောင်ဇီတို့သူငယ်ချင်းတွေ ပြင်ရ၊ ဆင်ရတော့တယ်။

ဆောင်းရာသီဖြစ်လို့ ကမ္ဘာ့မြောက်ဖျားပိုင်း ထရွန်ဆိုမြို့လေးမှာ မွန်းလွဲ ၂ နာရီ၊ ၃ နာရီဆိုမှောင်ပြီ။ ဝင်ရိုးစွန်းအလင်းတန်းတွေကိုကြည့်ဖို့ကတော့ အမှောင်ထုသိပ်သည်းတဲ့အချိန် ည ၈ နာရီလောက်မှ အကောင်းဆုံးဆိုလို့ အနွေးထည်အထပ်ထပ်နဲ့ ခေါင်းစွပ်ပါတဲ့ နှင်းကာအင်္ကျီကြီးတွေဝတ်ထားတဲ့ မောင်ဇီတို့အဖွဲ့ ည ၇ နာရီလောက်မှာ ဟိုတယ်ကပေးထားတဲ့မြေပုံတစ်ချပ်ကိုကိုင်လို့ အပြင်ထွက်ခဲ့ကြတယ်။ အပူချိန်က ရေခဲမှတ်အောက်ရောက်နေပြီး၊ အနုတ် ၁ ဒီဂရီ စင်တီဂရိတ်လောက်ဖြစ်နေလို့ ရာသီဥတုကတော့ အေးလွန်းလှတယ်။ ခေါင်းစွပ်တွေစွပ်၊ လက်အိတ်တွေဝတ်ထားတဲ့ကြားက အေးလွန်းလို့ နှာရည်တွေ တတောက်တောက်ကျနေတဲ့ မောင်ဇီတစ်ယောက် လက်ဖမိုးနဲ့ နှာရည်တွေသုတ်လိုက်၊ မြေပုံကြည့်လိုက်၊ သူငယ်ချင်းတွေနဲ့တိုင်ပင်လိုက်နဲ့ ဝင်ရိုးစွန်းအလင်းတန်းကို ကောင်းကောင်းမြင်ရတယ်လို့ မြေပုံကညွှန်းတဲ့ တောင်ပေါ်ကို ကားလမ်းအတိုင်း တဖြည်းဖြည်းတက်လာခဲ့တယ်။ တောင်တက်ကားလမ်းလမ်းတစ်လျှောက် တောင်စောင်းလေးတွေမှာဆောက်ထားတဲ့ တစ်ထပ်၊ နှစ်ထပ် ချစ်စရာသစ်သားအိမ်လေးတွေက မီးလေးတွေလင်းပြီး တိတ်ဆိတ်ငြိမ်သက်လို့။ လမ်းတစ်လျှောက်လုံးမှာကလည်း သက်ရှိဆိုလို့ ကျယ်လောင်၊ ကျယ်လောင်လုပ်နေတဲ့ မောင်ဇီတို့တစ်အုပ်ပဲရှိတယ်။ မြေပုံမှာပါတဲ့ သင်္ချိုင်းခပ်မှောင်မှောင်ကြီးဘေးကနေ ကြောချမ်းချမ်းနဲ့ ဖြတ်ကြချိန်မှာတော့ ဘယ်သူမှ အသံမထွက်ရဲကြ။ ဟိုတယ်ကနေ နာရီဝက်ကျော်ကျော်လောက် တောင်ပေါ်ကိုလျှောက်ပြီးချိန်မှ မြေပုံကညွှန်းတဲ့ သစ်တောအုပ်လေးကို ရောက်လာကြတယ်။ သစ်တောအုပ်ထဲမှာ အလင်းရောင်အားနည်းပေမယ့် လူသွားလမ်းလေးကို မြင်နေရလို့ လမ်းမကြီးပေါ်ကနေဆင်းပြီး လမ်းမီးတိုင်တွေအောက်ကနေ ဖြတ်လျှောက်ခဲ့ကြတယ်။ တစ်နေရာရောက်၊ လမ်းခွဲလေးတွေတွေ့လို့ မီးမရှိတဲ့လမ်းတွေကို သွားမှာဆို ဖုန်းဓာတ်မီးလေးတွေနဲ့ မီးထိုးလို့ပေါ့။ ကောင်းကင်ကို မကြာမကြာကြည့်ပြီး လျှောက်လာကြပေမယ့် အစိမ်းရောင်အလင်းတန်းတွေရဲ့ အရိပ်အယောင်ကိုမတွေ့ရ။ တစ်ချိန်မှာတော့ ခပ်ပါးပါး စိမ်းဖန့်ဖန့်အလင်းတန်းလေးတွေပေါ်လာလို့ဝမ်းသာအားရ အော်ဟစ်ကြပြီး ဓာတ်ပုံရိုက်ဖို့ပြင်ဆင်နေတုန်းမှာပဲ အလင်းတန်းလေးတွေက ပြန်ပျောက်သွားပါလေရော။ ဖုန်းကင်မရာတွေက ဒီနေရာမှာ အားမကိုးရ။ အဝေးကကြယ်တွေ အလင်းတန်းတွေကိုရိုက်ရင် ဖုန်းမှာက ကောင်းကင်အနက်ရောင်ကြီးကလွဲလို့ ဘာမှမပေါ်။ ဆွီဒင်နိုင်ငံမှာတုန်းက တစ်ခါကြုံခဲ့ပြီးဖြစ်တာမို့ ဒီတစ်ခါတော့ မောင်ဇီတစ်ယောက် DSLR ကင်မရာတစ်လုံး အသင့်ဝယ်ထားပြီးပြီ။ ပုံဆွဲတာ၊ ဓာတ်ပုံရိုက်တာဝါသနာပါတဲ့မောင်ဇီ ကင်မရာတစ်လုံးဝယ်ချင်နေခဲ့တာကြာပြီဆိုပေမယ့် အကြောင်းကြောင်းကြောင့် မဝယ်ဖြစ်ခဲ့။ ကြုံတောင့်ကြုံခဲ ဝင်ရိုးစွန်းအလင်းတန်းကိုမြင်ရတော့မယ်ဆိုတော့ ကင်မရာဝယ်ဖို့အချိန်တန်ပြီလို့ဆုံးဖြတ်၊ မောင်ဇီ သူငယ်ချင်းတစ်ယောက်ကို ကင်မရာရရင် ဓာတ်ပုံရိုက်ပေးမယ်လို့ စည်းရုံးပြီး အဖော်ခေါ်လို့ ထရွန်ဆိုကျွန်းတစ်ခုလုံးပတ်ရှာပြီး ကင်မရာလေးတစ်လုံး ဝယ်ခဲ့ရတာ။ ထရွန်ဆို တစ်မြို့လုံးမှာကလည်း ကျွန်းရဲ့ ဟိုဘက်ထိပ်မှာရှိတဲ့ ဈေးဝယ်စင်တာကြီးတစ်ခုကလွဲလို့ဘယ်မှာမှ လိုချင်တဲ့ကင်မရာမျိုးရှာမရခဲ့။ ထရွန်ဆိုမြို့က အရမ်းကြီးတဲ့မြို့တစ်မြို့လည်း မဟုတ်ဘူး မဟုတ်လား။ ဘာပဲပြောပြော ကင်မရာတစ်လုံးရခဲ့ပြီဆိုတော့ မောင်ဇီတို့တစ်ဖွဲ့လုံး တက်ကြွနေကြတာတော့ အမှန်ပဲ။ ကောင်းကင်က အလင်းတန်းလေးတွေ ပျောက်သွားပေမယ့် တောအုပ်ထဲမှာ နေရာကောင်းကောင်းရှာပြီး နောက်တစ်ခေါက်ပေါ်လာရင် ဓာတ်ပုံရိုက်ဖို့ အသင့်ပြင်လို့ စောင့်ကြမယ်လို့ မောင်ဇီတို့ ဆုံးဖြတ်ဖြစ်ကြတယ်။

တောအုပ်ထဲက လမ်းမြွာလေးတစ်ခုအတိုင်း ဆက်လျှောက်လာတော့ တစ်ဖျတ်ဖျတ်နဲ့ပြေးလာတဲ့ ခြေသံတွေနဲ့အတူ အမှောင်ထဲကနေ မည်းမည်းပုပုအရာတစ်ခုနဲ့ မည်းမည်းမြင့်မြင့်အရာတစ်ခု မောင်ဇီတို့ရှိရာကို လမ်းအတိုင်း ခပ်မြန်မြန်ရွေ့လာတာ တွေ့ကြရပါလေရော။ အားလုံးလည်း ဘယ်ပြေးရမှန်းမသိဖြစ်ကုန်လို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြပြီး အချင်းချင်း မသိမသာ ပူးကပ်ကုန်ကြတယ် ဆိုပါတော့။ တော်ပါသေးတယ်။ ကပ်လာတာက ခွေးတစ်ကောင်နဲ့ လူတစ်ယောက်။ ညဘက်ကြီး ဒီလောက်အေးနေတဲ့အချိန်မှာလည်း ပန်းခြံ၊ တောအုပ်ထဲလျှောက်ပြေးနေတဲ့လူတွေက ရှိသေးတယ်။ အံ့ဩတာပဲ။ လမ်းဖယ်ပေးပြီး ဆက်လျှောက်လာကြတော့ သစ်ပင်တွေရဲ့အလယ်မှာက ကွင်းပြင်ကြီးတစ်ခု။ ရှုခင်းလည်းကောင်း၊ ကောင်းကင်ကိုဓာတ်ပုံရိုက်ရင် သစ်ပင်တွေနဲ့လည်း လွတ်မှာမို့ ကွင်းပြင်ထဲကို ပြေးသွားမလို့လုပ်ပြီးမှ အမှောင်ထဲမှာ သေသေချာချာ လှမ်းကြည့်လိုက်တော့ နှင်းမှုန်တွေအောက်၊ အပေါ်ယံမျက်နှာပြင်မှာ ရေတွေခဲနေတဲ့ ရေကန်ကြီးဖြစ်နေပါရောလား။ ညမှောင်မှောင်မှာ ဘယ်လောက်ထူမှန်းမသိတဲ့ ရေခဲပြင်ပေါ်ကိုတော့ မတက်ရဲ။ ရေခဲကွဲပြီး ရေထဲကျလို့ကတော့ အေးတာနဲ့ပဲ သွေးခဲပြီးသေမှာ။ ရေကန်ဘေးမှာ ဓာတ်ပုံရိုက်မယ်ဆိုပြီး မောင်ဇီရဲ့ ကင်မရာ ထောက်တိုင်လေးကိုထုတ်၊ ကင်မရာတပ်ဖို့ ထောက်တိုင်ခေါင်းလေးကိုလည်း ဆွဲခွာလိုက်ရော၊ အေးခဲလွန်းလို့ ကြွပ်ဆတ်နေတဲ့ ပလတ်စတစ်ကင်မရာထောက်တိုင်ခေါင်းလေးက 'ချွတ်' ဆို ကျိုးသွားရှာလေရဲ့။ မောင်ဇီကလည်း ခပ်ညံ့ညံ့ထောက်တိုင်အမျိုးအစားကိုဝယ်လာမိသကိုး။ တော်သေးတယ် ကင်မရာကတော့ အအေးဒဏ်ခံနိုင်တဲ့အမျိုးအစားပေမို့။ မောင်ဇီတစ်ယောက် ကင်မရာတစ်လုံးနဲ့ အလုပ်ရှုပ်နေတုန်းမှာ အမျိုးသမီးတစ်ယောက်နဲ့ အမျိုးသားတစ်ယောက် စကားတပြောပြောနဲ့ လမ်းတစ်လျှောက် ခပ်မှန်မှန်ပြေးလာတာတွေ့ရသေးတယ်။ ခုနက တစ်ခါကြုံဖူးပြီးပြီဆိုတော့ မောင်ဇီတို့က မကြောက်တော့ပေါင်။ နော်ဝေစကားနဲ့ "ဟေး...ဟေး" လို့တောင် နှုတ်ဆက်လိုက်သေး။

စာမျက်နှာ - 28 သို့







# ပြဇာတ်အဖွဲ့

သန့်ဇင်စိုး

ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်ကတည်းက မီရှဲခရစ္စတီဟာ စင်တင်ပြဇာတ်တစ်ပုဒ်ကို ဒါရိုက်တာလုပ်ခဲ့သည်။ သူ့သရုပ်ဆောင်များကတော့ ကျောင်းသားများ ဖြစ်ကြပြီး အကြားအာရုံ ချို့ယွင်းနေကြသူများဖြစ်ပါသည်။ ဆရာမတစ်ယောက်အဖြစ် ခရစ္စတီသည် အကြားအာရုံချို့တဲ့သော ကလေးများကို စကားပြောတတ်စေရန်၊ နားထောင်တတ်လာစေရန် ကူညီပေးသည်။ ပြဇာတ်အနုပညာကို လေ့ကျင့်ပေးခြင်းဖြင့် စကားပြောစွမ်းရည်နှင့် မိမိကိုယ်ကို ယုံကြည်လာစေခြင်းတို့ တိုးတက်လာကြောင်း သူ နားလည်ထားပါသည်။ “ဇာတ်ရုပ်ရဲ့ အဝတ်အစားကို ဝတ်ထားပြီးတော့ အကြားအာရုံချို့တဲ့နေတဲ့ ကိုယ့်လို သူငယ်ချင်းတွေကလည်း ဘေးမှာ အတူပါတဲ့အခါ သူတို့ရဲ့ နေရာတစ်ခုအဖြစ် ခံစားလာရစေပါတယ်” ဟု ခရစ္စတီကပြောကြားသည်။ “ကျွန်မ ပရိသတ်ထဲကို ကြည့်မိတယ်။ မိဘတွေဟာ မျက်ရည်ကျနေကြတယ်။ သူတို့ကလေးတွေလည်း ဒါမျိုးလုပ်နိုင်တယ်ဆိုတာကို မြင်ရတော့ ပျော်ရွှင်နေကြတယ်” ဟု ပြဇာတ်ဆရာမက ဆိုပါသည်။

အဆိုပါ ပြဇာတ်လှုပ်ရှားမှုက အောင်မြင်တော့ အစီအစဉ်လေးကို ဆက်လုပ်ဖို့၊ တခြားမြို့များတွင်ပါ သွားလုပ်ဖို့ ခရစ္စတီကို တိုက်တွန်းကြသည်။ ထို့ကြောင့်ပင် ၁၉၉၇ ခုနှစ်တွင် No Limits Theater အဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ တိုင်းပြည်အနှံ့ ခရီးသွားခဲ့သည်။ အကြားအာရုံ ထိခိုက်နေသော ကလေးများကို အချင်းချင်း ဆုံတွေ့စေခဲ့သည်။ သူတို့ကို အတူတကွလေ့ကျင့်စေပြီး အထူးရေးသားပေးထားသည့် ပြဇာတ် ဇာတ်ညွှန်းများဖြင့် အတူတကွ သရုပ်ဖော်တင်ဆက်ကြသည်။ တစ်နေရာပြီး တစ်နေရာ ကလေးများအတွက် လိုက်လံ အလုပ်လုပ်ပေးရင်းဖြင့် သတိထားမိလာသည့် အချက်တစ်ချက် ရှိပါသည်။ စောစီးစွာ ကုသလေ့ကျင့်ပေးခံရသော ကလေးများက စကားပြောစွမ်းရည်နှင့် စာဖတ်စွမ်းရည်တို့တွင် ပိုမိုတိုးတက်လာကြခြင်း ဖြစ်သည်။ ဝင်ငွေနည်းသော မိသားစုများမှ ပေါက်ဖွားလာသည့် အကြားအာရုံချို့တဲ့သော ကလေးများမှာကား ထိုသို့ အခွင့်အရေးမျိုးရရန် မလွယ်ကြပေ။ ကလေးများအတွက် လိုအပ်သော အရင်းအမြစ်များကို မိသားစုများက မတတ်နိုင်ကြခြင်းကြောင့် ဖြစ်ပါသည်။

“ဒါဟာ လုံးဝမမျှတပါဘူး။ ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေအတွက် အကူအညီဖြစ်စေတဲ့ ပညာရေးစင်တာတစ်ခုကို တည်ထောင်ဖို့ ကျွန်မ ဆုံးဖြတ်ခဲ့ပါတယ်” ဟု ၎င်းက ဆိုသည်။ No Limits ဟု အမည်ပေးထားသည့် ပရဟိတလှုပ်ရှားမှုတစ်ခုကို တည်ထောင်ခဲ့သည်။ အဆိုပါ အစီအစဉ်သည် ယခုအခါ ပညာရေးဌာန သုံးခုအထိ တည်ဆောက်ပြီး ဖြစ်သည်။ ကယ်လီဖိုးနီးယားဒေသကို အခြေစိုက်ထားသည်။ အဆိုပါ ပညာရေးစင်တာများက အကြားအာရုံချို့တဲ့သော ကလေးသူငယ်များအတွက် အခမဲ့ထောက်ပံ့ကူညီမှုများ၊ တိုးတက်စေရန်ပြုလုပ်ရသည့် လေ့ကျင့်ခန်းများ၊ လှုပ်ရှားမှုများကို အခမဲ့ ဝန်ဆောင်မှုပေးခြင်းတို့ကို ပြုလုပ်ကြသည်။ အဖွဲ့အစည်းသည် နှစ်စဉ် ကလေးပေါင်း ၆၀၀ ခန့် နှင့် မိသားစုများအတွက် အလုပ်လုပ်ပေးနေသည်။ No Limits အဖွဲ့သည် ပြည်နယ်ပေါင်း ၁၃ ပြည်နယ်တွင် ပြဇာတ်ပေါင်း အကြိမ် ၁၀၀ ခန့် ဖျော်ဖြေခဲ့ပြီး ဖြစ်သည်။ လူပေါင်း နှစ်သိန်းခန့်ထံသို့ ပြဇာတ်အဖွဲ့က သွားရောက်ခဲ့ပြီး ဖြစ်ပါသည်။

အကြားအာရုံထိခိုက်ထားသော ကလေးများကို ပြုစုလေ့ကျင့်ပေးရခြင်းသည် လွယ်လှသည်တော့ မဟုတ်ပေ။ အမြင်အာရုံ အားနည်းသူကို မျက်မှန်တပ်ပေးလိုက်သကဲ့သို့ အဆင်ပြေသွားမည်ဟု ယူဆသူများ ရှိတတ်သည်။ နားတွင် အကြားအာရုံစက်လေး တပ်ပေးလိုက်ရုံဖြင့် ဘာသာစကားများကို လေ့လာနိုင်ပြီဟု ယူဆ၍ မရပါပေ။ တချို့ကလေးများက အသက် ၃ နှစ်ရှိသည့်တိုင် ထိုစက်ကို မတပ်ဆင်ရသေး။ ၃ နှစ်လောက်မှ စတပ်နိုင်သည်။ ထို့ကြောင့် ပြီးခဲ့သည့် ၃ နှစ်လုံးလုံး ဘာသံကိုမှ ကောင်းကောင်း မကြားခဲ့ဖူးပေ။ တစ်ယောက်ယောက်က ကူညီပေးကာ အသံများကို နားလည်လာနိုင်စေရန် ကူညီပေးရသည်။ ဝင်ငွေနည်း မိသားစုများမှ ကလေးများဆိုလျှင် ဆောလျင်စွာ ရရှိသင့်သည့် ပြုစုကုသမှုများကို မရခဲ့ပေ။ သို့ဖြင့် စာဖတ်သည့် စွမ်းရည်ပင် ကျဆင်းလာခဲ့သည်။ သူတို့ကလေးများ ဘယ်တော့မှ စကားပြောတတ်မည်မထင်တော့ဟု အချို့မိဘများက ထင်ကြသည်။ “စကားလုံးတွေကို တစ်ခုပြီး တစ်ခုသင်ရတယ်။ ဘယ်လိုစကားပြောရမယ်ဆိုတာ သင်ပေးရတယ်” ဟု မီရှဲက ဆိုသည်။

အကြားအာရုံထိခိုက်လျက်ရှိသော ကလေးကို အကြားအာရုံကောင်းလာအောင် စီစဉ်ကူညီရခြင်းသည် ငွေကုန်ကြေးကျများတတ်သည်။ မိဘများသည် အလုပ်ပိုလုပ်ကြပြီး ကလေးအတွက် ငွေများများသုံးနိုင်အောင် ကြိုးစားကြသည်။ ထိုအခါ ကလေးများနှင့် အတူနေသည့် အချိန် ပေးမှုနည်းလာသည်။ No Limits သို့ လာရောက်ချိတ်ဆက်ကြသော ကလေးများအတွက် ကစားသည့် အစီအစဉ်များ ပြုလုပ်ပေးသည်။ မိဘများကိုလည်း သင်တန်းပြန်ပေးသည်။ ထိုရရှိလာသော နည်းစနစ်များဖြင့် အိမ်တွင် ကလေးများကို လေ့ကျင့်ပေးနိုင်ပေသည်။

“ကျွန်မ ကလေးတွေဟာ ကောလိပ်ရောက်ကုန်တဲ့သူနဲ့ ကျောင်းပြီးတဲ့သူနဲ့ ဖြစ်နေပါပြီ။ ဒါကို ကြည့်ရတာ စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ သူတို့မှာ အနာဂတ်တွေရှိနေပြီလေ။ သူတို့ ဘဝအတွက် အိပ်မက်တွေ အကြီးကြီးရှိစေချင်ပါတယ်” ဟု ခရစ္စတီက ဆိုသည်။ “တချို့ကလေးတွေက လေယာဉ်

**စာမျက်နှာ 17 သို့**

# About Them



ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်



ပဒိုမူတူးစေးဖိုး

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးရန်
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်၊
တပ်မတော်ထိပ်သီးခေါင်းဆောင်အချို့နှင့်
တိုင်းရင်းသားလက်နက်ကိုင်ရှစ်ဖွဲ့မှ
ခေါင်းဆောင်များ
နေပြည်တော်တွင် ဧပြီလ ၂၄ ရက်နေ့က
ဆွေးနွေးခဲ့စဉ် (ဓာတ်ပုံ EPA)




ဧပြီလ ၂၆ ရက်နေ့က ရန်ကုန်မြို့ MCC ခန်းမတွင်ကျင်းပခဲ့သည့်
ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (၂၀၁၇) အထိမ်းအမှတ်အခမ်းအနား



လူမင်း



အုန်းဝင်း



ဆွေဇင်ထိုက်

ဧပြီလ ၂၉ ရက်နေ့က ရန်ကုန်မြို့
ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက်တွင်
ကျင်းပပြုလုပ်ခဲ့သည့်
ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏
ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့်
သတင်းစာရှင်းလင်းပွဲ

စာ - 16 "ပြဇာတ်အဖွဲ့" မှ အဆက်

မောင်းနိုင်သွားကြတယ်။ တချို့ သိပ္ပံပညာရှင်ဖြစ်တယ်။ ရှေ့နေတွေရှိပါတယ်။ စိတ်ပညာရှင်တွေဖြစ်သွားကြတယ်။ အကြားအာရုံ ထိခိုက်နေပေမယ့် အောင်မြင်တဲ့ သူတွေ ဖြစ်သွားကြတယ်" ဟု ၎င်းက ဆိုသည်။

အနုပညာသည် ကုစားပျိုးထောင်ရာတွင် အသုံးဝင်သည်ကို မီရှဲ နှင့် No Limits လှုပ်ရှားမှုက သက်သေဖြစ်ပါသည်။ ပြဇာတ်အနုပညာသည် စကားလုံးများ၊ ခန္ဓာကိုယ် အမူအရာများဖြင့် တင်ဆက်ရသည့် အနုပညာပုံစံတစ်မျိုးဖြစ်သည်။ ကလေးများ ဖွံ့ဖြိုးရေးကို ကူညီပေးသည့် ပရဟိတလုပ်ငန်းတွင် အနုပညာကို ပေါင်းစပ်လိုက်သည့်အခါ ရလဒ်ကလည်း ဖော်ပြခဲ့သည့်အတိုင်း အကျိုးဖြစ်ထွန်းပါသည်။ ပြဇာတ်တစ်ပုဒ်ကပြီးသွားတိုင်း ကလေးများသည် မိမိကိုယ်ကို ယုံကြည်မှု မြင့်တက်လာခဲ့သည်။ တခြားကလေးများလို ငါလည်း စွမ်းဆောင်နိုင်သားပဲဟု မြင်လာကြသည်။ အရေးကြီးသော ကုစားပေးမှုဖြစ်သည်။

**သန့်ဇင်စိုး**



# “ခေတ်ကြီးဒီလောက်ပျက်နေတယ်၊ မိန်းကလေးတွေ ဒီလောက်ပျက်စီးနေတယ်၊ မြန်မာပြည်မှာ ဒီလိုဖြစ်တယ်ဆိုတာကို သူတို့က မပြချင်ဘူး”

## စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ) နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး



ဓာတ်ပုံ- သန့်ဇင်ဦး

**လက်ရှိရုံတင်ပြသနေတဲ့ ခေါက်ထီးကလေး မလုံ့တလုံ ရုပ်ရှင်ဇာတ်ကားရဲ့ ဇာတ်လမ်းကို မွေးဖွားပေးခဲ့တဲ့ စာရေးဆရာမကြီး စမ်းစမ်းနွဲ့ ( သာယာဝတီ) နဲ့ တွေ့ဆုံပြီး၊ ရုပ်ရှင်ဇာတ်ကားမှာ အဓိက အမျိုးသမီးသရုပ်ဆောင်နှစ်ယောက် ရဲ့သရုပ်ဆောင်မှုအပေါ် သူ့အမြင်၊ ဝတ္ထုကို ရေးသားဖြစ်တဲ့အကြောင်းနဲ့ ဝတ္ထုက သင်ခန်းစာပေးချင်တဲ့ အကြောင်းအရာများကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice ခေါက်ထီးကလေး မလုံ့တလုံ ရုပ်ရှင်မှာ အဓိက မင်းသမီးနှစ်ယောက်ရဲ့ သရုပ်ဆောင်မှုတွေကို မူရင်း ဝတ္ထုရဲ့ စာရေးသူတစ်ယောက်အနေနဲ့ ကျေနပ်အားရမှုရှိလား။**

**SSN:** အမှန်တော့ ဆရာမက ဝတ္ထုထဲမှာတော့ ရွှေစင်မွန်လို မိန်းကလေးမျိုးတွေ များများရှိစေချင်လို့ အမွှန်းတင် ရေးခဲ့တာပါ။ သူကတော့ ဝတ္ထုရဲ့ ပထမဇာတ်လိုက်ပေါ့နော်။ ရုပ်ရှင်မှာကျတော့ အလှူပ်ဇာတ်ကောင်ဖြစ်တဲ့ ကြွေ က အရမ်းကို တက်သွားတယ်။ ဒီကားမှာဆို အေးမြတ်သူက တော်တော်ကိုလုပ်တာ။ ဒီလိုအခန်းမျိုးတွေမှာ ဒီလောက်အထိ သူ လုပ်လိမ့်မယ်လို့ မထင်ဘူး။ သူက ငယ်လည်းငယ်တယ်။ ချစ်စရာလည်း ကောင်းတယ် လေ။ ဒါပေမဲ့ ဒီကားမှာ သူက အဆုံးကို လုပ်ပြသွားတယ်။ ဒီကားမှာ အေးမြတ်သူ သရုပ်ဆောင်တာ ကောင်းလွန်းလို့ အကယ်ဒမီများတောင် ရမလားမသိဘူးလို့ မျှော်လင့်မိပါတယ်။

**Voice: ဒီဝတ္ထုထွက်တဲ့အချိန်တုန်းက အောင်မြင်မှုရခဲ့သလို၊ နောက်ဆက်တွဲဝေဖန်မှု ဂယက်တွေလည်း ရှိခဲ့တယ်နော်။**

**SSN:** ဒီဝတ္ထုကို ဆရာမရေးခဲ့တာ နှစ်ပေါင်း လေးဆယ်ရှိပါပြီ။ ၁၉၇၇ ခုနှစ်၊ ဧပြီလက ထွက်ခဲ့တာပါ။ ဒီဝတ္ထု ထွက်ပြီးတော့ ဗီဇနဲ့ ပတ်ဝန်းကျင်ဆိုတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး ပြဿနာလေး ပေါ်ခဲ့ပါတယ်။ဒီဘက်ခေတ်မှာတော့ အဲဒါ သိပ်မရှိတော့ပါဘူး။ ဒီဘက်ခေတ်မှာတော့ လူတစ်ယောက်မှာ စိတ်ခံစားမှုနဲ့ ဆင်ခြင်တုံတရားက အရေးကြီးတယ်လို့ပြောရမှာပေ့ါ။ အရင်တုန်းကတော့ နိုင်ငံရေးဝါဒတွေက မျိုးစုံရှိတော့ ရုပ်ဝါဒသမားတွေက လူတွေရဲ့ဖြစ်တည်မှုဟာ ပတ်ဝန်းကျင်အပေါ်မှာ မူတည်တယ်လို့ပြောကြတာကိုး။ ဒီမိန်းကလေးတွေ ဒီလိုဘဝမျိုး ရောက်ကြတာကို ပတ်ဝန်းကျင်အပေါ်မှာချည်း ပုံချတာကို စိတ်ထဲမှာ ကိုယ်က မိန်းမသားတစ်ယောက်အနေနဲ့ ဘဝင်မကျခဲ့ဘူး။

**Voice: ဒီဝတ္ထုကိုရေးဖြစ်ဖို့အတွက်ရော ဘယ်လိုစိတ်ကူးရခဲ့တာလဲ။ ဝတ္ထုကနေပြီး စာဖတ်သူတွေကို ဘယ်လို အသိမျိုး ရသွားစေချင်ခဲ့တာလဲ။**

**SSN:** အဲ့ဒါကတော့ အန်တီတို့ ရန်ကင်းနားမှာ May Fair Club ဆိုတာ ရှိတယ်။ အဲ့ဒီမှာ အမှုဖြစ်တော့ ပြည့်တန်ဆာမိန်းကလေးတွေက တရားရုံးကို ရောက်သွားတယ်။ အန်တီက သူတို့နဲ့အတူ တရားရုံးကို လိုက်သွားမိတယ်။ တရားရုံးမှာ ရုံးချိန်းတိုင်းကို သွားနားထောင်ရင်းနဲ့ သူတို့ရဲ့ဘဝတွေကိုလည်း သိလာတယ်။ သူတို့ရဲ့အမှုအရာတွေ၊ ဖြစ်ရတဲ့ ဖြစ်ကြောင်းကုန်စင်ကိုလည်း အကုန်သိလာတော့ ဝတ္ထုရေးချင်စိတ်က ဖြစ်လာခဲ့တယ်။ မိန်းကလေးတွေပျက်စီးတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူမှုနည်းလို့၊ ဆင်ခြင်တုံတရားလည်း နည်းလို့ပါ။ ဆိုးပါတယ်ဆိုတဲ့ စနစ်ကြီး၊ ဆိုးပါတယ်ဆိုတဲ့ ခေတ်ကြီးထဲမှာ လူအားလုံးမှ မပျက်စီးတာ။ လောကဓံရဲ့ဒဏ်ကိုမခံနိုင်ရင်၊ ဆင်ခြင်တုံတရားနည်းရင်တော့ ပျက်စီးမှာပဲ။ ဒီဝတ္ထုကို ရေးခဲ့တာက အဲ့ဒီအကြောင်းအရာလေးကို ပြန်ပြီးသတိပေးချင်တဲ့ သဘောပါပဲ။ ခေတ်ကြီးတစ်ခေတ်လုံးကိုတော့ ဘယ်စာရေးဆရာမှ ပြုပြင်လို့ မရပါဘူး။ ဒါပေမဲ့ သတိလေးပေးချင်တာပါ။

**Voice: ဝတ္ထုမှာပါတဲ့ တချို့ဇာတ်ကောင်တွေက ပြင်ပမှာလည်း တကယ်ရှိတယ်လို့သိရတယ်။ အဲ့ဒီအကြောင်းလည်း ပြောပြပေးပါဦး။**

**SSN:** အဲ့ဒါလေးကတော့ ဝတ္ထုထဲမှာပါတဲ့ ကြွေကတော့ အပြင်မှာ တကယ်ရှိတယ်ပေ့ါ။ ရွှေစင်မွန်လို မိန်းကလေးလည်း တကယ်ရှိတယ်။ တရားရေးမဏ္ဍိုင်မှာ အင်မတန်တက်ကြွတဲ့သူမျိုးပေ့ါ။ သူတစ်ယောက်တည်းရဲ့ကာရိုက်တာကို ယူထားတာတော့ မဟုတ်ဘူး။ အန်တီတွေ့ဖူးတဲ့ တရားရေးဝန်ထမ်း ဆယ့်လေးငါးယောက်လောက်ရဲ့ ကာရိုက်တာတွေကို ပေါင်းပြီး ရွှေစင်မွန်ကို ပုံဖော်ထားတာပါ။ အဲ့ဒီတုန်းက တရားရေးဝန်ထမ်း မိန်းကလေးတွေက ငွေတွေ၊ ဘာတွေ မက်ရကောင်းမှန်းလည်းမသိကြဘူး။ အခုခေတ်မှာတော့ သိတာတွေ များကြတော့ စိတ်ညစ်တယ်။ ကြွေလို မိန်းကလေးမျိုးကတော့ ဘယ်ခေတ်မှာမဆို ရှိနေနိုင်တာပဲလေ။ ကိုယ့်ကိုယ်ကိုယ် တာဝန်မယူနိုင်တာ၊ ဘယ်ကိစ္စမဆို သူများကို ပုံချတာ၊ ကိုယ့်မှာ ဘာမှအပြစ်မရှိသယောင် ဟန်ဆောင်ပြီး သနားစရာကောင်းအောင် ပြောဆိုတတ်တဲ့ မိန်းကလေးမျိုးတွေက အပြင်မှာလည်း ရှိနေနိုင်တာပါပဲ။

**Voice: ဒီဝတ္ထုကို အရင်ကလည်း ရုပ်ရှင်ရိုက်ဖို့ ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့တာကရော ဘာကြောင့်လဲ။**

**SSN:** အဲ့ဒါကတော့ အရင်တုန်းက စာပေစိစစ်ရေးခေတ်လေ။ ခေတ်ကြီး ဒီလောက် ပျက်နေတယ်၊ မိန်းကလေးတွေ ဒီလောက် ပျက်စီးနေတယ်၊ မြန်မာပြည်မှာ ဒီလိုဖြစ်တယ်ဆိုတာကို သူတို့က မပြချင်ဘူး။ ဒါပေမဲ့ စာပေစိစစ်ရေးက အဲ့ဒီလောက်ကြီး မတင်းကျပ်ပါဘူး။ ရုပ်ရှင်မြှင့်တင်ရေးက ဇာတ်လမ်းကို ခွင့်မပြုတာပါ။ ဒီဝတ္ထုကို ဂျပန်ဘာသာလည်း ပြန်ထားပါတယ်။ ၁၉၈၃ ခုနှစ်လောက်က ပြန်ထားတာပါ။ ပြောရရင် အန်တီ့ဝတ္ထုတွေက ရုပ်ရှင်ရိုက်ဖို့ သိပ်မလွယ်ဘူး။ ဇာတ်လမ်းအဓိက မဟုတ်တဲ့အတွက် ရုပ်ရှင်ရိုက်ဖို့ အဆင်မပြေဘူး။ ဒါပေမဲ့ ဇာတ်လမ်းပါတဲ့ မဟူရာအကျဉ်းထောင် ဆိုတဲ့ ဝတ္ထုကိုတော့ ရုပ်ရှင်ရိုက်စေချင်တယ်။ ဒီဝတ္ထုက သမိုင်းနောက်ခံလည်းပါတယ်၊ ဗကပတွေအကြောင်းလည်းပါတယ်၊ ဇာတ်ဝင်ခန်းတွေလည်းများတော့ ရုပ်ရှင်ရိုက်နိုင်ဖို့ ခဲယဉ်းလိမ့်မယ်။ တချို့ကလည်း ရိုက်ဖို့စိတ်ဝင်စားလို့ ကြိုးစားခဲ့ဖူးတယ်။ တကယ်ရိုက်ကူးရင် ငွေကုန်ကျေးကြတော့ များလိမ့်မယ်။



# ‘မအိမ်ကံ’ ဝတ္ထုကို ဇာတ်လမ်းတွဲအဖြစ် သရုပ်ဖော်တဲ့နေရာမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေရှိမှာပါ ဆိုတဲ့ ငြိမ်းမင်း

စာရေးဆရာမခင်ခင်ထူးရဲ့နာမည်ကြီး ဝတ္ထုဖြစ်တဲ့ ‘မအိမ်ကံ’ ကို မကြာမီမှာ ရုပ်သံဇာတ်လမ်းတွဲအဖြစ် ပုံဖော်တော့မှာ ဖြစ်ပြီး လက်ရှိမှာတော့ ဇာတ်ညွှန်းပိုင်းနဲ့ တခြားပြင်ဆင်စရာရှိတဲ့ အပိုင်းတွေကို ပြင်ဆင်နေတယ်လို့ ဇာတ်ညွှန်းနဲ့ ဒါရိုက်တာ ငြိမ်းမင်းက The Voice ကို ပြောကြားပါတယ်။

“အဓိက ဒီဝတ္ထုကို ရိုက်ဖြစ်တာက ကိုဝင်းငြိမ်းရဲ့ကူညီတိုက်တွန်းမှုကြောင့်ပါ။ ပြီးတော့ ကံကြမ္မာရဲ့ တိုက်ဆိုင်မှုတွေပေ့ါနော်။ ကြံစည်သော်လည်းမဖြစ်၊ မကြံစည်သော်လည်း ဖြစ်ဆိုတဲ့စကားအတိုင်းပါပဲ။ အစက ဒီဝတ္ထုကို ရိုက်ဖို့မစဉ်းစားမိဘူး။ ဝတ္ထုက နာမည်ကြီးတဲ့အပြင် တခြားကုမ္ပဏီတစ်ခုကလည်း နက်နက်နဲနဲ ဝယ်ထားတာကိုး။ ဒါပေမဲ့ မမျှော်လင့်ဘဲနဲ့ ဝယ်ထားတဲ့ ကုမ္ပဏီက မရိုက်ဖြစ်တော့ဘူး။ အဲဒါနဲ့ ကိုဝင်းငြိမ်း၊ MRTV-4 တို့နဲ့ ပေါင်းစည်းပြီး ဇာတ်လမ်းတွဲရိုက်ဖို့ စီစဉ်ဖြစ်တာပါ” လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

‘မအိမ်ကံ’ ဝတ္ထုကို ဇာတ်လမ်းတွဲအဖြစ် ပြန်လည်ဖန်တီးတဲ့နေရာမှာ အပြောင်းအလဲမလုပ်ဘဲ ဝတ္ထုအတိုင်းပဲ ရိုက်သွားမှာဖြစ်ပြီး ရှိပြီးသားဇာတ်လမ်းကို ပြန်ပြီးတော့ သရုပ်ဖော်ရမှာဖြစ်တဲ့အတွက် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေလည်း ရှိမှာပါလို့ ဇာတ်ညွှန်းနဲ့ ဒါရိုက်တာငြိမ်းမင်းက ဆိုပါတယ်။

“ဒီဝတ္ထုက ကောင်းပြီးသားဖြစ်တဲ့အတွက် ဘာမှပြောင်းလဲပစ်မှာ မဟုတ်ပါဘူး။ မူရင်းအတိုင်းကိုပဲ ရိုက်မှာပါ။ အဓိက မြန်မာမိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားနဲ့ အညာဓလေ့စရိုက်ကို Image လုပ်ထားတာက အင်မတန်ထူးခြားတဲ့ ရည်ရွယ်ကြံဆမှုလေးပါပဲ။ အဲဒါလေးကိုတော့ ပေါ်အောင်ရိုက်ရမှာပေ့ါနော်” လို့ ၎င်းက ပြောပါတယ်။ ■



ဓာတ်ပုံ- ဝင်းထွန်းနိုင်

# နာမည်ကျော် ဂစ်တာပညာရှင် ၁၄ ဦးပါဝင်မယ့် Guitar Festival မျှော်စင်ကျွန်းမှာ ကျင်းပမယ်

**ရန်ကုန်၊ ဧပြီ ၂၉**

မြန်မာနိုင်ငံရှိ နာမည်ကျော် ဂစ်တာပညာရှင် ၁၄ ဦး ပါဝင်တီးခတ်ဖျော်ဖြေကြမယ့် Guitar Festival ကို မေလ ၁၀ ရက်နေ့ ညနေ ၆နာရီ ၃၀ မှာ ရန်ကုန်မြို့ ကန်တော်ကြီးမျှော်စင်ကျွန်းမှာ အခမဲ့ဖျော်ဖြေပွဲအနေနဲ့ ကျင်းပသွားမှာဖြစ်ကြောင်း ပွဲစီစဉ်သူ တေးသံရှင်ကောင်းဆက်က The Voice ကို ပြောကြားပါတယ်။

“ကျွန်တော့်သီချင်းတွေကို ပြန်ဆိုဖို့အတွက် ပွဲတစ်ပွဲလုပ်မယ်လို့ စပြီးတော့ စိတ်ကူးမိတာပါ။ ပွဲမှာ ကိုယ်ရင်းနှီးတဲ့ ဂစ်တာသမားတွေကို တစ်ယောက်တစ်ပုဒ်ခေါ်တီးခိုင်းမယ်လို့ စဉ်းစားရင်းနဲ့ ဒီပွဲကို လုပ်ဖြစ်သွားတယ်။ ဒီလိုပွဲမျိုးက လုပ်ကြတာလည်း အရမ်းရှားတော့ နှစ်တိုင်းလည်း လုပ်ဖြစ်သွားစေချင်တယ်” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းပွဲမှာတော့ ဂစ်တာပညာရှင်တွေဖြစ်တဲ့ ပက်ထရစ်၊ မြတ်စိုး၊ ဝင်းမောင်၊ ကျော်ကျော်၊ ကျော်မင်း၊ Boy ၊ နိုင်ဇော်၊ ဇော်လတ်၊ ရန်နိုင်၊ စန်းဝင်းအောင်၊ ညီညီထွေး၊ မင်းဦး၊ ဝဏ္ဏ၊ ရွှေထွဋ် တို့က ပါဝင်တီးခတ်ဖျော်ဖြေပေးသွားမှာဖြစ်ပြီး၊ တေးသံရှင် ဂျေမောင်မောင်၊ Rဇာနည်၊ ဖိုးကာ၊ ဟဲလေး၊ အရိုး၊ အိမ့်ချစ်တို့က ပါဝင်သီဆိုပေးကြမှာ ဖြစ်ပါတယ်။

“ဒီပွဲက တစ်ယောက်နဲ့တစ်ယောက် အတ္တတွေပြိုင်တဲ့ ပွဲမဟုတ်ပါဘူး။ ကိုယ့်မှာရှိတဲ့ အရည်အချင်းတွေကို ထုတ်ပြကြရမှာပါ။ အဲ့ဒါဆိုရင် ဒီလိုပွဲမျိုးတွေက အမြဲတမ်းရှင်သန်နိုင်ပါလိမ့်မယ်။ ဒီပွဲကို ဂီတချစ်တဲ့ လူတွေအားလုံး လာနိုင်ပါတယ်။ ပွဲလာမကြည့်တဲ့ ပရိသတ်တွေကိုလည်း ဒီပွဲပြီးတော့ ငါတို့မကြည့်မိတာ နှောင်တရပါတယ်ဆိုတဲ့ စိတ်မျိုးဖြစ်အောင် ကြိုးစားတီးခတ်ကြမှာပါ” လို့ ဂစ်တာသမား နိုင်ဇော်က ပြောကြားပါတယ်။ ■

## မလွှင့်ရသေးတဲ့ တီဗီဇာတ်လမ်းတွဲကို ကွန်ရက်ဖောက်ထွင်းမှု (hack) လုပ်ပြီး ငွေညှစ်မှုဖြစ်ပွား

Netflix မှာပြနေဆဲဖြစ်တဲ့ နာမည်ကြီး ထောင်ဒရာမာ ဇာတ်လမ်းတွဲ Orange Is The New Black ရဲ့အတွဲ(Season) ၅ ရဲ့အပိုင်းအသစ်တွေကို ဟက်ကာတစ်ဦးက ကွန်ရက်ဖောက်ထွင်းမှု (hack) လုပ် ခိုးယူခဲ့ပြီးနောက် အကျပ်ကိုင်ငွေညှစ်နေတယ်လို့ AP သတင်းက ဖော်ပြပါတယ်။

သူတောင်းတဲ့ငွေပမာဏကိုမှ မပေးရင် မလွှင့်ရသေးတဲ့ အတွဲငါးက အပိုင်းတွေကို အင်တာနက်ပေါ် လွှင့်လိုက်မယ်လို့ ခြိမ်းခြောက်နေပါတယ်။

ကုမ္ပဏီက အခုလို အခြေနေကို သတိထားနေရပါတယ်။

The Dark Overlord လို့ နာမည်အတုနဲ့ လှုပ်ရှားနေတဲ့ ဟက်ကာက Orange Is The New Black ဇာတ်လမ်းတွဲ၊ အတွဲ ၅၊ အပိုင်း ၁ ကို အွန်လိုင်းကနေ တရားမဝင် ဖြန့်ဖြူးခဲ့ပါတယ်။ ငွေညှစ်တဲ့အတိုင်းမပေးရင် နောက်အပိုင်းတွေကိုပါ ဖြန့်ပစ်မယ်လို့ခြိမ်းခြောက်ထားတာပါ။ အခြား ကုမ္ပဏီတွေက ဇာတ်လမ်းတွဲတွေကို လည်း ကွန်ရက်ကနေ ဖောက်ထွင်း ခိုးယူထားတယ်လို့ ယူဆရပါတယ်။

ဒီကိစ္စကို အက်ဖ်ဘီအိုင်ကလည်း ပါဝင်စုံစမ်းနေပါပြီ။ Orange Is The New Black ဇာတ်လမ်းတွဲရဲ့ အတွဲငါးကို ဇွန်လ ၉ ရက်နေ့မှ တရားဝင် လွှင့်မှာဖြစ်ပါတယ်။

အမေရိကမှာ Netflix အင်တာနက်ဗီဒီယိုထုတ်လွှင့်ရေးဟာ ဒီလိုမျိုး သူ့ဆီမှာပဲကြည့်နိုင်တဲ့ ဇာတ်လမ်းတွဲအသစ်တွေနဲ့ ပရိသတ်ကို ဆွဲဆောင်ထားနိုင်ပြီး ဒီလိုဖောက်ထွင်းခံရတာဟာ ဒီဇာတ်လမ်းအတွက်သာမကဘဲ ဝန်ဆောင်မှု သုံးစွဲတဲ့ ပရိသတ်တွေကို ဆွဲဆောင်နိုင်စွမ်းပါ ထိခိုက်လာနိုင်ပါတယ်။ **F-03**




## စံချိန်သစ်တွေ တင်မယ့် Baahubali 2



၂၀၁၅ မှာ ရုံတင်ခဲ့တဲ့ အခမ်းနားဆုံး အိန္ဒိယဇာတ်ကား Baahubali ရဲ့အဆက်နဲ့ဇာတ်သိမ်းဖြစ်တဲ့ Baahubali: The Conclusion ဟာ ကမ္ဘာတစ်ဝန်းအကျယ်ပြန့်ဆုံး ဖြန့်ချိနိုင်တဲ့ အိန္ဒိယဇာတ်ကား ဖြစ်တာနဲ့အတူ သမိုင်းတစ်လျှောက် ဝင်ငွေအကောင်းဆုံးအိန္ဒိယဇာတ်ကားလည်း ဖြစ်လာနိုင်တယ်လို့ Hollywood reporter ဝက်ဘ်ဆိုက်က ဖော်ပြပါတယ်။

ပထမကားတုန်းက ကမ္ဘာတစ်ဝန်း ဒေါ်လာ သန်း ၁၀၀ လောက်ရခဲ့ပြီး ပြည်တွင်းမှာတင် ခန့်မှန်းခြေ ဒေါ်လာ ၇၇ သန်း ရခဲ့ပါတယ်။ ဒါဟာ အိန္ဒိယရုပ်ရှင်သမိုင်းဟာ ဝင်ငွေအကောင်းဆုံး သုံးကား စာရင်းဝင်ခဲ့ပါတယ်။

ပထမကားဟာ အမေရိကန်မှာလည်း ပေါက်တယ်လို့ဆိုနိုင်ပြီး ပထမတစ်ပတ်ရုံတင်ရာမှာ ဒေါ်လာ ၃ ဒသမ ၆ သန်းရခဲ့ပြီး အမေးရ်ခန်း (အမီယာခန်းလို့ မြန်မာပြည်မှာခေါ်ကြ) ရဲ့PK နဲ့ အပြိုင် ဝင်ငွေအကောင်းဆုံး အိန္ဒိယကားဖြစ်ခဲ့ပါတယ်။

အခု ဒုတိယပိုင်းကလည်း အမေရိကမှာ ရုံစတင်တဲ့အပတ် တင် ဒေါ်လာ ၇ သန်းလောက် ရဖို့ရှိနေပြီး တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့လည်း ဝင်ငွေကောင်းဖို့မျှော်မှန်းထားကြပါတယ်။

နှစ်ကားတွဲ အသုံးစရိတ် ဒေါ်လာ သန်း ၄၀ သုံးထားတဲ့ ဒီကားကို အက်စ်၊အက်စ်၊ ရာဂျာမိုလီက ရိုက်ကူးခဲ့တာဖြစ်ပြီး အိန္ဒိယကားတွေထဲမှာ ထုတ်လုပ်စရိတ်အများဆုံးဖြစ်ခဲ့ပါတယ်။

ဒီထက်ပိုအရေးကြီးတာက ဟင်ဒီစကားပြော ဘောလိဝုဒ်ရဲ့ အရိပ်လွှမ်းနေတဲ့ အိန္ဒိယတောင်ပိုင်း ရုပ်ရှင်လောကရဲ့ ဂုဏ်သတင်းဖြစ်ပါတယ်။

ဒီဇာတ်ကားဟာ ဒဏ္ဍာရီလာတိုင်းပြည်က ဝမ်းကွဲညီအစ်ကိုနှစ်ဦးကြား အားပြိုင်မှုကို ဆက်လက်ဖော်ကျူးထားပါတယ်။

အဓိကဇာတ်ဆောင် ဘာဟုဘာလီကို စောင့်ရှောက်ဖို့ထားတဲ့ အယုံကြည်ရဆုံးပုဂ္ဂိုလ် ကတ္တပ္ပက နောက်ကျောခေးနဲ့ ထိုးသတ်တဲ့ ဇာတ်ရှိန်အတက်ဆုံးအပိုင်းဟာ ပရိသတ်ကို အလှုပ်ခတ်ဆုံးနဲ့ ဝေဖန်ဆုံး အပိုင်းဖြစ်ခဲ့ပါတယ်။

ကတ္တပ္ပက ဘာဟုဘာလီကို သတ်မယ်ဆိုတာ သတင်းရထားတဲ့ ပရိသတ်က ဘာကြောင့် သတ်ရတာလဲဆိုတာကို လူမှုကွန်ရက်တွေမှာ မေးခွန်းထုတ်၊ ငြင်းခုံခဲ့ကြပုံဟာ Game of Thrones အတွဲ ၅ အဆုံးမှာ ဂျွန်စနိုး ဘာဖြစ်မလဲဆိုတာ ပရိသတ်တွေ ငြင်းခုံခဲ့ကြသလို လူစိတ်ဝင်စားတဲ့ အကြောင်းအရာ ဖြစ်ခဲ့တာပါ။ အိန္ဒိယပြည်တွင်းဖြစ်ရုပ်ရှင်တစ်ခုအတွက် အကျယ်ပြန့်ဆုံး ရုံတင်နိုင်ခဲ့တာကြောင့် ဝင်ငွေအနေနဲ့ တစ်ကမ္ဘာလုံး ခန့်မှန်းခြေ ဒေါ်လာ ၂၂၇ သန်းအထိ ရနိုင်တယ်လို့ ဆိုပါတယ်။ ဒါဟာ ဘောလိဝုဒ်ရဲ့ ဝင်ငွေအကောင်းဆုံး PK ထက် နှစ်ဆလောက်ရမယ့်သဘောပါ။ **F-03**




## တွမ်ဟင့်ခ်စ်နဲ့ အမ်မာဝတ်ဆန်တို့ရဲ့ The Circle နဲ့ ဒီတစ်ပတ် ရုပ်ရှင်

မင်းသားကြီး တွမ်ဟင့်ခ်စ်နဲ့ Beauty and The Beast ဇာတ်ကားနဲ့ တစ်ဟုန်ထိုး နာမည်ကြီးနေတဲ့ အမ်မာဝတ်ဆန်တို့ ပါဝင်သရုပ်ဆောင်ထားတဲ့ The Circle ဟာ ရုံတင်တာ သုံးပတ်ရှိလာပြီဖြစ်တဲ့ The Fate of Furious ကို ဝင်ငွေအရ မကျော်နိုင်ခဲ့ပါဘူး။

သောကြာနေ့ ခန့်မှန်းဝင်ငွေတွေအရဆိုရင် The Circle ဟာ ဒေါ်လာ ၁၀ သန်း နဲ့ ၁၂ သန်းဝန်းကျင်ရခဲ့ပြီး Furious ကတော့ ဒေါ်လာသန်း ၂၀ ကျော်နဲ့ သုံးပတ်ဆက်တိုက် နံပါတ်တစ်နေရာကို ဆက်ယူနိုင်ဖို့ရှိပါတယ်။ ဒီတစ်ပတ်တည်းမှာ တစ်ကမ္ဘာလုံး ရုံတင်ဝင်ငွေ စုစုပေါင်း ဒေါ်လာ သန်း ၁၀၀၀ ပြည့်ဖို့လည်းရှိနေပါတယ်။

ဒါရိုက်တာ ဂျိမ်းစ်ပွန်ဆိုးလ်ဒ် ရဲ့ The Circle ဟာ ကုန်ကျစရိတ် ဒေါ်လာ၁၈ သန်းပဲ ရှိတဲ့အတွက် လက်ရှိအခြေအနေအတိုင်းသွားရင် ငွေကြေးအရ အောင်မြင်တယ်လို့ဆိုရမှာပါ။

နည်းပညာအခြေပြု လျှို့ဝှက်သည်းဖို ဇာတ်ကား The Circle ဟာ နည်းပညာခေတ်မှာကြည့်သင့်တဲ့ ကားကောင်းတစ်ခုပါ။ The Circle လို့ခေါ်တဲ့ အင်တာနက်ကော်ပိုရေးရှင်းကြီးတစ်ခုထဲက ငယ်ရွယ်တဲ့ ဝန်ထမ်း မေဟော်လန်အဖြစ် အမ်မာဝတ်ဆန်က သရုပ်ဆောင်ထားပါတယ်။

တွမ်ဟင့်ခ်စ်ကတော့ ဒီကုမ္ပဏီကို ပူးတွဲထူထောင်သူ အီမွန်ဘေလီပေ့ါ။ ရာထူးတွေမြန်မြန်ဆန်ဆန် တက်လာတဲ့ မေဟော်လန်တစ်ယောက် လူသားမျိုးနွယ်တစ်ခုလုံးရဲ့အနာဂတ်ကို အဆုံးအဖြတ်ပေးရမယ့် ဆုံးဖြတ်ချက်တွေ ချရမယ့်အချိန်ရောက်လာတဲ့အခါ၊ ကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံမှု၊ စောင့်ကြည့်ထောက်လှမ်းမှုနဲ့ လွတ်လပ်ခွင့်တို့ တိုးတိုက်မိတဲ့အကြောင်းကို ရိုက်ကူးထားတာပါ။ Star Wars နောက်ဆုံး ဇာတ်ကားနဲ့ နာမည်ရလာတဲ့ မင်းသားသစ် ဂျွန်ဘိုယေဂါလည်း ပါဝင်ပါတယ်။

ဒီတစ်ပတ်ထဲမှာ အခြားကားသစ်နှစ်ကားလည်း အမေရိကမှာ ရုံတင်ခဲ့ပြီး How to Be a Latin Lover နဲ့ အိန္ဒိယဇာတ်ကား Baahubali: The Conclusion (ဘာဟုဘာလီ ဇာတ်သိမ်း) တို့ဖြစ်ပါတယ်။

ဇာတ်မြူး How to be a Latin Lover မှာ ယူဂျီနိုဒါဘက်ဇ်နဲ့ ဆယ်လ်မာဟေယက်တို့ သရုပ်ဆောင်ထားပြီး သောကြာညခန့်မှန်းဝင်ငွေ ဒေါ်လာ ၇ သန်းလောက်ရခဲ့ပါတယ်။ Baahubali ဒုတိယကားကလည်း အမေရိကမှာပါ ရလဒ်မဆိုးလှဘဲ သောကြာညမှာ ဒေါ်လာ ၇ သန်း ရခဲ့တာဟာ အိန္ဒိယကားတစ်ကားအတွက် အမေရိကမှာ စံချိန်ဖြစ်လာပါတယ်။

ဒီတစ်ပတ်အမေရိကမှာ ရုံမတင်သေးဘဲ တစ်ကမ္ဘာလုံးမှာ အရင်စပြနေတဲ့ Guardian of the Galaxy Vol.2 ကတော့ ဒီတစ်ပတ်ထဲ ဒေါ်လာ သန်း ၁၀၀ လောက် ရဖို့ရှိနေပါတယ်။ အမေရိကမှာတော့ နွေရာသီ ရုပ်ရှင်ဈေးကွက် ဇာတ်ရှိန်မြင့်ချိန် မေလ ၅ ရက်နေ့မှာမှ ရုံတင်မှာဖြစ်ပါတယ်။ **F-03**

## တိုင်းမ်စကွဲမှာ ချယ်ရီပိုင်မုန့်တွေနဲ့ ပရိသတ်ကို အံ့သြအောင်လုပ်ခဲ့တဲ့ ကေတီပယ်ရီ

အသက် ၃၂ နှစ် အရွယ် နာမည်ကြီးအဆိုတော် ကေတီပယ်ရီက တိုင်းမ်စကွဲမှာ ပရိသတ်တွေကို အရသာရှိတဲ့ ချယ်ရီပိုင်မုန့်တွေ ဝေပေးခဲ့ပါတယ်။

ချယ်ရီပိုင်မုန့်တွေသယ် ထရပ်ကားပေါ်ကနေ ကိုယ်တိုင်ဆင်းလာခဲ့ပြီး ပရိသတ်တွေကို ရင်ခုန်စိတ်လှုပ်ရှားစေခဲ့ပါတယ်။

ကေတီ မုန့်တွေဝေပေးနေတာကို အရင်ဆုံးတွေ့တဲ့သူတွေကတော့ ဓာတ်ပုံတွေ ဗီဒီယိုတွေရိုက်ပြီးတော့ အင်တာနက်ပေါ်ကို တင်ခဲ့ကြပါတယ်။



အဆိုတော် မီဂိုးစ်ပါဝင်တဲ့ Bon Appétit သီချင်းကို ထုတ်လုပ်နေတာကြောင့် ကေတီက အလုပ်တွေ ရှုပ်နေတာပါ။ ၂၄ နာရီဖွင့်တယ်လို့ စာရေးပြီး ပိုင်မုန့် ထရပ်ကားရဲ့ ပုံအချို့ကို အင်စတာဂရမ်မှာ တင်ခဲ့ပါတယ်။

တချို့တွေကတော့ ကေတီက ပရိသတ်တွေရဲ့ အလိုလိုက်တာကို ခံချင်လို့ပဲလို့ ထင်ခဲ့ပေမယ့် ဒီထက်တော့ နည်းနည်း စဉ်းစားခဲ့သင့်ကြပါတယ်။

‘which calls for sweet cherries, butter, sugar, and cornstarch’ လို့ ရေးထားတဲ့ စာတွေကိုလည်း ပရိသတ်တွေက သီချင်းအသစ်မှာပါမယ့် စာသားတွေ ဖြစ်နိုင်တယ်လို့ ဆုံးဖြတ်ကြပါတယ်။ မတ်လတုန်းကလည်း အဲ့ဒီသီချင်းအသစ်ကို ကေတီက အင်စတာဂရမ် စတိုရီမှာ အမြည်းတင်ခဲ့ပါသေးတယ်။ **F-03**

# မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့ရန် အမေရိကန်ဆုံးဖြတ်၊ THAAD စနစ်ကို ရက်ပိုင်းအတွင်း အသက်ဝင်စေမည်

**နယူးယောက်၊ ဧပြီ ၂၉**

တောင်ကိုရီးယားတွင် တပ်ဆင်နေသော Thaad ဒုံးကျည်ကာကွယ်ရေးစနစ်ကို ရက်ပိုင်းအတွင်း အသက်ဝင်စေရန် စီစဉ်နေပြီး မြောက်ကိုရီးယားအပေါ် တင်းကျပ်သော စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဟု အမေရိကန်ပြည်ထောင်စုက ပြောကြားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

Thaad ဒုံးခွင်းဒုံးစနစ်သည် မူလက ၂၀၁၇ နှစ်ကုန်ပိုင်းအထိ အသုံးပြုရန် မျှော်လင့်ထားခြင်းမရှိခဲ့သော်လည်း မြောက်ကိုရီးယား၏ စစ်ရေးခြိမ်းခြောက်မှုများ မြင့်တက်လာမှုကြောင့် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားပြည်သူများစွာကမူ ၎င်းတို့ ပစ်မှတ်ဖြစ်လာမည်ကို စိုးရိမ်ကာ ဆန့်ကျင်လျက်ရှိသည်။

မြောက်ကိုရီးယား၏ ကြီးထွားလာသော ခြိမ်းခြောက်မှုမှ တောင်ကိုရီးယားကို ကောင်းစွာ ကာကွယ်နိုင်ရန်အတွက် Thaad ဒုံးကျည်ကာကွယ်ရေးစနစ် ရက်ပိုင်းအတွင်း အဆင်သင့်ဖြစ်တော့မည်ဟု ဗိုလ်ချုပ်ကြီးဟယ်ရီဟဲရစ်က လွှတ်တော်အမတ်များအား ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့ခြင်းဖြစ်သည်။

Thaad ဒုံးကျည်ကာကွယ်ရေးစနစ်၏ ရေဒါစွမ်းရည်ကြောင့် စစ်ရေးလုံခြုံမှု ထိခိုက်လာမည်ကို စိုးရိမ်နေသော တရုတ်နိုင်ငံကလည်း အဆိုပါအစီအစဉ်ကို ပြင်းထန်စွာ ကန့်ကွက်လျက်ရှိသည်။

ဧပြီလ ၁၆ ရက်က မြောက်ကိုရီးယား၏ မအောင်မြင်သော ဒုံးကျည်စမ်းသပ်မှုအပါအဝင် နျူကလီးယားစမ်းသပ်မှုပြုလုပ်မည့် ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ အမေရိကန်ဒုတိယသမ္မတ မိုက်ပင့်စ်က သမ္မတထရမ့်ကို အကဲမစမ်းရန် ပြုယမ်းကို သတိပေးခဲ့သည်။

အမေရိကန်ရေငုတ်သင်္ဘော မီချီဂန်သည် လေယာဉ်တင်သင်္ဘော ကားလ်ဗင်ဆန့်ဦးဆောင်သော တိုက်ခိုက်ရေးသင်္ဘောအုပ်စုနှင့် ပူးပေါင်းရန်အတွက် အင်္ဂါနေ့က ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

ဗုဒ္ဓဟူးနေ့က လွှတ်တော်အမတ် ၁၀၀ ကျော်ကို အထူးရှင်းလင်းပွဲ ပြုလုပ်ပြီးနောက် တာဝန်ရှိသူများက သမ္မတထရမ့်၏ မြောက်ကိုရီးယားဆိုင်ရာ မဟာဗျူဟာကို ပြောကြားခဲ့သည်။

သမ္မတထရမ့်သည် စီးပွားရေးပိတ်ဆို့မှု တင်းကျပ်ခြင်း၊ မဟာမိတ်များ၊ ဒေသတွင်း လက်တွဲဖော်များနှင့် သံတမန်ရေးဖိအားပေးခြင်းတို့ဖြင့် မြောက်ကိုရီးယားအား နျူကလီးယား၊ ဒုံးကျည်နှင့် လက်နက်ပြန့်ပွားရေးအစီအစဉ်များကို စွန့်လွှတ်စေရန် ဖိအားပေးဖို့ ရည်ရွယ်ထားသည်ဟု နိုင်ငံခြားရေးဝန်ကြီး တေလာဆန်၊ ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်နှင့် အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဒန်ကုတ်စ်တို့က ပူးတွဲကြေညာချက် ထုတ်ပြန်သည်။

ထို့ပြင် အကြမ်းဖက်ဝါဒကို အားပေးသောနိုင်ငံများစာရင်းတွင် မြောက်ကိုရီးယားကို ထည့်သွင်းရေးကိုလည်း စဉ်းစားနေသည်ဟု အိမ်ဖြူတော် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မနှစ်ကတည်းက ချမှတ်ထားသော အရေးယူမှုများအရ အမေရိကန်ပြည်ထောင်စုရှိ မြောက်ကိုရီးယား ပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားပြီး မြောက်ကိုရီးယားသို့ ပို့ကုန်တင်ပို့ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းကို တားမြစ်ပိတ်ပင်ထားပြီးဖြစ်သည်။■ F-04







ဘရာဇီးဆန္ဒပြသမားများ

# နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ဘရာဇီးနိုင်ငံတွင် အထွေထွေသပိတ် ဖြစ်ပွား

**ဘရာဇီလီယာ၊ ဧပြီ ၂၉**

နှစ်ပေါင်း ၂၀ ကျော်တွင်း ပထမဆုံးအကြိမ်ဖြစ် ဘရာဇီးနိုင်ငံတွင် အထွေထွေသပိတ်ဖြစ်ပွားလျက်ရှိပြီး မြို့ပေါင်းများစွာတွင် ဆန္ဒပြသမားများနှင့် ရဲများ ပဋိပက္ခဖြစ်နေသလို၊ သမ္မတမိုက်ကယ်တီမာဆာပေါလို၏ နန်းတော်သို့ ချီတက်ဆန္ဒပြခဲ့ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

အလုပ်သမားများဥပဒေကို အားပျော့စေပြီး ရက်ရောလှသည့် ပင်စင်စနစ်ကို လျှော့ချပစ်မည့် အသုံးစရိတ်ချွေတာရေး ဥပဒေကြမ်း အတည်ပြုနိုင်ရေး သမ္မတတီမာ ဆာပေါလို လုပ်ဆောင်လာခြင်းကို လက်မခံခြင်းကြောင့် ဘရာဇီး အလုပ်သမားသမဂ္ဂများက အထွေထွေသပိတ် လုပ်ဆောင်ခြင်းဖြစ်သည်။

ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက်တွင် ရီဒီဂျနဲရိုးမြို့လယ်တွင် မီးလောင်နေသည့် ခရီးသည်တင်ကား ရှစ်စီးထက်မနည်း တွေ့ရှိခဲ့ရပြီး ရဲတပ်ဖွဲ့ကလည်း မျက်နှာဖုံးအုပ်ထားသည့် ဆန္ဒပြသမားများကို မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များဖြင့် ပစ်ခတ်ခဲ့သည်။

ယင်းကဲ့သို့သော ဆန္ဒပြပွဲများကို သမ္မတနှင့် ၎င်း၏ ဗဟိုလက်ယာအစိုးရက ရှုတ်ချလိုက်ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များကို သမဂ္ဂများက ပစ်မှတ်ထားမှုကြောင့် အလုပ်လုပ်လိုသူများ အခက်တွေ့နေရသည်ဟု ပြောကြားသည်။

သို့သော်လည်း ဘရာဇီးနိုင်ငံတွင်းရှိ ပြည်နယ်စုစုပေါင်း ၂၆ တွင် ဖြစ်ပွားနေပြီး ကားလုပ်ငန်း၊ ရေနံလုပ်ငန်း၊ ကျောင်းများနှင့် ဘဏ်လုပ်ငန်းများမှ အလုပ်သမားသန်းနှင့်ချီ ပူးပေါင်းပါဝင်နေသည့် အထွေထွေသပိတ်မှာ အောင်မြင်မှု ရရှိနေကြောင်း သမဂ္ဂများက ပြောကြားသည်။

"အစိုးရအဖွဲ့ ဘာလုပ်နေတယ်၊ အလုပ်သမားတွေရဲ့အခွင့်အရေးကို ရုပ်သိမ်းနေတယ်ဆိုတာကို ကျွန်တော်တို့စောင့်ကြည့်နေတယ်ဆိုတာ သတင်းစကားပေးပို့နိုင်ဖို့ အရေးကြီးပါတယ်"ဟု အဖွဲ့ဝင် ၄၀၀၀ ပါရှိသည့် ဘရာဇီလီယာမြို့တော်မှ ရေဒီယိုနှင့် ရုပ်မြင်သံကြား အလုပ်သမားသမဂ္ဂမှ အကြီးအကဲ မာကိုကလီမန်တီက ပြောကြားသွားသည်။

ဘရာဇီးနိုင်ငံ၏ နောက်ဆုံးသော အထွေထွေသပိတ်သည် ပုဂ္ဂလိကပိုင်လုပ်ရေး၊ အလုပ်သမား ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရေးနှင့်ပတ်သက်ပြီး ၁၉၉၆ ခုနှစ်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ■ F-05

# သမ္မတဟောင်း ဘားရက်အိုဘားမား ဝေါစတရီတွင် မိန့်ခွန်းတစ်ခုပြောခ ဒေါ်လာ လေးသိန်းရရှိ

**ဝါရှင်တန်ဒီစီ၊ ဧပြီ ၂၉**

အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဘားရက်အိုဘားမားသည် ဝေါစတရီ ညီလာခံတစ်ရပ်တွင် တက်ရောက်ကာ မိန့်ခွန်းတစ်ခု ပြောကြားခဲ့သည့်အတွက် ဥဏ်ပူဇော်ခ အမေရိကန်ဒေါ်လာ လေးသိန်း ရရှိမည်ဖြစ်ကြောင်း မီဒီယာဖော်ပြချက်များအရ CNA သတင်းတစ်ရပ်က ဖော်ပြသည်။

Cantor Fitzgerald ဟု အမည်ရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကော်ပိုရေးရှင်းကြီးက ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ညီလာခံတစ်ရပ် ကျင်းပရာတွင် အိုဘားမားက တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

အဆိုပါမိန့်ခွန်းသည် အိုဘားမား၏ အခကြေးငွေယူပြီး ပြောသော ပထမဆုံး မိန့်ခွန်းများအနက် တစ်ခုအပါအဝင်ဖြစ်လာသည်။

ဟီလာရီကလင်တန်တစ်ယောက် နိုင်ငံခြားရေးဝန်ကြီးရာထူးမှ အနားယူပြီးနောက်တွင် Goldman Sachs အတွက် ပြောကြားပေးသော မိန့်ခွန်းသုံးခုထက် အိုဘားမားက ယခုမိန့်ခွန်းတစ်ခုက ပေါက်စျေး နှစ်ဆခန့်ရှိပါသည်။

အိုဘားမားသည် ၎င်းတာဝန်ထမ်းဆောင်ခဲ့စဉ်က အမေရိကန်စျေးကွက်အခြေစိုက်ရာဝေါစတရီကို မကြာခဏဝေဖန်ခဲ့သူဖြစ်ရာ ယခု၎င်းတို့အတွက် မိန့်ခွန်းပြောပေးမည်ဆိုခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ပုံမျိုးစုံထွက်ရှိနေသည်။

ဒီမိုကရက်များက ဝေါစတရီကို ဆန့်ကျင်သောပါတီဖြစ်ရန် ကြိုးစားနေချိန်တွင် ယခုမိန့်ခွန်းက သံသယပွားစရာဖြစ်ရပ်ဟုဆိုနိုင်ကြောင်း ဆောင်းပါးရှင် အာရွန်ဘလိတ်ခ်က ဝါရှင်တန်ပို့စ်သို့ပေးပို့သော အိတ်ဖွင့်ပေးစာကဏ္ဍတွင် ရေးသားဖော်ပြထားသည်။

"လူဖြူတွေဟာ စီးပွားရေးကို ကြိတ်ဖို့အတွက် သန်းပေါင်းများစွာရနေချိန်မှာ သူတို့ကိုကယ်တင်ဖို့ အိုဘားမား မိန့်ခွန်းပြောပေးတဲ့အတွက် ဒေါ်လာလေးသိန်းတော့ရသင့်ပါတယ်"ဟု တက်ကြွလှုပ်ရှားသူ ဆန်မျူရယ် ဆင်ယန်ဝီက Twitter တွင် ရေးသားထားသည်။

အိုဘားမားသည် ချီကာဂိုတက္ကသိုလ်သို့လည်း သွားရောက်ကာ ကျောင်းသားများကို စကားပြောပေးခဲ့ဖူးပြီး ပြည်သူ့ဘက်က ရည်တည်ခဲ့သည်။

အိုဘားမားသည် သမ္မတသက်တမ်းပြီးဆုံးသွားပြီးနောက် လုပ်ငန်းရှင် သူဌေးကြီးများနှင့် အပန်းဖြေခရီးများ အတူထွက်ခဲ့ရာ ဝေဖန်ခံခဲ့ရသည်။ ■ F-02




ဝေါစတရီအရင်းရှင်ကြီးများအတွက် မိန့်ခွန်းပြောပေးသည်ဟူ၍လည်း ဝေဖန်ခံနေရသည်

# ဒေါ်နယ်ထရမ့် ရက် ၁၀၀၊ ကမ္ဘာ့အပြောင်းအလဲ ခုနစ်ပါး

ဇေဝင်းနောင် ရေးသားသည်။

ဒေါ်နယ်ထရမ့် အိမ်ဖြူတော်ရောက်လာသည်မှာ ဧပြီ ၂၉ ဆိုလျှင် ရက် ၁၀၀ ပြည့်ပြီ။ ထိုကာလအတွင်း အမေရိကန်နှင့် တစ်ကမ္ဘာလုံး၏ဆက်ဆံရေးတွင် အရေးပါသောအပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့သည်။ အဓိကကျသော အပြောင်းအလဲများကို ခုနစ်ပိုင်း ခွဲကြည့်နိုင်သည်။




**သောကြာနေ့မှအဆက်**

## အင်အားသုံးမှု

သမ္မတအိုဘားမားသည် အီရတ်နှင့် အာဖဂန်တွင် အမေရိကန် စစ်ဆင်နွှဲနေမှု အဆုံးသတ်ရန် သမ္မတဖြစ်လာရသူဖြစ်ရာ အရှေ့အလယ်ပိုင်းမှ နောက်ထပ်ပဋိပက္ခတစ်ခုတွင် ထပ်ပါရန် လက်တွန့်ခဲ့သည်မှာ မဆန်းလှ။

ဆီးရီးယားတွင် လူမဆန်သော ရက်စက်မှုများအကြီးအကျယ် ဖြစ်နေခဲ့ချိန်တွင်ပင် စစ်ရေးစွက်ဖက်မှုသည် အကုန်အကျများသော ဆုံးရှုံးမှုသာဖြစ်စေမည်ဟု မှတ်ယူခဲ့သည်။ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးကိုသာ အိုဘားမားအစိုးရက အာရုံစိုက်ခဲ့ပြီး သဘောထားပျော့ပျောင်းသည့် ဆီးရီးယားသူပုန်အဖွဲ့အချို့ကို ထောက်ပံ့ပေးခဲ့ပြီး အပစ်အခတ်ရပ်စဲရေး နှိုးဆော်ကာ သမ္မတအာဆတ် ရာထူးမှဆင်းပေးရေး ရည်ရွယ်သော နိုင်ငံရေးဆွေးနွေးမှုများကို အားစိုက်လုပ်ခဲ့သည်။

ဒေါ်နယ်ထရမ့်သည် မူလက ဆီးရီးယားတွင် အမေရိကန်စစ်ရေးအရ ဝင်ရောက်မှုကို ဆန့်ကျင်ခဲ့သူဖြစ်ပြီး ပြည်တွင်းရေးသာ အလေးပေးမည်ဟု ကြွေးကြော်ခဲ့သူဖြစ်သည်။ 'ဆီးရီးယားကို မေ့လိုက်၊ အမေရိကကို ပြန်ပြီး ကြီးမြတ်အောင်လုပ်ကြစို့' ဟု ၂၀၁၃ တုန်းက ကြွေးကြော်ခဲ့ဖူးသည်။

ဧပြီလတွင် ဆီးရီးယားအစိုးရ လေတပ်စခန်းကို တိုမာဟော့ခ်ဒုံးကျည်များဖြင့် တိုက်ခိုက်ရန် အမိန့်ပေးခဲ့ခြင်းမှာ ထရမ့်၏မူဝါဒတွင် အထင်ရှားဆုံး ဂငယ်ကွေ့တစ်ခုဖြစ်လာသည်။

ဆီးရီးယားအစိုးရ၏ ဓာတုလက်နက်သုံးစွဲမှု၊ ကလေးများပါ မချန် တိုက်ခိုက်ခဲ့မှုက သူ့ရပ်တည်ချက်ကို ပြောင်းလဲစေသည်ဟု ထရမ့်က ဆိုသည်။

ယင်းတိုက်ခိုက်မှုသည် ဆီးရီးယားပြည်တွင်းစစ် ဖြစ်ပြီးနောက်ပိုင်း ဆီးရီးယားအစိုးရကို ပထမဆုံးတိုက်ရိုက်ပစ်မှတ်ထားသည့် အမေရိက၏ တိုက်ခိုက်မှုဖြစ်ခဲ့သည်။

ထို့နောက် ရက်ပိုင်းပင်မကြာဘဲ အာဖဂန်ရှိ IS စစ်သွေးကြွများ၏ ဥမင်ကွန်ရက်ကို ဖျက်ဆီးရန် 'ဗုံးတို့၏မိခင်ကြီး' ဟုတင်စားကြသော ဧရာမဗုံးကြီးကို ကြဲချရန် ညွှန်ကြားခဲ့ပြန်သည်။ အမေရိကန်တို့ တစ်ခါမျှ မသုံးဖူးခဲ့သော ဗုံးအသစ်အဆန်းကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

ထရမ့်၏ အမေရိကသည် ကာကွယ်ရေးအသုံးစရိတ် ချဲ့ထွင်ရန် ပြင်ဆင်လျက်ရှိရာ လာမည့်ပြည်ပပဋိပက္ခများတွင် အင်အားပိုသုံးလာဖွယ်ရှိသည်။

## မရေရာသော လွတ်လပ်စွာကုန်သွယ်ရေးအနာဂတ်

ထရမ့်၏ ကုန်သွယ်ရေးမူဝါဒများအရဆိုလျှင် အမေရိကသည် ကမ္ဘာကြီးနှင့် ဆယ်စုနှစ်ပေါင်းများစွာ ထိတွေ့ကုန်သွယ်ခဲ့သည့်နည်းလမ်းများကို အကြီးမားဆုံး အပြောင်းအလဲ လုပ်ဖွယ်ရှိနေသည်။

အမေရိကန်တို့၏ အလုပ်အကိုင်များကို ဆုံးရှုံးစေသော၊ ပြည်ပရောက်သွားစေသော ရှိနှင့်ပြီး လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် အမြောက်အမြားကို ဖျက်သိမ်းမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ကနေဒါ၊ မက္ကဆီကိုတို့နှင့် ချုပ်ဆိုထားသော မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ် (နက်ဖ်တာ) လည်း အပါအဝင်ဖြစ်သည်။ ထရမ့်သည် ရွေးကောက်ပွဲနိုင်ပြီးကတည်းက ကုမ္ပဏီများ၊ အထူးသဖြင့် ကားကုမ္ပဏီများကို ဖိအားပေးခဲ့ပြီး မက္ကဆီကိုတွင် ထုတ်လုပ်သည့် ထုတ်ကုန်များအပေါ် အခွန် ၃၅ ရာခိုင်နှုန်းအထိ စည်းကြပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ဘယ်လောက်ထိ ရှေ့ဆက်တိုးမည်ဆိုခြင်းကတော့ မရေရာ။ သို့သော်လည်း သမ္မတဖြစ်ပြီး ပထမနေ့တွင်ပင် ယခင်သမ္မတ အိုဘားမား စီမံခဲ့သော နိုင်ငံ ၁၂ နိုင်ငံပါဝင်သည့် ကမ္ဘာ့စီးပွားရေး ၏ ၄၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသော ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဖွဲ့မှု (TPP) လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်ကို စွန့်လွှတ်ကြောင်း ကြေညာခဲ့သည်။

ယင်းသဘောတူညီချက်မှာ အိုဘားမားလက်ထက်ကတည်းက အစိုးရပိုင်းမှ လက်ခံထားသော်လည်း သဘောကွဲလွဲနေသည့် လွှတ်တော်တွင် အတည်ပြုခွင့်မသာခဲ့သည့်စာချုပ်ဖြစ်သည်။ ယခုအခါ ထရမ့်၏ အမိန့်ဖြင့် လုံးဝရှေ့မဆက်နိုင်ဘဲ ရပ်တန့်သွားခဲ့ပြီဖြစ်သည်။

ထရမ့်၏ ကုန်သွယ်ရေးမူဝါဒက အမေရိကန်တွင် အလုပ်အကိုင်များ ဖန်တီးရေး၊ ကုန်သွယ်ရေးလိုငွေပြမှု လျှော့ချရေးနှင့် အမေရိကန်တို့အတွက် သဘောတူညီချက်ကောင်းများ ရရှိရေးဖြစ်သည်။

အမေရိကန်၏ပြည်ပလုပ်သားများဗီဇာ စီမံချက်ကိုလည်း ပစ်မှတ်ထားခဲ့ပြီး အမေရိကန်ကုမ္ပဏီများ ကမ္ဘာ့စျေးကွက်တွင် ပြည်ပကုမ္ပဏီများကို မယှဉ်နိုင်ဖြစ်စေသည့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်များမှ သက်ညှာခွင့်များကို ပြန်သုံးသပ်ရန် ညွှန်ကြားခဲ့သည်။

သို့သော်လည်း တရုတ်သည် ငွေကြေးကစားသူဟု တံဆိပ်ကပ်ခဲ့သည့် စွပ်စွဲချက်ကိုမူ ပြန်လည်ရုပ်သိမ်းခဲ့သည်။ တရုတ်နှင့် စီးပွားရေးတွင် ထိပ်တိုက်တိုးလျှင် ကုန်သွယ်ရေးစစ်ပွဲ ဖြစ်နိုင်သည်ဆိုသော ပညာရှင်တို့၏ သတိပေးချက်ကို နားထောင်ခဲ့ပုံရသည်။

## ရာသီဥတုပြောင်းလဲမှုအပေါ် ရပ်တည်ချက်ပြင်ဆင်မှု

ထရမ့်က သူသမ္မတဖြစ်ပြီး ရက် ၁၀၀ အတွင်း ပါရီရာသီဥတုပြောင်းလဲလာမှုဆိုင်ရာ သဘောတူညီချက်ကို ဖျက်သိမ်းမည်ဟု ပြောခဲ့သည်။ သို့သော်လည်း သူ့အကြံပေးများအကြားတွင်ပါ သဘောကွဲလွဲနေသော ထိုကိစ္စမှာ ယခုထိဖြစ်မလာသေးပေ။

ထိုအစား အိုဘားမားပြဋ္ဌာန်းခဲ့သော ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ဖျက်သိမ်းမှုလုပ်ခဲ့သည်။ ဓာတ်အားပေးစက်ရုံများကို တင်းကျပ်သည့် သန့်ရှင်းစွမ်းအင်အစီအစဉ်ကို ပြင်ဆင်ရန် မတ်လအတွင်း ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း တရားရုံးတွင် ကန့်ကွက်ခံထားရပြီး လတ်တလော ရပ်ဆိုင်းနေဆဲဖြစ်သည်။

ထရမ့်ကတော့ အမေရိကန်နိုင်ငံ စွမ်းအင်အမှီအခိုကင်းရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေးအတွက် လိုအပ်သော အမိန့်ဟု ခုခံထားသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များကမူ ဆိုးရွားသော အကျိုးဆက်များ ဖြစ်လာနိုင်သည်ဟု သတိပေးထားကြသည်။

ထရမ့်သည် လူကြောင့်ဖြစ်သော ရာသီဥတုပြောင်းလဲလာမှု သဘောတရားကို ထပ်တလဲလဲငြင်းဆိုခဲ့ပြီး လုပ်ဇာတ်၊ ထိုးဇာတ်ဟု ဝေဖန်ခဲ့သည်။

သို့သော်လည်း အခြားကဏ္ဍများကဲ့သို့ပင် ဝိရောဓိဖြစ်သော အမြင်များကို ထုတ်ဖော်ခဲ့ပြီး နယူးယောက်တိုင်းမ်သတင်းစာနှင့် အင်တာဗျူးတွင်မူ လူသားတို့၏လုပ်ဆောင်မှုများနှင့် ရာသီဥတုပြောင်းလဲလာမှုအကြား အဆက်အစပ်အချို့ရှိနိုင်သည်ဟု ဝန်ခံခဲ့သလို ပါရီသဘောတူညီချက်မှ တစ်ခါတည်းထွက်မည့်အစား ပြန်ကြည့်ဦးမည်ဟု ပြောခဲ့ပြန်သည်။

ထရမ့်က ပြန်ထွက်လိုလျှင် စာချုပ်ပါသတ်မှတ်ချက်အရ အမေရိကန်သည် လေးနှစ်အနည်းဆုံး လိုက်နာရဦးမည်ဖြစ်သည်။ ထရမ့်က အမေရိက၏ရာသီဥတုဆိုင်ရာ မူဝါဒအားလုံးပြောင်းလိုလျှင်ပင် ဥပဒေကြောင်းနှင့် လုပ်ထုံးလုပ်နည်းအရ အတားအဆီးများစွာရင်ဆိုင်ရမည်ဖြစ်သည်။

သို့သော်လည်း ထရမ့်၏ ကမ္ဘာကြီးပူနွေးလာမှုကို အလေးမထားသော လုပ်ရပ်များသည် အခြားအစိုးရများကိုပါ အားပေးအားမြှောက်ပြုရာ ရောက်လာမည်ကို စိုးရိမ်မှုများရှိနေသည်။

## မရေမရာဖြစ်လာသော အီရန်နျူကလီးယားသဘောတူညီချက်

သမ္မတအိုဘားမားအတွက်တော့ အီရန်က နျူလက်နက်ပိုင်ဆိုင်ရေး စွန့်လွှတ်ပြီး အပြန်အလှန်အနေနှင့် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားပေးသည့် သဘောတူညီချက်မှာ သမိုင်းဝင် နားလည်မှုတစ်ရပ်ဖြစ်သည်။

သို့သော်လည်း ထရမ့်ကမူ အခြား ရီပတ်ဘလစ်ကန်များနည်းတူ ယင်းသဘောတူညီချက်မှာ တွေ့ဖူးသမျှထဲတွင် အဆိုးဆုံးဟု ဝေဖန်ခဲ့သည်။

ယင်းစာချုပ် ဖျက်သိမ်းရေးသည် သူ၏ ပထမဦးစားပေးဟု ဆိုထားသော်လည်း ဘယ်လိုလုပ်ချင်သည်ဆိုခြင်းကို အတိအကျမပြောသေးပေ။

ယခုအခါတွင်တော့ ထရမ့်အစိုးရသည် အမေရိကန်၏ အီရန်ဆိုင်ရာ မူဝါဒတစ်ခုလုံးကို ပြန်လည်သုံးသပ်နေသည်ဟု ကြေညာထားသည်။ ဆိုလိုသည်မှာ နျူသဘောတူညီချက်အတိုင်း အီရန်ဘက်က လိုက်နာမှုရှိ၊ မရှိကိုသာမကဘဲ ဆီးရီးယားပဋိပက္ခတွင် အီရန်ပါဝင်ပတ်သက်မှု၊ ဆော်ဒီအာရေဗျ၊ အစ္စရေးတို့နှင့် အားပြိုင်မှုများကိုပါ ထည့်တွက်မည့်သဘော ဖြစ်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗတ်ဇာရိဖ်ကတော့ ထရမ့်အနေနှင့် သဘောတူညီချက်ကို လိုက်နာရန် တိုက်တွန်းထားသည်။ အခြားကမ္ဘာ့အင်အားကြီးနိုင်ငံများပါ ပါဝင်ချုပ်ဆိုထားခြင်းဖြစ်သည့်အတွက် အမေရိကန်ဘက်က လေးစားမှုရှိသင့်သည်ဟု အီရန်က ထောက်ပြသည်။

အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီခါမေနီကတော့ ခပ်ကြမ်းကြမ်းတုံ့ပြန်သည်။ "သူတို့ဆွဲဖြဲရင် ကျုပ်တို့က မီးရှို့ပစ်မယ်" ဟုဆိုသည်။

ထရမ့်သမ္မတဖြစ်ကတည်းက ထိုသို့သောနိုင်ငံများနှင့် ဆက်ဆံရေး အစသိပ်မကောင်းလှ၊ အီရန်က ပဲ့ထိန်းဒုံးကျည် စမ်းသပ်အပြီးတွင် အမေရိကန်က အရေးယူပိတ်ဆို့မှုသစ်များက ချမှတ်ခဲ့သည်။ "အီရန်က မီးနဲ့ကစားနေတာ" ဟု သမ္မတထရမ့်က သတိပေးခဲ့သည်။ ■

**Ref:BBC, President Trump: Seven ways the world has changed**

# မြောက်ကိုရီးယားပြဿနာတွင် နိုင်ငံတကာဖိအားပေးရန် ရက်စ်တေလာဆန် တိုက်တွန်း


BBC

**ဝါရှင်တန်၊ ဧပြီ ၂၉**

မြောက်ကိုရီးယား၏ နျူကလီးယား ရည်မှန်းချက်များ စွန့်လွှတ်စေရေး ကျန်တစ်ကမ္ဘာလုံးက ဝိုင်းဝန်းဖိအားပေးကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်က တိုက်တွန်းလိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ကုလလုံခြုံရေးကောင်စီ အစည်းအဝေးတွင် တေလာဆန်က တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးဆက်နွယ်မှုများကို ဖိအားအဖြစ်အသုံးပြုရန် တိုက်တွန်းခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီကမူ ပြဿနာဖြေရှင်းရေး သော့ချက်သည် တရုတ်နိုင်ငံအပေါ် မူတည်နေခြင်းမရှိဟု တုံ့ပြန်ခဲ့သည်။

ယခုအချိန်သည် မြောက်ကိုရီးယားက အမေရိကန်ကို တိုက်ခိုက်နိုင်မည့်စွမ်းရည် မပိုင်ဆိုင်သေးမီကာလဟု ဆိုနိုင်ပြီး အရေးယူခြင်းမရှိပါက ဆိုးဝါးသော အကျိုးဆက်များ ဖြစ်လာနိုင်ကြောင်းနှင့် လိုအပ်ပါက စစ်အင်အားကို အသုံးပြုသွားမည်ဖြစ်ကြောင်း တေလာဆန်က ပြောကြားသည်။

ပြုံယမ်းအား သံတမန် အဆက်အသွယ်ဖြတ်တောက်ကာ ၎င်း၏ ငွေကြေးအင်စတီကျူးရှင်းများကို ပစ်ပယ်ထားရန် တေလာဆန်က အခြားနိုင်ငံများကို တိုက်တွန်းသည်။ တရုတ်နိုင်ငံကို တိုက်ရိုက်ရည်ညွှန်းသည်ဟု ယူဆရသော မှတ်ချက်များတွင် တေလာဆန်က အဖွဲ့ဝင်နိုင်ငံများသည် မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများကို အပြည့်အဝ တင်းကျပ်ခြင်းမရှိကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

ကုလသမဂ္ဂက မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့ထားသောစာရင်းတွင် လက်နက်၊ လောင်စာ၊ လက်နက်ပြုလုပ်ရာတွင် ပါဝင်သောပစ္စည်းများ ပါဝင်သည်။ ထို့ပြင် မြောက်ကိုရီးယားသို့ အဝင်အထွက်ပြုလုပ်သော ကုန်သင်္ဘောများကို စစ်ဆေးရမည့်အချက်လည်း ပါဝင်သည်။

သို့ရာတွင် မကြာသေးမီက ကုလသမဂ္ဂ၏ လေ့လာစုံစမ်းမှုများအရ မြောက်ကိုရီးယား၏ဒုံးကျည်စမ်းသပ်မှုတွင် ပါဝင်သော လျှပ်စစ်ပစ္စည်းများကို တရုတ်ကုမ္ပဏီများထံမှ တင်သွင်းခဲ့ကြောင်း တွေ့ရှိထားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီက စစ်အင်အား အသုံးပြုခြင်းသည် ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ဘဲ ကြီးမားသောဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေလိမ့်မည်ဟု သတိပေးပြောဆိုသွားသည်။

ထို့ပြင် မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှု ရပ်တန့်စေရေးအတွက် အပြန်အလှန်အားဖြင့် အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရပ်ဆိုင်းရန် ဝမ်ယီက ထပ်မံပြောဆိုခဲ့ပြီး ထိုအချက်ကို ဝါရှင်တန်က ငြင်းပယ်ထားသည်။

အစည်းအဝေးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက လက်ရှိပိတ်ဆို့မှုများကို တင်းကျပ်ရေး၊ ပိတ်ဆို့မှုအသစ် ချမှတ်ရေးနှင့် သံတမန်ရေးအရ ပစ်ပယ်ထားရေး နည်းလမ်းသုံးသွယ်ကို ချပြခဲ့သည်။ မြောက်ကိုရီးယားနှင့်ဆက်သွယ်သည့် အခြားနိုင်ငံများမှ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များကိုလည်း အရေးယူပိတ်ဆို့မည်ဟု ပြောကြားကာ အထူးသဖြင့် တရုတ်နိုင်ငံမှ ဘဏ်များကို သတိပေးခဲ့သည်။

ထို့ပြင် လာအို၊ ကမ္ဘောဒီးယားနှင့် မလေးရှားကဲ့သို့သော မြောက်ကိုရီးယားက အသုံးချနေသော လမ်းကြောင်းများကို ဖြတ်တောက်နိုင်ရန်အတွက် ပြုံယမ်းနှင့် သံတမန်ဆက်ဆံမှုများကို အဆင့်နှိမ့်ရန် သို့မဟုတ် ဖြတ်တောက်ရန် ကုလအဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းခဲ့သည်။

အမေရိကန်၏ အစီအစဉ်သစ်များသည် အမျိုးသားလုံခြုံရေးအရ ထည့်သွင်းစဉ်းစားမှုများဖြင့် တွန်းအားပေး လုပ်ဆောင်နေခြင်းဖြစ်သည်ဟုလည်း တေလာဆန်က ရှင်းလင်းပြောဆိုသည်။

မြောက်ကိုရီးယား၏ နောက်ထပ် နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများသည် လုံခြုံရေးကောင်စီ၏ စိုးရိမ်ပူပန်မှုအဆင့်ကို အကဲစမ်းဖွယ်ရှိပြီး နောက်ထပ် အရေးယူပိတ်ဆို့မှု အသစ်များကို နှိုးဆွရန် အလားအလာများနေသည်။ ■ F-04


Reuters

ပြင်သစ်ကမ်းတက်သင်္ဘော မစ်ထရယ်

## ပြင်သစ် ကမ်းတက်ချေမှုန်းရေး စစ်သင်္ဘော ဂျပန်သို့ရောက်ရှိ

**တိုကျို၊ ဧပြီ ၂၉**

ကိုရီးယားကျွန်းဆွယ်တင်းမာမှု မြင့်တက်နေချိန်တွင် ပြင်သစ်ကမ်းတက်ချေမှုန်းရေးစစ်သင်္ဘော ဂျပန်ရေတပ်စခန်း ဆာစီဘိုသို့ ရောက်ရှိနေကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တော် တောင်ဘက်ကီလိုမီတာ ၂၅၀၀ အကွာတွင် ကမ်းတက်ချေမှုန်းရေး စစ်ရေးလေ့ကျင့်မှု လုပ်ဆောင်မည်ဖြစ်ပြီး ဂျပန်၊ အမေရိကန်နှင့် ဗြိတိန်စစ်တပ်များ ပါဝင်ကြမည်ဖြစ်ကာ ပြင်သစ်ကမ်းတက်ချေမှုန်းရေး စစ်သင်္ဘော မစ်ထရယ်က စစ်ဆင်ရေးကို ဦးဆောင်သွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဖိအားပေးမှုကို အာခံပြီး ဒုံးပျံတစ်စင်းကို မြောက်ကိုရီးယား စမ်းသပ်မှု မတိုင်ခင်ကာလကတည်းက တပ်ဖွဲ့ဝင် ၇၀၀ ပါဝင်မည့် ကမ်းတက်စစ်ဆင်ရေး လုပ်ဆောင်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ကမ်းရိုးတန်း ဒေသ၊ တောင်တရုတ်ပင်လယ်ဒေသ ရေပြင်ကို ကျော်လွန်ပြီး အခြားသော ရေပြင်များထိ အာဏာချဲ့ထွင်ရန် တရုတ်နိုင်ငံက ကြိုးပမ်းလာသည်ကို ပစိဖိတ်ဒေသတွင်း ကျွန်းစုများ ပိုင်ဆိုင်ထားသည့် ပြင်သစ်နိုင်ငံက စိုးရိမ်လျက်ရှိသည်။

တရုတ်နှင့် စီးပွားရေးဆက်ဆံမှု ကောင်းမွန်ရေး ပြင်သစ်နိုင်ငံက ကြိုးပမ်းလျက်ရှိသော်လည်း အာရှတိုက်တွင်း ရေတပ်အင်အားဒုတိယအကောင်းဆုံးနိုင်ငံဖြစ်သည့် ဂျပန်နှင့်လည်း လုံခြုံရေးပူးပေါင်းမှု တိုးမြှင့်ရန် ပြင်သစ်နိုင်ငံ ကြိုးပမ်းလျက်ရှိသည်။

ဂျပန်ရေတပ်နှင့်အမေရိကန်ရေတပ်၏ အဓိက အခြေစိုက်စခန်း ဆာစီဘိုသို့ ရောက်ရှိလာသည့် ပြင်သစ်ကမ်းတက်ချေမှုန်းရေးစစ်သင်္ဘော မတ်ထရယ်ကို ဂျပန်အရာရှိများနှင့် ကလေးငယ်များ၏ အကများဖြင့် ကြိုဆိုခဲ့ကြသည်။

ပြင်သစ်နိုင်ငံမှ ဖေဖော်ဝါရီလတွင် ထွက်ခွာလာသည့် မစ်ထရယ် စစ်သင်္ဘောပေါ်တွင် ရဟတ်ယာဉ် ၁၅ စင်း၊ ကမ်းတက်ယာဉ် ၄ စီးနှင့် ရာပေါင်းများစွာသော စစ်သားများပါဝင်ပြီး မေလ ၅ ရက်နေ့ထိ ဂျပန် ရေတပ်စခန်း ဆာစီဘိုတွင် ရပ်နားမည်ဖြစ်သည်။

■ F-05

## အီးယူနှင့် ဆွေးနွေးမှုများအပေါ် ဗြိတိန် ထင်ယောင်မြင်မှားဖြစ်နေသည်ဟု ဂျာမနီ သတိပေး

**ဘာလင်၊ ဧပြီ ၂၉**

အချို့ဗြိတိန်ပြည်သူများသည် အီးယူနှင့် ယူကေအနာဂတ်ဆက်ဆံရေး ဆွေးနွေးမှုများကို ထင်ယောင်မြင်မှားဖြစ်နေကြပြီး တစ်ချိန်တည်းတွင်ဘရိတ်ဇစ် စည်းကမ်းချက်များကို ဖိအားပေးလျက်ရှိသည်ဟု ဂျာမန်အဓိပတိ အင်ဂလာမာကယ်လ်က ပြောကြားလိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

အီးယူဘတ်ဂျက်သို့ ယူကေက ပေးရန်ရှိသည်များကို ရှင်းလင်းပြီးမှ အီးယူ-ယူကေ ညှိနှိုင်းမှုများကို စတင်ဆွေးနွေးနိုင်မည်ဟု မာကယ်လ်က ဂျာမန်အမတ်များကို ပြောကြားသည်။

ဗြိတိန်သည် အီးယူမှ နုတ်ထွက်မည့် တရားဝင်လုပ်ငန်းစဉ်ကို မတ်လ ၂၉ ရက်က စတင်ခဲ့ပြီး ညှိနှိုင်းဆွေးနွေးမှုများကို ၂ နှစ်အတွင်း အပြီးသတ်ရန် စီစဉ်ထားသည်။

အီးယူ ခေါင်းဆောင်များသည် ၎င်းတို့၏ ပူးတွဲသဘောထားကို ချမှတ်ရန်အတွက် စနေနေ့က တွေ့ဆုံခဲ့ကြပြီး မတ်လ ၃၁ ရက်က ထုတ်ပြန်ခဲ့သော လမ်းညွှန်ချက်မူကြမ်းကို အခြေခံကာ လုပ်ဆောင်နေကြသည်။

တရားဝင် ညှိနှိုင်းဆွေးနွေးမှုများကိုမူ ဇွန်လ ၈ ရက်ဗြိတိန်အထွေထွေရွေးကောက်ပွဲပြီးချိန်အထိ စတင်နိုင်ဦးမည်မဟုတ်ပေ။ ဝန်ကြီးချုပ်ထရီဇာမေက ဆွေးနွေးညှိနှိုင်းမှုများတွင် ခွန်အားပြည့်ရန် လိုအပ်သောကြောင့် ရွေးကောက်ပွဲကို စော၍ကျင်းပရန် တောင်းဆိုထားသည်။

အီးယူဘက်က အနာဂတ်ကုန်သွယ်ရေး ဆက်ဆံမှုကို မဆွေးနွေးမီ နုတ်ထွက်မှုစည်းကမ်းများကို ချမှတ်လိုသော်လည်း ဝန်ကြီးချုပ်ထရီဆာမေကမူ နှစ်ခုစလုံးကို တစ်ပြိုင်နက် ဆွေးနွေးရန်လိုလားနေသည်။

ညှိနှိုင်းမှု နှစ်ခုစလုံးကို တစ်ပြိုင်နက်တည်း ဆွေးနွေးနိုင်မည်ဟု ထင်ယောင်ထင်မှားဖြစ်နေခြင်းသည် အချိန်ဖြုန်းခြင်းဖြစ်လိမ့်မည်ဟု အဓိပတိမာကယ်လ်က ဂျာမန်အမတ်များကို ပြောကြားသည်။

အီးယူကုန်သွယ်ရေး ကော်မရှင်နာမင်းကြီး စီစစ်လီယာမွမ်စတောန်က ဘရိတ်ဇစ်ကိစ္စပြီးမှ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုကို ပြုလုပ်ရန် အီးယူဘက်က သေချာသည်ဟု ပြောကြားခဲ့သည်။

သို့ရာတွင် အဓိပတိမာကယ်လ်က ဗြိတိန်သည် တတိယနိုင်ငံ အမျိုးအစားဖြစ်မည်ဖြစ်ပြီး အီးယူအဖွဲ့ဝင်နိုင်ငံကဲ့သို့ တန်းတူ အခွင့်အရေးမျိုးကို မရနိုင်ကြောင်းနှင့် ယင်းအချက်ကို အဖွဲ့ဝင် ၂၇ နိုင်ငံစလုံးက သဘောတူကြောင်း သတိပေးပြောဆိုလိုက်သည်။

မာကယ်လ်၏ ဦးစားပေးကိစ္စမှာ အီးယူ၏စုစည်းမှုကို ထိန်းသိမ်းရန်နှင့် ယူကေတွင်နေထိုင်သော အီးယူနိုင်ငံသားများ၏ ရပိုင်ခွင့်များ လုံခြုံမှုရှိစေရန် ဖြစ်ကြောင်း ထင်ရှားသည်။

သူမ၏မိန့်ခွန်းသည် အနည်းငယ်မာကြောဖွယ်ရှိသော်လည်း ယခင်စကားများကို ပြန်ပြောခြင်းသာဖြစ်သည်။ ဗြိတိန်သည် ယခုဆွေးနွေးညှိနှိုင်းမှုများမှ အကျိုးရှိဖို့ မျှော်လင့်၍ မရနိုင်ပေ။

ဂျာမနီသည် ပြင်သစ်ထက် သဘောထား ပိုမိုပျော့ပျောင်းဖွယ်ရှိပြီး ဗြိတိန်နှင့် စီးပွားရေးဆက်ဆံမှုကို မျှော်မှန်းသောကြောင့် ဒဏ်ပေးရေး သဘောထားကို အနည်းငယ်သာ အာသီသရှိပုံရသည်ဟု သတင်းများကဆိုသည်။

ထို့ပြင် ဥရောပအနေနှင့် ရင်ဆိုင်နေရသော ရွှေ့ပြောင်းဒုက္ခသည်အရေး၊ အကြမ်းဖက်ဝါဒ၊ ပြည်တွင်းရွေးကောက်ပွဲများ အပါအဝင် စိန်ခေါ်မှုမျိုးစုံကြောင့် ဘရိတ်ဇစ်ကိစ္စသည် အဓိကအာရုံစိုက်စရာ ကိစ္စမဟုတ်ဟု သိရှိရသည်။

ဗြိတိန်ရှိ အီးယူနိုင်ငံသားများနှင့် ဥရောပရှိ ဗြိတိန်သားများ၏ရပိုင်ခွင့်ကိစ္စများ၊ ဗြိတိန်က ပေးရန်ရှိသော ငွေကြေးကိစ္စများ အားလုံးကို ကျေနပ်ဖွယ်ရာ ရှင်းလင်းပြီးမှသာ အနာဂတ်ဆက်ဆံရေး ညှိနှိုင်းမှုများကို ပြုလုပ်နိုင်မည်ဟု မစ္စမာကယ်လ်က ပြောကြားသည်။

အီးယူဘတ်ဂျက်စည်းမျဉ်းများအရ ဗြိတိန်သည် ယူရို ၆၀ ဘီလီယံခန့် ပေးရန်ရှိသည်ဟု အီးယူတာဝန်ရှိသူများက ခန့်မှန်းထားကြပြီး ဗြိတိန်ဘက်ကမူ ထိုပမာဏကို ပေးမည်မဟုတ်ဟု ပြောဆိုထားသည်။ ■ F-04



# ရှန်းကန်ရင်း ဘဝကို တည်ဆောက်ခဲ့သူ ဘရိုင်ယန် ဟန်ဒါဆင် (Brian Henderson)

## "ကျွန်တော်တို့ ဈေးကွက်ကနှုန်းထားတွေထက် ပိုပြီးတော့ပေးတယ်။ ဝန်ထမ်းတွေနဲ့ အမြဲညှိနှိုင်းတယ်"

ဘရိုင်ယန် ဟန်ဒါဆင်ကို ဇင်ဘာဘွေနိုင်ငံတွင် မွေးဖွားသည်။ သူသည် တောင်ပိုင်းရှိ Falcon ကောလိပ်တွင် တက်ရောက်ပညာသင်ကြားခဲ့ရပြီး အားကစား အလွန်ထူးချွန်သော ကျောင်းသားတစ်ဦးလည်းဖြစ်ခဲ့သည်။ ဝါတာပိုလို၊ ဟော့ကီနှင့် ရေကူးတို့တွင် ထူးချွန်သည့် အားကစားသမားတစ်ဦးဖြစ်သည်။

"ကျွန်တော်တို့က ဘော်ဒါနေတာလေ။ ကျောင်းထဲက အချိန်မရွေးထွက်နိုင်တာ အားကစားအဖွဲ့ပဲရှိတာ။ ဒါကြောင့် အားကစားအဖွဲ့ထဲ ပါအောင်လုပ်ကြရတယ်။ အားကစားအဖွဲ့တွေကလည်း ပြိုင်ဆိုင်အား အရမ်းကြီးမားကြတယ်"

သူက ကျောင်းသားဘဝ အားကစားလုပ်ခဲ့ပုံများအကြောင်း ပြန်ပြောပြနေသည်။ အားကစားပြိုင်ပွဲများတွင် ပါဝင်ခဲ့ရပြီး အပြိုင်အဆိုင်စိတ်ဓာတ်များက သူ့ဘဝကို ရိုက်ခတ်နေသည်။

သူ ဇင်ဘာဘွေက ထွက်လာပြီးနောက် အီလက်ထရွန်နစ် အင်ဂျင်နီယာဘာသာရပ်ကို တောင်အာဖရိကတွင် သင်ကြားခဲ့ရာ၌လည်း အခက်အခဲတွေ ရင်ဆိုင်ခဲ့ရသည်။ ကျောင်းကိုရောက်ရန် လေးမိနစ်ခန့် တောင်တက်ရသည်။ နောက်ထပ်လေးမိနစ် တောင်ဆင်းလမ်းအတိုင်း ကောလိပ်အရောက် လျှောက်ရသည်။ သူပညာသင်ခဲ့ရသည်က အဆင်ပြေချောမွေ့လှသည်တော့မဟုတ်ပေ။

ဟန်ဒါဆင်သည် ကျောင်းပြီးသည့်အခါ ဇင်ဘာဘွေနိုင်ငံ ဟာရာရီကို ပြန်ရောက်လာသည်။ IBM ကုမ္ပဏီတွင် စတင်ဝင်ရောက်အမှုထမ်းသည်။ ထိုအချိန်တွင် နိုင်ငံရေးအခြေအနေများကလည်း ရှုပ်ထွေးလာသည်။ ဆိုးရွားလာသည့် နိုင်ငံရေးအခြေအနေများကြောင့် သူသည် ၁၉၈၉ ခုနှစ်တွင် ဗြိတိန်နိုင်ငံကို ထွက်လာခဲ့သည်။

ဗြိတိန်နိုင်ငံကို ရောက်လာပြီးနောက် Reuters Healthcare တွင် ဝင်ရောက်အလုပ်လုပ်ကိုင်သည်။ ရှစ်နှစ်ခန့် အိုင်တီနှင့် ဆက်နွယ်သောလုပ်ငန်းများကို ထိုဌာနတွင် လုပ်ကိုင်ခဲ့သည်။ ထိုကာလများတွင် အင်တာနက်သည် သူ့ဘဝတစ်ခုဖြစ်လာခဲ့သည်။ သူ၏ အသိပညာရှာလိုစိတ်၊ လုပ်ငန်းကျွမ်းကျင်မှုတို့က သူ့ကို ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ရန် တွန်းအားပေးခဲ့သည်။ သူက ကိုယ်ပိုင်လုပ်ငန်းအဖြစ် Swebtec ကုမ္ပဏီကို ထူထောင်လိုက်တော့သည်။

"ကျွန်တော်တို့ရဲ့ပထမဆုံးအခက်အခဲက အွန်လိုင်း portal တစ်ခုကို ထူထောင်နိုင်ဖို့ပဲ။ ပထမအဆင့်မှာ ကတည်းက ကျွန်တော်တို့မှာ ငွေကြေးမရှိဘူး၊ ဖောက်သည်မရှိဘူး။ ဒါကြောင့် အလုပ်တွေကို အနည်းဆုံး ငွေကြေးတွေနဲ့ ဝန်ဆောင်မှုတွေ စပေးမယ်၊ ကျွန်တော်တို့ကို ပိုက်ဆံမပေးရင်နေ ရှယ်ယာပေးရင် တော်ပြီဆိုတဲ့သဘောနဲ့ စလုပ်ခဲ့တယ်" ဟု သူကဆိုသည်။

ဤနည်းဖြင့် Wesite တစ်ခုဖြစ်သော Swebtec ကို ၂၀၀၁ ခုနှစ်တွင် ထူထောင်နိုင်ခဲ့ကြသည်။ Primelocation.com အနေနှင့် ထူထောင်ခဲ့ပြီးမှ ၂၀၀၆ ခုနှစ်တွင် Daily Mail နှင့် General Holdings ကုမ္ပဏီကို စတာလင်ပေါင် ၄၇ သန်းဖြင့် လွှဲပြောင်း ရောင်းချလိုက်တော့သည်။

"ကျွန်တော် စိတ်မကောင်းဖြစ်လိုက်တာက ရှယ်ယာများများ မရလိုက်တာပဲ" ဟုသူကဆိုသည်။

သူတို့ရရှိထားသည့် ငွေကြေးများဖြင့် Swebtec ကို ရင်းနှီးမြှုပ်နှံမှုများ ထပ်မံလုပ်ဆောင်ခဲ့သည်။ ဗြိတိန်နိုင်ငံ ဆေးဆိုင်ပေါင်း ၁၂၀၀၀ သို့ ဆော့ဖ်ဝဲများရေးပေးရန် စာချုပ်များ လက်ခံရရှိလိုက်သည်။ ဟန်ဒါဆင်က -

"Windows အခြေခံစနစ်တွေကို ဆေးဆိုင်တွေအတွက် ဆော့ဖ်ဝဲတွေ ရေးပေးရတယ်။ ကျွန်တော်တို့ သုတေသနလုပ်ငန်းတွေ အများကြီးလုပ်ရတယ်။ အွန်လိုင်းမှာ Web-based စနစ်ဆိုပြီးတော့ အကောင်းဆုံး လုပ်ဆောင်နိုင်အောင် စိတ်ကူးတွေ ထုတ်ရတယ်။ လက်ရှိဆေးဆိုင်တွေမှာ အသုံးပြုနေတဲ့ ဆော့ဖ်ဝဲတွေရဲ့ဟာကွက်တွေကိုလည်း မြင်အောင်ကြည့်ရတယ်။ ဆေးဆိုင်တွေကိုယ်တိုင်က သူတို့ဖောက်သည်တွေဆီကို ပစ္စည်းတွေ ဖြန့်ပေးနေရာမှာ သဘောမကျတဲ့အချက်တွေရှိနေတယ်ဆိုတာ သိရတယ်။ ကျွန်တော်တို့က Primelocation.com ကို ရောင်းလိုက်ပေမယ့် PharmaSys ဆိုတာကို ပြန်ပြီးတော့ အောင်မြင်အောင် တည်ထောင်နိုင်ခဲ့ပါတယ်" ဟုပြောပြသည်။

လက်ရှိအနေအထားတွင် ဆေးဆိုင်များ၌အသုံးပြုနေသည့်ဆော့ဖ်ဝဲမှာ သိပ်ပြီးကောင်းမွန်လှသည်တော့မဟုတ်ပေ။ ဒေတာများ ကူးပြောင်း ပေးပို့ရာတွင် မြန်သင့်သလောက် မမြန်သေးပေ။ ဗြိတိန်နိုင်ငံရှိ အမျိုးသားကျန်းမာရေးဌာန (NHS) နှင့် ချိတ်ဆက်ရာတွင်လည်း အားနည်းချက်များ ရှိနေသေးသည်။ အထူးသဖြင့် အရေးပါသည့် ဆေးအရောင်းအဝယ်လုပ်သည့် ဌာနကြီးများနှင့် ချိတ်ဆက်မှုရရန် အရေးကြီးသည်။

ထို့ကြောင့် ဆေးအရောင်းအဝယ် လုပ်နေသည့်ဌာနများ၊ ထုတ်လုပ်သည့်ဌာနကြီးများ၏ထုတ်လုပ်မှုများကို အမြဲတမ်း ဒေတာအသစ်များရရှိနိုင်ရန် လိုအပ်နေသည်။ Swebtec က တီထွင်ထားသည့်စနစ်သည် အင်တာနက်ကို ချိတ်ဆက်မှသာ အသုံးပြုနိုင်သည်။ အင်တာနက်ကို ချိတ်ဆက်လိုက်ခြင်းဖြင့် အဖွဲ့အစည်းအားလုံးနှင့် ချိတ်ဆက်မိကာ ဒေတာများကိုလည်း အချိန်နှင့် တစ်ပြေးညီပေးပို့နိုင်မည်ဖြစ်သည်။ သို့မှသာ ဘယ်ကုမ္ပဏီက ဘာတွေထုတ်ထားကြောင်းကိုလည်း အချိတ်အဆက်မိမိ သိနိုင်သည်။

ဗြိတိန်ကျန်းမာရေးဌာန (NHS) သည် ဆေးထုတ်လုပ်သည့် စာရင်းများကို ကိုင်ထားရသည်။ ထို့ကြောင့် ဟန်ဒါဆင်လည်း NHS ကို ချိတ်ဆက်ပြီး ရရှိသည့်ဒေတာများကို သူဝန်ဆောင်မှုပေးနေသည့် ဆေးအရောင်းဆိုင်များက ရရှိစေရန် ကြံဆောင်ပေးနိုင်ရေးအတွက် လုပ်ဆောင်ခဲ့ရပြန်သည်။

ယုံကြည်မှုနှင့် အခွင့်အရေးကို ဆုပ်ကိုင်နိုင်ခြင်းသည် အောင်မြင်မှုကို ရရှိလာစေခြင်းဖြစ်သည်။ သူက မိမိတို့ အောင်မြင်မှုနှင့်ပတ်သက်ပြီး -

"ကျွန်တော်တို့ အောင်မြင်လာတာ ထိပ်ဆုံးကနေတဲ့သူတွေလည်း လုပ်ငန်းထဲ ဆင်းရတာတွေလည်းပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေကို ဈေးကွက်က နှုန်းထားတွေထက် ပိုပြီးတော့ပေးတယ်။ ဝန်ထမ်းတွေနဲ့ အမြဲညှိနှိုင်းတယ်" ဟု သူကဆိုသည်။

တစ်ချိန်က တောင်အာဖရိကတွင် မွေးဖွားခဲ့သူ ကောင်လေးတစ်ယောက်သည် ဗြိတိန်ကိုရောက်လာပြီး ရိုးသား ကြိုးစားစွာဖြင့် ကုမ္ပဏီတစ်ခုကို ထူထောင်နိုင်စေရန် ကြိုးစားခဲ့သည်။ သူ့အတွေးထဲတွင် ရှိနေသည်က တော်လှန်ပြောင်းလဲနိုင်သည့် နည်းပညာသာဖြစ်သည်။ သူသည် ဗြိတိန်နိုင်ငံ ဆေးရောင်းဝယ်သည့်စနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းသည်။ အွန်လိုင်းကတစ်ဆင့် ဆေးအရောင်းအဝယ်လုပ်ငန်းကို အောင်မြင်စေရန် သူအထောက်အကူပြုခဲ့သည့် နည်းပညာလုပ်ငန်းမှာ ယခုအခါ လမ်းကြောင်းတစ်ခုပေါ် ရောက်နေပြီဖြစ်သည်။■

# ငရုတ်သီးစိမ်းသုပ်

ဒီတစ်ပတ်တော့ အိမ်မှာ အသုပ်တွေ သုပ်စားလေ့ရှိတဲ့သူတွေအတွက် အရသာစပ်စပ်လေးနဲ့မြည်းစမ်းကြည့်နိုင်မယ့် ငရုတ်သီးစိမ်းသုပ်နည်းကို ပြောပြချင်တယ်။



အရင်ဆုံး ငရုတ်သီးစိမ်းကို ရေဆေးပေးပါ။ ပြီးရင်တော့ ဒယ်အိုးတစ်လုံးမှာ ဆီအနည်းငယ်ထည့်ပြီး ဆီပူလာရင်တော့ ခုနရေဆေးထားတဲ့ ငရုတ်သီးစိမ်းကို ငါးမိနစ်လောက် လှော်ပေးပါ။ ကြက်သွန်ဖြူနဲ့ ကြက်သွန်နီတို့ကို ပါးပါးလှီးပေးထားပါ။ ပြီးရင်တော့ ငရုတ်ဆုံထဲမှာ မြေပဲနဲ့ ပုစွန်ခြောက်တို့ကို မညက်တညက် ထောင်းထားပါ။ ပြီးရင် ခုနလှော်ထားတဲ့ ငရုတ်သီးစိမ်းတွေကို ထပ်ထည့် ထောင်းပေးပါ။ ပန်းကန်တစ်ချပ်ထဲမှာ ထောင်းထားတဲ့ ငရုတ်သီးစိမ်း၊ မြေပဲနဲ့ ပုစွန်ခြောက်၊ လှီးထားတဲ့ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို ရောထည့်ပြီး အရသာအတွက် ဆီ၊ ငံပြာရည်၊ ဝေ့ချမ်ဟင်းရွက်ဟင်းချိုမှုန့်၊ ပဲမှုန့် တို့ကိုထပ်ထည့်ပေးလိုက်ကာ အချဉ်ကြိုက်ရင်တော့ အပေါ်ကနေ သံပရာသီးညှစ်ပေးလိုက်တာနဲ့ ကိုယ်တိုင်လုပ်ထားတဲ့ ငရုတ်သီးစိမ်းသုပ်လေးကို စားနိုင်ပါပြီ။

## ပါဝင်ပစ္စည်း

ငရုတ်သီးစိမ်း၊ ဆီ၊ ဝေ့ချမ်ဟင်းရွက်ဟင်းချိုမှုန့်၊ ငံပြာရည်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မြေပဲ၊ ပုစွန်ခြောက်၊ ပဲမှုန့်နဲ့ သံပရာသီး တို့ပါဝင်ပါတယ်။




# Photo Essay

## ကဒူးဟုခေါ်သည်

ဓာတ်ပုံ - မြတ်(ကလေး)



★ ကဒူးလူမျိုး ဟူသည်ကို ကြားဖူးကြမည်ဖြစ်သော်လည်း မည်သည့်နေရာတွင် နေထိုင်ကြသည်ကို သိရှိကြသူ နည်းပါးသည်။ ကဒူးလူမျိုးတို့သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း ပျံ့နှံ့နေထိုင်ကြသည်။



★ ကဒူးတိုင်းရင်းသားမျိုးနွယ်စုသည် ပင်လည်ဘူးမြို့နယ် မိုင်းသုန်နှင့် ခန်းပတ်တောင်တန်း အရှေ့ဘက်၊ မူးမြစ်အရှေ့ဘက်ကမ်းတစ်လျှောက်တွင် စတင်နေထိုင်ခဲ့ကြကာ အင်း၀ခေတ်တွင် လူဦးရေ တိုးပွားလာပြီး ပင်လည်ဘူးမြို့နယ်၊ အင်းတော်မြို့နယ်၊ ဗန်းမောက်မြို့နယ်နှင့် ကသာမြို့နယ် တို့တွင် ပျံ့နှံ့နေထိုင်ကြသည်။ တစ်နိုင်ငံလုံးတွင် လူဦးရေ နှစ်သိန်းခန့်ရှိမည်ဟု ခန့်မှန်းထားပြီး မှတ်ပုံတင်တွင် ကဒူးအမည်ပေါက်သည်မှာ သုံးသောင်းခန့်သာရှိသည်ဟု ဒေသခံတို့က ဆိုကြသည်။



★ ကဒူးလူမျိုးတို့သည် ရှေးမြန်မာမင်းများလက်ထက်တွင် အမှုတော် ထမ်းရွက်ခဲ့ကြသူများဖြစ်ပြီး သီပေါမင်းပါတော်မူချိန်အထိ ကဒူးတပ်ရင်း သီးသန့်ရှိခဲ့သည်ဟု သမိုင်းများတွင် ဆိုထားသည်။



★ ကဒူးလူမျိုး တိုင်းရင်းသားတို့၏ ပထမအကြိမ် ရိုးရာပွဲတော် အခမ်းအနားကို ၂၀၁၇ ခုနှစ် မတ်လ ၂၅ ရက်နေ့က ပင်လည်ဘူးမြို့နယ် မြောက်မော်ကျေးရွာတွင် တိုင်းဒေသကြီးအစိုးရ၏ ထောက်ပံ့မှုဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့သည်။



★အင်္ဂလိပ်လက်ထက်မှစတင်၍ နိုင်ငံရေးစိတ်ဝင်စားမှု အားနည်းခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သော်လည်း ၂၀၁၀ ရွေးကောက်ပွဲတွင် မပါဝင်နိုင်ခဲ့ပေ။ လက်ရှိတွင် ကဒူးတိုင်းရင်းသားရေးရာဝန်ကြီး ရရှိနိုင်ရန် ကြိုးပမ်းနေကြသည်။



★ ကိုယ့်ကိုယ်ကိုယ် ‘ကဒူး’ ဟု ခေါ်ဝေါ်တတ်ကြပြီး အများစုမှာ လယ်ယာအလုပ်ဖြင့် အသက်မွေးသည့်သူများဖြစ်ပြီး အမျိုးချစ်တာ ‘ကဒူး’ ဟု ဂုဏ်ယူကြသူများဖြစ်သည်။



★ ကဒူးလူဦးရေ နည်းပါးလာမှု၊ ကဒူးစာပေ မတွင်ကျယ်မှုတို့ကြောင့် ရိုးရာဓလေ့စရိုက်များ တိမ်ကော ပပျောက်သွားနိုင်သည်ကို ကဒူးခေါင်းဆောင်တို့က စိုးရိမ်လျက်ရှိပြီး မျိုးဆက်သစ်များကို ကဒူးစာပေ သင်ကြားမှုတို့ကို စမ်းသပ်ပြုလုပ်နေကြရသည်။

# လွှတ်လပ်စွာ အတွေးအမြင်ကို ဖော်ထုတ်သူ ကျောင်းသား ရိုက်သတ်ခံရ


AFP

ပါကစ္စတန်နိုင်ငံမှ ရာနှင့်ချီသော ကျောင်းသားများသည် မိမိတို့ အတန်းဖော် ကျောင်းသားတစ်ဦးက လွတ်လပ်သော အတွေးအမြင်ဖြင့် ဖော်ထုတ်မှုတစ်ခုအား မကျေနပ်သောကြောင့် ဝိုင်းပြီး ရိုက်သတ်ခဲ့သည့် ဖြစ်ရပ်တစ်ခုမာဒန်မြို့ရှိ Abdul Wali Khan တက္ကသိုလ်တွင် ဖြစ်ပွားခဲ့ကြောင်း Japan Times သတင်းတွင် ဖော်ပြထားသည်။

မာရှယ်ခန်းဆိုသူ ဂျာနယ်လစ်ဇင်သင်တန်းကို တက်ရောက်နေသည့် ကျောင်းသားတစ်ဦးကို ကျောင်းသားအများစုက ဝိုင်းဝန်းရိုက်နှက်ပြီးနောက် တက္ကသိုလ်ကျောင်းဆောင် ဒုတိယထပ်ကတစ်ဆင့် အောက်ကို ပစ်ချခဲ့သောကြောင့် သေဆုံးသွားခဲ့ရကြောင်း တက္ကသိုလ်တာဝန်ရှိသူများက ပြောကြားသည်။

အွန်လိုင်းပေါ်သို့တက်လာသည့် ဗီဒီယိုတစ်ခုတွင်လည်း ထိုကျောင်းသားကို ဝိုင်းဝန်း ရိုက်နှက်နေပုံများ၊ အောက်ကိုပစ်ချနေပုံများကို သက်သေအဖြစ်တွေ့ခဲ့ရကြောင်း ယင်းသတင်းက ဆိုသည်။

တက္ကသိုလ်တွင် ဤသို့ရက်စက်စွာ လုပ်ဆောင်မှုအပေါ် ဝန်ကြီးချုပ် နာဝပ်ရှာရစ်နှင့် ပြည်ထဲရေးဝန်ကြီး ချော်ဒရီ နီဆာ အလီခန်းတို့အပေါ် ပြစ်တင်ရှုတ်ချမှုများ ထွက်ပေါ်ခဲ့သည်။

မာရှယ်ခန်းသည် အရှင်မြတ်အပေါ် စော်ကားသည့် စကားများနှင့် ဝေဖန်ရေးသားခဲ့သောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းသတ်ဖြတ်ခြင်းကို ခံလိုက်ရခြင်းဖြစ်ကာ၊ မွတ်ဆလင်နိုင်ငံတစ်နိုင်ငံတွင်လည်း သေဒဏ်ပေးလောက်သည့် စော်ကားမှုမျိုးဖြစ်နေသောကြောင့် ယခုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်ကြောင်း Japan Times တွင် ရေးသားထားသည်။

"ကျောင်းသားကို သူ့အပေါင်းအဖော် ကျောင်းသားတွေကပဲ ရက်ရက်စက်စက် သတ်ခဲ့ကြတာပါ" ဟု ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။

ယင်းလုပ်ရပ်အတွက် ကျောင်းသား ၁၁ ဦးကို ဖမ်းဆီးထားကြောင်း၊ ကျောင်းကိုလည်း လတ်တလောတွင် ပိတ်ထားလိုက်ပြီး ကျောင်းဝင်းကြီးတစ်ခုလုံး ခြောက်သွေ့တိတ်ဆိတ်နေကြောင်း၊ သေဆုံးသူခန်းနှင့် ကျောင်းသားနှစ်ဦးသည် ဧပြီလ ၂၇ ရက်နေ့ နံနက်ပိုင်းက ဘာသာရေးနှင့်ပတ်သက်ပြီး အငြင်းအခုံများဖြစ်ပွားခဲ့ကြောင်း၊ အငြင်းပွားရင်းက တိုက်ခိုက်မှုများ ဖြစ်လာသောကြောင့် ဆရာက သူတို့ကို အခန်းတစ်ခုအတွင်းထည့်ကာ သော့ပိတ်ပေးထားရသည်အထိ ဖြစ်ခဲ့ကြောင်း၊ ဒေါသထွက်နေသော ကျောင်းသားများက စုဝေးလာပြီး အခန်းတံခါးကို ချိုးဖျက်ကြကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

ဆရာများသည်ဒေါသထွက်နေသော ကျောင်းသားအုပ်ကြီးထံမှ ကျောင်းသားနှစ်ဦးကို ကယ်တင်နိုင်လိုက်သော်လည်း ခန်းကို ကယ်တင်နိုင်ခြင်းမရှိဘဲ ကျောင်းသားများ၏ ရက်စက်စွာ ရိုက်နှက်ပြီး အောက်ထပ်ကို ပစ်ချခံရသည်အထိ ဖြစ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

မေလကတည်းက ဝန်ကြီးချုပ် ရှာရစ်သည် ဆိုရှယ်မီဒီယာများပေါ်တွင် ရေးသားထားသည့် ဘာသာရေး စော်ကားမှုများကို အမြန်ဆုံးဖယ်ရှားပေးရန်နှင့် ကျူးလွန်သူများကို ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း ပြောကြားထားသည်။ ■ E01

## ကျောင်းသားများ လိုအပ်ချက်အရ တက္ကသိုလ်စာကြည့်တိုက်များတွင် ဒစ်ဂျစ်တယ်စနစ်ပြောင်းမည်

အမေရိကန်ပြည်ထောင်စု တက္ကသိုလ်များအတွင်းဖွင့်လှစ်ထားသော စာကြည့်တိုက်ကြီးများကို ကျောင်းသားများ၏ လိုအပ်ချက်အရ ဒစ်ဂျစ်တယ်စာကြည့်တိုက်များအသွင် ပြုပြင်ပြောင်းလဲတော့မည်ဖြစ်သောကြောင့် မကြာသောအနာဂတ်တွင် စာအုပ်စင်ကြီးများ၊ စာအုပ်တန်းကြီးများနေရာ၌ ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြုနိုင်မည့်ပစ္စည်းများ အစားထိုးလာဖွယ်ရှိကြောင်း University Herald သတင်းတွင် ဖော်ပြထားသည်။

ယနေ့ခေတ် လူငယ်များအနေနှင့် ဒစ်ဂျစ်တယ်စနစ်များကို အနီးစပ်ဆုံးဖြစ်နေသောကြောင့် ခေတ်နှင့်စနစ် လိုအပ်ချက်အရ ပြုပြင်ပြောင်းလဲရန်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

စာကြည့်တိုက်ဆိုသည်မှာ ပညာရှာလေ့လာနေကြသည့်ကျောင်းသား ကျောင်းသူများကိုအကူအညီပေးရန်သာဖြစ်ကြောင်း၊ လက်ရှိ စာကြည့်တိုက်ကြီးများတွင်လည်း နှစ်ပေါင်း ၄၀၀၀ သက်တမ်းရှိနေသည့် စာကြည့်တိုက်ကြီးများ ရှိလာပြီဖြစ်သောကြောင့် ပြုပြင်ပြောင်းလဲမှုများကို တက္ကသိုလ်ကျောင်းများက စတင်ပြုလုပ်ရန် လိုအပ်လာပြီဖြစ်ကြောင်း The Los Angles Times သတင်းတွင်လည်း ရေးသားထားသည်။

ဘာကလေတက္ကသိုလ်မှသည်ဟားဗတ်တက္ကသိုလ်အထိ စာကြည့်တိုက်ကြီးများကို အကြီးစားပြုပြင်မှုများ လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။ မကြာသောကာလတွင် စာအုပ်စင်ကြီးများနှင့် စာအုပ်များကို ဖယ်ရှားပြီး ကျောင်းသားများ ဒစ်ဂျစ်တယ်ပစ္စည်းများနှင့် လေ့လာသင်ယူနိုင်မည့် နေရာများကို ပိုမိုတိုးပွားလာစေရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော် ပုံနှိပ်စာအုပ်များကို ဒစ်ဂျစ်တယ်ကူးပြောင်းနိုင်ရေးအတွက် ဘတ်ဂျက် အခက်အခဲများရှိနေသေးကြောင်း ယင်းသတင်းကဆိုသည်။

ပြီးခဲ့သည့် နွေရာသီကစတင်ကာ စန်တာခရုဇ် တက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာန စာကြည့်တိုက်မှ စာအုပ်ပေါင်း ၈၀၀၀၀ ကို ဖယ်ရှားခဲ့သဖြင့် ဝေဖန်ပြစ်တင်မှုများ ပေါ်ထွက်ခဲ့သော်လည်း နိုင်ငံတကာလေ့လာရေး ဘာသာရပ်များကို သင်ယူနေကြသည့် ကျောင်းသားများကမူ စာကြည့်တိုက်တစ်ခေတ်ပြောင်းမည်ကို ကြိုဆိုကြကြောင်း ထောက်ခံပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် သက်တမ်းအရှည်ဆုံး စစ်ပညာသင်ကောလိပ်တစ်ခုဖြစ်သည့် Norwich University တွင် ဒစ်ဂျစ်တယ်စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ဒေါ်လာ ၇ သန်း မတည်အသုံးပြုခဲ့ကြောင်း University Herald တွင် ဖော်ပြထားသည်။ ■ E01


Ucalgary


UF College

## အသက် ၈၀ မှ Ph.D ဘွဲ့ရသူ

အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါတက္ကသိုလ်တွင် ဧပြီလ ၂၈ ရက်နေ့က အသက် ၈၀ အရွယ် အဘွားတစ်ဦးအား ဒေါက်တာဘွဲ့ (Ph.D) အပ်နှင်းသည့် အခမ်းအနားကို ကျင်းပခဲ့ကြောင်း WCJB ရုပ်သံသတင်းတွင် ဖော်ပြခဲ့သည်။

အသက် ၈၀ အရွယ်ရှိပြီဖြစ်သော ဘာဘရာမာတူဆစ်သည် စင်မြင့်ပေါ်သို့ ဂုဏ်ယူစွာ တက်လှမ်းပြီး ပေးအပ်ချီးမြှင့်လက်မှတ်ကို လက်ခံယူပြီးနောက်

"ရှင်တို့မှာ စိတ်ဓာတ်လည်းထက်သန်၊ ဆန္ဒလည်းပြင်းထန်တယ်ဆိုရင် ရကိုရပါတယ်။ ဘာကြောင့်လဲဆိုတော့ Ph.D ဘွဲ့တစ်ခုရဖို့ဆိုတာ အလွန်ခက်ခဲတဲ့အတွက်ကြောင့်ပါပဲ။ ကျွန်မက သက်သေပြပြီး ဖောက်ထွက်နိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ဘာဘရာသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က အထက်တန်းအောင်ခဲ့ပြီးနောက် ကျောင်းပြန်တက်ရန် ဆုံးဖြတ်ခဲ့သည်။ သူသည် ဝိဇ္ဇာဘွဲ့ကို Fine Arts ဖြင့် ရခဲ့ပြီး၊ Master ဘွဲ့ကို Museum Studies ဘာသာရပ်ဖြင့် ရရှိခဲ့သူဖြစ်သည်။

"ကျွန်မအတွက်တော့ စိတ်လှုပ်ရှားစရာတွေနဲ့ စိန်ခေါ်မှုတစ်ခုပါပဲ" ဟု သူကဆိုသည်။

ဘာဘရာ ဒေါက်တာဘွဲ့စာတမ်းအတွက် ရှေးဟောင်းအဆောက်အအုံများကို သွားရောက်လေ့လာခဲ့ပြီးနောက် ရှေးဟောင်း သမိုင်းဝင်အဆောက်အအုံများ ထိန်းသိမ်းခြင်းဆိုင်ရာ ပညာရပ်များကို လေ့လာသုတေသနပြုလုပ် ခဲ့သူဖြစ်သည်။

ဖလော်ရီဒါတက္ကသိုလ်မှ ကျောင်းအုပ်ကြီး ကန့်ဖုဇ်ချက -

"ကျွန်တော့်အနေနဲ့ အသက် ၆၀ တွေ ဘွဲ့လာယူတာတွေ့ဖူးပါတယ်။ ဒါပေမဲ့ အသက် ၈၀ မွေးနေ့ကျင်းပပြီး ဘွဲ့လာယူတာကိုတော့ မကြုံဖူးပါဘူး" ဟု ပြောကြားခဲ့သည်။ ဘာဘရာသည် မကြာသေးမီကမှ အသက် ၈၀ ပြည့် မွေးနေ့ကို ကျင်းပခဲ့သူဖြစ်သည်။

ဘာဘရာသည် ခေတ်သစ်နည်းပညာကိုလည်း မျက်ခြည်မပြတ်သူတစ်ဦးဖြစ်သည်။ သူလေ့လာသုတေသန ပြုလုပ်ထားချက်များကို မကြာသောကာလတွင် အွန်လိုင်းကတစ်ဆင့် ထုတ်လွှင့်တင်ပြရန် စီစဉ်ထားကြောင်း ပြောကြားသည်။ အသက်ကြီးမှ ကျောင်းပြန်တက်ရ၊ မတက်ရစဉ်းစားနေသူများအတွက် သူက -

"စဉ်းစားပါ၊ ဆက်လုပ်ပါ၊ လုပ်နေသမျှ ရှင်တို့ နှပျိုနေမှာပဲ၊ ကိုယ့်ကိုယ်ကိုယ် တွန်းအားပေးပါ။ ရှင်တို့ဘဝတွေကို မနက်ခင်း အိပ်ရာထဲမှာ လူးလွန့်နေမယ့်အစား၊ ကြမ်းပြင်ပေါ်ကို ခြေထောက်တွေ ချထားလိုက်ပါ" ဟု ပြောကြားသည်။ ■ E01




> **"ကိုမောင်ဖြိ...
> YBS အစည်းအဝေးပြီးတာ
> သေချာလား"
> "သေချာပါတယ်... ကွီး...
> အေးအေးဆေးဆေးသာ
> ရုံးတက်ပါတော့...
> နေလည်းသိပ်ကောင်းတာ
> မဟုတ်တော့...
> နှလုံးကျန်းမာရေးကို
> ဂရုစိုက်ပါ...
> ဟတ်ထိမယ့်အလုပ်တွေ
> သိပ်မလုပ်ပါနဲ့"**

**တစ်**နေ့သ၌ ကျွန်ုပ် ဒေါက်တာအဲလက်စ်သည် မိတ်ဆွေကြီး ဆားပုလင်းမောင်ဖြိ မရှိသည့်အတွက် အမှတ် ၂၇၊ ဌာနလမ်း နေအိမ်တွင် တစ်ကိုယ်တည်းပျင်းရိငြီးငွေ့လျက်ရှိလေသည်။

သို့သော်လည်း ကျွန်ုပ်သည် မိတ်ဆွေကြီး ဆားပုလင်းမောင်ဖြိနှင့် နှစ်ပေါင်းများစွာမိတ်ဆွေဖြစ်ခဲ့သူဖြစ်သည့်အလျောက် မိတ်ဆွေကြီး၏ နည်းနာအတိုင်း အချိန်အားတို့ကို အလကားမထား။

ကိုမောင်ဖြိ လုပ်နေကျအတိုင်း အိမ်တွင်စုဆောင်းထားသည့် အားကစားဂျာနယ်အဟောင်းများနောက်ကျောမှ ဘောလုံးသမားများ၏ ရည်းစားများ၊ မိန်းမများ၏ တောင့်တင်း ဖြောင့်ဆင်း ပွင့်လင်းမြင်သာလှသောဓာတ်ပုံများအား တည်ငြိမ်စွာကြည့်ရှုရင်း ဆိုဒ်အား စိတ်ဖြင့် ခန့်မှန်းတိုင်းတာခြင်း၊ အနေအထားကောက်ကြောင်းများကို အသေးစိတ်ရှုမှတ်ခြင်း စသည်ဖြင့် စုံထောက်သမာဓိ တည်ဆောက်နေလေသည်။

ထိုအချိန်တွင် အိမ်တံခါးအား တစ်စုံတစ်ယောက်က လာခေါက်သည်ကို ကြားရလေသည်။ ကျွန်ုပ်လည်း တံခါးကို ထဖွင့်ကြည့်သောအခါ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရဘဲ အောက်ပါအတိုင်း ရေးသားထားသော စာတစ်စောင်ကိုသာ တွေ့ရှိရလေသည်။

"သို့
ဒေါက်တာအဲလက်စ်
မန္တလေးဘူတာသို့ အမြန်လိုက်လာခဲ့ပါ။
အရေးကြီးတယ်။

သင်၏ ခင်မင်လှစွာသော
မောင်ဖြိ"

မိတ်ဆွေကြီး ဆားပုလင်းမောင်ဖြိထံမှ စာကို ရသည့်အခါ ကျွန်ုပ်သည် လွန်စွာပျော်ရွှင်သွားရ၏။ အိမ်ကြီးထဲတွင် ပျင်းရိငြီးငွေ့စွာ နေနေရသည်ထက် မိတ်ဆွေကြီးနှင့်အတူ အမှုလိုက်ရသည်က ကျွန်ုပ်အတွက် ပိုမိုသင့်လျော်ပေသည်။

ကျွန်ုပ်အံ့ဩမိသောအချက်မှာ မိတ်ဆွေကြီး ကိုမောင်ဖြိသည် မကွေးနယ်ဘက်မှ ပြည်သူပိုင်အခွန်ငွေ ရှုပီး သန်း ၇၀၀၀ ကျော် ပျောက်မှုကြီးကို လိုက်လံစုံစမ်းနေရာမှ အဘယ့်ကြောင့် ကျွန်ုပ်ကို မန္တလေးသို့ ခေါ်ရသနည်းဟူသော အချက်ပင်။

ကျွန်ုပ်လည်း ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြီးနောက် YBS အမည်ရှိသော နာမည်ပြောင်းတပ်စီးတီးဘတ်စ်ကြီးကို စီးခဲ့လေသည်။

အလုံမှ ရန်ကုန်ဘူတာကြီးထိ စည်းကမ်းသေဝပ်စွာဖြင့် အသေအကျေ ပြိုင်မောင်းနေသော အဆိုပါ YBS ကြီးများကို နှစ်ဆင့်တိတိပြောင်းစီးပြီးနောက် ကျွန်ုပ်သည် ဘူတာကြီးသို့ ချောမောစွာရောက်ခဲ့လေသည်။ ထို့နောက် မန္တလေးလေအိတ်ရထားလက်မှတ်ဝယ်ယူကာ တစ်ချက်တစ်ချက် တစ်ပေခန့် ဖင်မြောက်တက်သွားသည်အထိ ဇိမ်ရှိလှသော မီးရထားကြီးကို စီးလျက် မန္တလေးဘူတာကြီးသို့ လိုက်ပါလာခဲ့လေတော့သည်။

မန္တလေးဘူတာကြီးရောက်သည်နှင့် ကျွန်ုပ်အား အသင့်စောင့်ကြိုနေသော ဆားပုလင်းမောင်ဖြိကို တွေ့ရလေတော့သည်။

"ဒေါက်တာရေ... ရထားက ထင်တာထက်ပိုစောဝင်တယ်ဗျာ... အချိန်တွေပိုသေးတယ်...ကဲ...လာ...ဘူတာကြီးရှေ့က ကာဖီဆိုင်တစ်ခုခုမှာ စမူဆာသွားစားကြစို့ရယ်"

"အိုင်ဆေး...ကိုမောင်ဖြိရယ်...ခင်ဗျားက အရေးတကြီးခေါ်တယ်ဆိုလို့ ကျုပ်ဖြင့် မန္တလေးက အလောတကြီးလိုက်လာရတယ်...အခုတော့ ခင်ဗျားက စမူဆာစားဖို့ ခေါ်တာကိုးဗျ"

ကျွန်ုပ်က အထက်ပါအတိုင်း အရွှန်းဖောက်လိုက်သောအခါ ကိုမောင်ဖြိသည် သူ့ထုံးစံအတိုင်း လွန်စွာမှတည်ကြည်သောအပြုံးဖြင့် စပ်ဖြဲဖြဲလုပ်လိုက်ပြီးနောက် တင်ပါးကိုသာ နာနာကုတ်နေလေတော့သည်။

မကြာမီ ကာကာဆိုင်အတွင်း ရောက်ရှိပြီးနောက် ကိုမောင်ဖြိနှင့် ကျွန်ုပ်သည် စမူဆာကို မြိန်ရှက်စွာ စားကြလေသည်။

"ဒေါက်တာရေ... စမူဆာ ဆိုလို့ ခင်ဗျား စမူဆာအကြောင်း ဘယ်လောက်သိသလဲဗျ"

"သြဗျာ... ဂျုံဖတ်ထဲကို အာလူးရယ်... ကြက်သွန်ရယ်... ဂေါ်ဖီရယ်ထည့်ထားတဲ့ မုန့်ပဲဗျ... ကိုမောင်ဖြိရ... ဘာများထူးဆန်းလို့တုံး"

"ဒါထက်ပိုလေးနက်တယ် ဒေါက်တာရဲ့... စမူဆာဟာ ကိုးနဝင်းဓာတ်တွေစီးနေတဲ့ မုန့်ဗျ။ ခင်ဗျား စဉ်းစားကြည့်ဗျာ... စမူဆာဟာ ဘာပုံလဲ"

"တြိဂံပုံလေ"

"အင်း... တြိဂံတစ်ခုရဲ့ အတွင်းထောင့်သုံးခုပေါင်းခြင်းဟာ ၁၈၀ ဒီဂရီဗျ။ အဲ့ဒီ ၁၈၀ ကို ပြန်ပေါင်းကြည့်ရင် ၉ ရတယ်။ ၉ ဂဏန်းဟာ မော်ဝင်တဲ့ဂဏန်း။ ဒါကြောင့် အီဂျစ်ပိရမစ်တွေဟာ တြိဂံပုံဆောက်ကြတာဗျ။ ဒါကြောင့် စမူဆာ ဂမ္ဘီရဆန်တဲ့မုန့်ပဲ"

"နောက်ရှိသေးတယ်ဗျ။ စမူဆာ သီအိုရီဆိုတာ"

"ဘယ့်နှယ်...ကိုမောင်ဖြိရယ် စမူဆာသီအိုရီဆိုတာ ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပေါင်ဗျာ"

"ဒီလိုရှိတယ်ဒေါက်တာရယ်...မြတ်စွာဘုရားက ဟောထားတယ်... အစွန်းနှစ်ဖက်ကို ရှောင်ရမယ်တဲ့... စမူဆာ သီအိုရီကတော့ မဟုတ်ဘူး...အစွန်းသုံးဖက်လုံး ချွန်ရမယ်တဲ့ဗျ... သုံးဖက်ချွန်ပေ့ါဗျာ...ဒီနည်းကိုတော့ ကျုပ်တို့နိုင်ငံက ခရိုနီသူဌေးတွေနဲ့ ကြားနေဆိုပြီး သာရာစီးနေတဲ့ ပညာရှိတော်တော်များများသုံးကြပါတယ်... ဒါကို သုံးဖက်ချွန်စမူဆာသီအိုရီလို့ ခေါ်သဗျ...သုံးဖက်ချွန်နေပေမယ့် အထဲမှာတော့ အာလူးတွေပဲ ရှိတဲ့သဘောပေ့ါဗျာ"

ထိုအခါမှပင် ကျွန်ုပ်လည်း ကိုမောင်ဖြိ ရှင်းပြသော စမူဆာဗဟုသုတများစွာ ရရှိလေတော့သည်။

ထို့နောက်တွင်တော့ ကိုမောင်ဖြိနှင့် ကျွန်ုပ်သည် ဘူတာကြီးမှ အငှားဆိုင်ကယ်တစ်စင်းကို ငှားကာ မန္တလေးမြို့ရှိ ဝန်ကြီးများရုံးစိုက်ရာနေရာသို့ ထွက်လာခဲ့ကြလေသည်။

"အလို...ကိုမောင်ဖြိ...ခင်ဗျားလာတာ... ဝန်ကြီးရုံးကြီးပါလားဗျ"

"ဟုတ်တယ်...ဒေါက်တာ...ခဏနေတော့ အကြောင်းစုံသိရမှာပါ"

ဝန်ကြီးရုံးခန်းအတွင်းသို့ရောက်သောအခါ ဝန်ကြီးနှင့်အတူ ပုလိပ်အဖွဲ့များက ဆားပုလင်းမောင်ဖြိကို စောင့်နေကြသည်ကို တွေ့ရသည်။

"ဖြစ်စဉ်ကတော့ စုံထောက်မင်းကြီးကို ကျုပ်ဖုန်းဆက်ထားတဲ့အတိုင်းပါပဲ...ဆားပုလင်းမောင်ဖြိ။ ...မီးခံသေတ္တာကြီး အလုံးလိုက်ကို ပျောက်သွားတာပါ...ခင်ဗျားက အခုမကွေးမိုးမှောင်တို့ သူခိုးအုပ်စုအမှုလိုက်နေတာဆိုတော့...သူတို့လက်ချက်များလားလို့ပါ"

ဆားပုလင်းမောင်ဖြိသည် ဝန်ကြီး၏ စကားကို နားထောင်ပြီးနောက် ကြယ်နီဆေးပေ့ါလိပ်အတိုကို မီးညှိဖွာရှိုက်လိုက်ပြီးနောက် မီးခိုးများကို မျက်နှာကြက်သို့ မှုတ်ထုတ်ကာ ကျန်လက်တစ်ဖက်ကလည်း လွန်စွာကြည့်ကောင်းသော ဟန်ပန်ဖြင့် တင်ပါးမှ ပွေးများကို တဖြစ်ဖြစ်ကုတ်နေလေတော့သည်။

"ခြေရာလက်ရာတွေအရတော့ အခု ကျွန်တော်လိုက်ခဲ့တဲ့ မကွေးမိုးမှောင်ဂိုဏ်းမဟုတ်တာ သေချာပါတယ်...ဝန်ကြီး...မကွေးမိုးမှောင်တို့အုပ်စုက အခုလို မီးခံသေတ္တာတစ်ခုလုံးကို အလေးခံမသယ်ပါဘူး... သူတို့လုပ်နည်းလုပ်ဟန်ကတစ်မျိုးပါ၊ နောက်ကျန်ရစ်သူအတွက် အခွံပဲထားခဲ့ပြီး ရှိသမျှဖြောင်တဲ့ဂိုဏ်းပါပဲ... အခုဟာက..."

ဆားပုလင်းမောင်ဖြိက စကားကို မပြောဘဲ တင်ပါးကိုသာ တဖြစ်ဖြစ်ကုတ်နေသဖြင့် ထိုအသံမှ လွဲပြီး အခန်းသည် တိတ်ဆိတ်လျက်။

"နို့... အခုဟာက... ဝန်ကြီးတို့မြို့မှာ လမ်းပေါ်ထွက်တာနဲ့ ရိုက်လုနေတဲ့လူဆိုးတွေ ပေါလွန်းလို့... ပုလိပ်သားတွေ အမြဲတမ်းကင်းလှည့်နေတယ်ဆိုဗျ... ဘယ့်နှယ် ဒီလောက်ဂရုစိုက်နေတဲ့ကြားက အလုံးလိုက်ပါသွားရတာတုံး"

ထိုအခါ ကျွန်ုပ်အနီးတွင်ရပ်နေသော ရာဇဝတ်အုပ်မှာ မနေသာတော့။

"ဒါက ဒီလိုရှိပါတယ် ဆားပုလင်းမောင်ဖြိ... သူခိုးကြမ်းပိုးတွေ သောင်းကျန်းလွန်းတာနဲ့ ကျွန်တော်တို့ပုလိပ်အဖွဲ့လည်း မြို့ထဲမှာ ကင်းလှည့်ပေးနေပါတယ်... ဒီကြားထဲ သကြံန်စတိတ်ရှိုးမှာ ခဲနဲ့ထုတဲ့ကောင်တွေကိုလည်း လိုက်စုံစမ်းရပါတယ်... ဒီတော့ အမတ်တွေ၊ ဝန်ကြီးတွေဟာ ဒီလောက် သူခိုးလောက်တော့ နားရင်းတီးပြီး ဆုံးမနိုင်လိမ့်မယ်ထင်လို့... သူတို့ရုံးခန်းလုံခြုံရေးကို ပေ့ါလျော့မိတာပါ"

"အိမ်း...အိုင်ပီတို့ကလည်း တယ်ခက်သကိုး... ဟိုကအမတ်တစ်ယောက် နားရင်းတီးမိတာနဲ့ ဒီကဝန်ကြီးက တီးတတ်ပုံမလားဗျ... တကယ်လို့ သူခိုးလာလို့ နားရင်းတီးတယ်ထားဦး ဖေ့ဘွတ်ပေါ်ပါလာရင် ပြန်တောင်းပန်နေရပါဦးမယ်... ဘယ်ဖြစ်မတုံးဗျ... ခင်ဗျားတို့ တယ်ပေ့ါလျော့သကိုးဗျ..."

ဆားပုလင်းမောင်ဖြိ၏ စကားအဆုံးတွင် ရာဇဝတ်အုပ်လည်း မျက်နှာငယ်ဖြင့် နေရရှာသည်။

"ကိုင်း...မပူပါနဲ့...ဝန်ကြီး...ခင်ဗျား...မီးခံသေတ္တာကို ခရမ်းပြာဂိုဏ်းအဖွဲ့က သူတို့ရဲ့ ခရမ်းပြာသိုင်းကျမ်းကို ထည့်သိမ်းဖို့ ခဏယူသွားတာပါ... ခရမ်းပြာသိုင်းကျမ်းဆိုတာ အခုတစ်လော ဖေ့ဘွတ်မှာ ခေတ်စားနေလို့ ရဲတွေကတောင်လိုက်ဖမ်းနေရတဲ့ မြန်မာ့ပထမဆုံး အဝှာဇာတ်ကားဆိုတဲ့ဟာလေ... အဲ့ဒါကို ရဲဖမ်းမှာကြောက်လို့ ခင်ဗျား မီးခံသေတ္တာထဲထည့်ပြီး တစ်နေရာမှာ သွားဝှက်ဖို့ ကြံစည်ကြပါတယ်... ဒါပေမဲ့ ကျွန်တော်က မကွေးမိုးမှောင်တို့ သူခိုးအမှုကို လိုက်ရင်း မထင်မှတ်ပဲ ခရမ်းပြာဂိုဏ်းကို ခြေရာခံမိခဲ့တယ်... သူတို့အကြံကို ကျွန်တော်ရိပ်မိသွားတာသိလို့ အခုဆို မီးခံသေတ္တာက ကျွန်တော့်လက်ထဲ ပြန်ရောက်နေပါပြီ..."

ဝန်ကြီးနှင့် ပုလိပ်အဖွဲ့များတင်မက ကျွန်ုပ်ပင် ကိုမောင်ဖြိ၏စကားကြောင့် မျက်လုံးပြူးရပေတော့သည်။

"ဒါဆိုလည်း...ကျုပ်တို့ဆီ မီးခံသေတ္တာ ပြန်အပ်လေ ဆားပုလင်းမောင်ဖြိရဲ့"

"ခဏတော့ သည်းခံပါ ဝန်ကြီး... အခု ဒီမီးခံသေတ္တာကို ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံးကို ကိစ္စတွေပြီးတာနဲ့ ပြန်ပို့ပေးပါ့မယ်...စိတ်ချပါ"

ခဏယူသွားရပါလိမ့်မယ်

အထက်ပါအတိုင်း ပြောဆိုပြီးသည်နှင့် ဆားပုလင်းမောင်ဖြိသည် ဝန်ကြီး၏ရုံးခန်းအတွင်းမှ ချာခနဲလှည့်

**စာမျက်နှာ ၂၈ သို့**









## စာမျက်နှာ 15 - ဗိုက်ကင်းတို့ရဲ့ မြို့ငယ်လေးမှ အဆက်

အင်္ဂလိပ်လိုဆို “ဟိုင်း”ပေါ့။ မကြာခင်မှာပဲ မောင်ဇီတို့စောင့်မျှော်နေတဲ့ ဝင်ရိုးစွန်းအလင်းတန်းတွေပေါ်လာလို့ မောင်ဇီတို့တစ်အုပ်လုံး ပျော်ရွှင်သွားကြရတယ်။ ဒီတစ်ကြိမ်မှာတော့ အလင်းတန်းတွေက ပီပီပြင်ပြင်နဲ့၊ ကောင်းကင်ပေါ်မှာ အရောင်လွင်လွင် အလံအကြီးကြီးကို ကန့်လန့်ဖြတ်လွှင့်ထားသလိုမျိုး၊ အရောင်တောက်တောက်နဂါးကြီးတွေ မြူးထူးနေကြသလိုမျိုး၊ အစိမ်းရောင်သန်းလိုက် အဖျားအနားလေးတွေမှာ လိမ္မော်ရင့်ရောင်၊ ပန်းရောင်သန်းလိုက်နဲ့ လွင့်လွင့်လူးလူး ကခုန်လို့ပေါ့။ ဝင်ရိုးစွန်းအလင်းတန်းတွေကိုကြည့်ရတာ ခေါင်းပေါ်ကိုဖြတ်သွားတဲ့တိမ်တွေကိုကြည့်နေရသလိုမျိုး လူနဲ့နီးနီးလေးလို့ ခံစားရတယ်။ ထောက်တိုင်မရှိလို့ အမှောင်ထဲမှာ လက်တုန်တုန်နဲ့ရိုက်ထားတဲ့ မောင်ဇီရဲ့ဝင်ရိုးစွန်းအလင်းတန်းပုံတွေက ခပ်ဝါးဝါး။ ၁၅ မိနစ်လောက်ကြာတော့ အလင်းတန်းတွေက ပြန်ပြီးပျောက်သွားပြန်တယ်။ ဒါပေမဲ့ မောင်ဇီတို့တွေ ကျေနပ်အားရကြပါတယ်။ ဝင်ရိုးစွန်းအလင်းတန်းတွေကို တဝကြီးတွေ့ခွင့်ရလိုက်ကြတယ် မဟုတ်လား။

မောင်ဇီတို့က ဝင်ရိုးစွန်းအလင်းတန်းတွေကို ကြည့်ဖို့ ခရီးမထွက်ခင်ကတည်းက အဲဒီဟာတွေအကြောင်း စိတ်ဝင်စားလွန်းလို့ ရှာဖတ်ထားပြီးသား။ ဝင်ရိုးစွန်းအလင်းတန်းတွေဆိုတာက ဘာလဲ၊ ဘယ်လိုဖြစ်လာတာလဲဆိုတာမျိုးပေါ့။ နေကထုတ်လွှတ်လိုက်တဲ့ လျှပ်စစ်ဓာတ်ပါတဲ့အမှုန်လေးတွေ ကမ္ဘာ့လေထုထဲကိုဝင်လာရာကနေ ကမ္ဘာပေါ်က အောက်ဆီဂျင်၊ နိုက်ထရိုဂျင် စတဲ့ဓာတ်ငွေ့မှုန်လေးတွေနဲ့ တိုက်ခိုက်မိရာက ထွက်လာတဲ့ရောင်စဉ်တွေကို ဝင်ရိုးစွန်းအလင်းတန်းတွေလို့ ခေါ်တယ်လို့ သိပ္ပံပညာရှင်တွေက ရှင်းပြကြတယ်။ သံလိုက်စက်ကွင်းအားပြင်းတဲ့ မြောက်ဝင်ရိုးစွန်းနဲ့၊ တောင်ဝင်ရိုးစွန်းဒေသတွေမှာ ဖြစ်တတ်တယ် ဆိုပါတော့။ တစ်ချိန်တည်းမှာပဲ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးမှာလည်း ဝင်ရိုးစွန်းအလင်းတန်းနဲ့ ပတ်သက်လို့ ဒဏ္ဍာရီကိုယ်စီဆိုသလိုရှိကြသေးတယ်။ ရောမဒဏ္ဍာရီမှာ အော်ရိုးရား(Aurora) ဆိုတာက အရုဏ်ဦးနတ်သမီးရဲ့ နာမည်။ မြောက်အမေရိကနဲ့ ဥရောပမြောက်ပိုင်းကလူမျိုးတချို့က ဝင်ရိုးစွန်းအလင်းတန်းတွေဟာ မီးတုတ်တွေ၊ မီးပုံပွဲတွေကနေ ကောင်းကင်ကိုရောင်ပြန်ဟပ်တာလို့ ယူဆကြပြီး ကမ္ဘာ့မြောက်ပိုင်းမှာနေတဲ့ တခြားလူမျိုးတွေကတော့ သူတို့လူမျိုးကွယ်လွန်သူတွေရဲ့ဝိညာဉ်တွေကိုမြင်ရတာလို့ယုံကြည်ကြတယ်။ ဘယ်လိုပဲဆိုဆိုပါ၊ ဝင်ရိုးစွန်းအလင်းတန်းတွေဟာ အံ့ချီးဖွယ်ကောင်းလောက်အောင် လှပပြီး စိတ်ကိုရွှင်လန်း ဝမ်းမြောက်စေတယ် ဆိုတာတော့ သေချာတယ်။

ပျော်ပျော်ရွှင်ရွှင်နဲ့ပြန်လာတဲ့ မောင်ဇီတို့အဖွဲ့ကို ဝင်ရိုးစွန်းအလင်းတန်းတွေနဲ့ နှုတ်ဆက်လမ်းခွဲပြီး ကမ္ဘာ့မြေပေါ်ကိုခုန်ချလာတဲ့ နှင်းတွေတဖွဲဖွဲက ကောင်းချီးပေးပါတယ်။ နှင်းတွေတဖွဲဖွဲကနေ နှင်းတွေဒလဟော ဖြစ်လာလို့ ဟိုတယ်ရောက်ခါနီးမှ သုတ်ခြေတင်ပြီး ပြေးကြရပြန်တယ်။ ဟိုတယ်ရောက်ပြီးတဲ့နောက် တစ်ညလုံး နှင်းမိုးတွေသည်းနေလိုက်တာ ဒါမျိုးတစ်ခါမှမမြင်ဖူးတဲ့ မောင်ဇီတို့အတွက်ကတော့ ကြည့်မဝပါပဲ။ မနက်လင်းတော့ လမ်းတွေထဲမှာ နှင်းတွေနဲ့ပြည့်နေပြီး၊ လမ်းဘေးတွေမှာဆို နှင်းတွေကိုမရှင်းထားလို့ နင်းလိုက်ရင် ခြေချင်းဝတ်ထိ နစ်နစ်ဝင်သွားတာ စိတ်လှုပ်ရှားစရာကောင်းလွန်းလှပေါ့။ တချို့နေရာတွေမှာတော့ နှင်းတွေကိုပုံထားတာ လူတစ်ရပ်နီးပါး။ ကားလမ်းပေါ်မှာတော့ ကားသွားလို့ရအောင် နှင်းရှင်းတဲ့ကားတွေနဲ့ ရှင်းပေးထားလို့ တော်ပါသေး။

ခရစ္စမတ်ပြီးနောက် တစ်ရက်မှာတော့ ဝင်ရိုးစွန်းပြတိုက် (Polar Museum) ကို သွားကြည့်ဖြစ်ကြတယ်။ အရင်ရက်တွေက မောင်ဇီတို့ရောက်ခဲ့ဖူးတဲ့ ကမ္ဘာလှည့်ခရီးသည်တွေကို သတင်းအချက်အလက်တွေ ပေးနေတဲ့ Information ကို ကိုယ်စားပြုတဲ့ (i) တံဆိပ်အလံလေးတလူလူနဲ့ မြို့လယ်က နှစ်ထပ်သစ်သားရုံး အဖြူလေးထဲကိုဝင်၊ ဖော်ရွေတဲ့ ဝန်ထမ်းအမျိုးသမီးကြီးတွေဆီကနေ အလကားဝေတဲ့မြေပုံကို ထပ်တောင်း၊ သိချင်ရာတွေမေးပြီး ပိုလာပြတိုက်ရှိရာကို ခြေလျင်ချီတက်ခဲ့ကြတယ်။ မြို့လေးက သေးတာကတစ်ကြောင်း၊ အဓိကဆွဲဆောင်ရာတွေရော၊ ဆိုင်တွေတော်တော်များများကရော တည်းတဲ့ဟိုတယ်နဲ့နီးတာကတစ်ကြောင်း၊ မြို့အလှကို သေသေချာချာခံစားချင်တာကလည်း တစ်ကြောင်းကြောင့် မောင်ဇီတို့အဖွဲ့တွေ လမ်းပဲလျှောက်ဖြစ်ကြတာများတယ်။ ဘတ်စ်ကားခလည်း သက်သာ၊ လမ်းမှာဝင်ချင်ရာတွေ့ရင်လည်း ဝင်ကြည့်ကြနဲ့ တစ်ချက်ခုတ်၊ ဆယ်ချက်လောက်ပြတ်ပေါ့။ ဥပမာပြောရရင် ဝင်ရိုးစွန်းပြတိုက်ကိုသွားရင်း ဆိပ်ကမ်းမှာကပ်ထားတဲ့ ပင်လယ်ကူးသင်္ဘောကြီးကိုသွားငေးကြတာမျိုး၊ လမ်းမှာနှင်းတွေလုံးပြီး တစ်ယောက်နဲ့တစ်ယောက် ပစ်ပေါက်ကြတာမျိုး၊ တွေ့တဲ့နှင်းပုံကြီးထဲကို ဒိုင်ပင်ပစ်ဝင်ကြတာမျိုး၊ အဲလိုမျိုးလေးတွေက ခြေလျင်လျှောက်မှ ခံစားရတာမျိုးတွေ မဟုတ်လား။

ဝင်ရိုးစွန်းပြတိုက်ကလည်း မြို့ထဲက တခြားအဆောက်အအုံ တော်တော်များများလိုပဲ ထပ်ခိုးပါတဲ့ နှစ်ထပ်သစ်သားအိမ်ကြီးတစ်ခုကို အဆောင်ဆောင်အခန်းခန်းနဲ့ ဖွဲ့စည်းထားတာ။ အထဲမှာကတော့ အရိုးကွဲမတတ်အအေးဒဏ်ကို အန်တုဖို့ ထူထဲလှတဲ့ သားမွေးအင်္ကျီပွကြီးတွေဝတ်ထားတဲ့ ရှေးလူကြီးတွေရဲ့အရုပ်တွေ၊ ပုံတွေ၊ အညွှန်းစာတွေ၊ သားရေနဲ့ ကြက်ထားတဲ့ တစ်ယောက်စီး လောင်းလှေရှည်လေးတွေ၊ ရှေးကသုံးခဲ့တဲ့ ရေခဲခွဲကိရိယာတွေနဲ့ အမဲလိုက်ကိရိယာတွေ၊ လှေ၊ သင်္ဘောပုံစံငယ်တွေ၊ သေနတ်တွေ စသည်ဖြင့် စုံလင်အောင်ပြထားတယ်။ အစစ်နဲ့မခြား အသက်ဝင်အောင် အစာသွတ်ပြီး လှုပ်ရှားသွားလာနေဟန်လုပ်ထားတဲ့ ပိုလာဝက်ဝံဖြူကြီးတွေ၊ အစွယ်ပါတဲ့ဖျံကြီးတွေအပြင် ဦးချိုကားကားနဲ့ သမင်ကြီးတွေ၊ လင်းယုန်ငှက်ကြီးတွေကို ပုံသွင်းထားကလည်း ပညာသားပါလွန်းလှတယ်။ လူတစ်ရပ်ကျော်၊ ရှစ်ပေမကရှည်တဲ့ ပင်လယ်ဖျံကြီးတစ်ကောင်ရဲ့အရိုးစုကိုမြင်မှ ဖျံတစ်ကောင်ဟာ ဒီလောက်တောင်ကြီးနိုင်ပါလားဆိုပြီး အံ့သြရသေးတယ်။ ဖျံကြီးရဲ့အစွယ်တစ်ချောင်းချင်းကကို တံတောင်ကျော်ကျော်လောက်ရှည်တာပါကလား။ ရေခဲပြင်ပေါ်မှာ လှေပေါ်ကဆင်းလာတဲ့ ဖျံလိုက်မုဆိုးတွေရဲ့ဖျံလိုက်လုံတွေနဲ့ ဖျံတွေကို ဖမ်းဆီးပုံပြခန်းကိုမြင်ရတော့ ဖျံကလေးတွေကိုတောင် သနားမိသေးတယ်။ လျင်လှတယ်ဆိုတဲ့ဖျံတွေလည်း ဉာဏ်နီ၊ ဉာဏ်နက်များတဲ့လူသားတွေနဲ့တွေ့တော့ ဘာတတ်နိုင်ကြသေးလဲလို့ သံဝေဂလည်း ရမိတာပေါ့လေ။ တချို့ပြခန်းတွေမှာတော့ အာတိတ်သမုဒ္ဒရာထဲမှာစွန့်စားသွားလာခဲ့တဲ့ သင်္ဘောကပ္ပတိန်တွေရဲ့ ရုပ်တုတွေ၊ စွမ်းဆောင်မှုတွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ကြည့်ခွင့်ရတယ်။ ကြက်၊ ငှက်တိရစ္ဆာန်အသေကောင်တွေကို အိမ်ရှေ့နံရံမှာချိတ်ဆွဲထားပြီး ခွေးတစ်ကောင်နဲ့အတူ အိမ်ရှေ့မှာထိုင်နေတဲ့ လူတစ်ယောက်ရဲ့တကယ့်အရွယ်အစား လက်ရာမြောက်လှတဲ့ ပုံတူရုပ်တွေနဲ့ ပြခန်းကြီးမျိုးကိုလည်း ခမ်းခမ်းနားနား အသေးစိတ်လုပ်ထားသေးတယ်။ နှစ်သစ်ကူးကာလဖြစ်လို့ ထင်ပါတယ်။ ပြတိုက်တစ်ခုလုံးမှာကလည်း မောင်ဇီတို့အဖွဲ့အပြင်လူက လေး၊ ငါး၊ ဆယ်ယောက်လောက်ပဲရှိရဲ့။ လူနည်းတော့ ပြတိုက်ကြီးထဲမှာ အဆင့်အတန်းမြင့်မြင့်၊ စုံစုံလင်လင်ပြထားတဲ့ ပြခန်းတွေကို အေးအေးဆေးဆေးလေ့လာခွင့်ရလို့ ပိုတောင်ကောင်းသေး။



မောင်ဇီတို့အားလုံး ပြတိုက်ထဲကနေထွက်လာတော့ နေ့တာတိုလွန်းလှတဲ့ ဆောင်းတွင်းကာလဖြစ်လို့ ထရွန်ဆိုမြို့လေးက အမှောင်ထုအောက်တောင်ရောက်နေပြီ။ ငွေရောင်ဖွေးဖွေး အေးစက်စက် နှင်းမှုန်လေးတွေကတော့ မောင်ဇီတို့ခေါင်းပေါ်မှာ တဖျောက်ဖျောက်ကျနေတုန်း။ မောင်ဇီနဲ့ သူငယ်ချင်းတွေလည်း နှင်းတွေထဲကို တစွပ်စွပ်နင်းလို့ တည်းခိုရာဟိုတယ်ကိုပြန်ခဲ့ကြတယ်။ ထရွန်ဆိုမြို့လေးကလည်း နှင်းတွေထဲမှာ အေးချမ်းတိတ်ဆိတ်လို့ တည်တည်ငြိမ်ငြိမ် လှလှပပပဲပေါ့။ မောင်ဇီကတော့ မြန်မာနှစ်ကူး၊ တရုတ်နှစ်ကူး၊ အင်္ဂလိပ်နှစ်ကူးမျိုးစုံကို နိုင်ငံအမျိုးမျိုးမှာ ကျင်းပကြပုံချင်း မတူကြတာတွေရှိသလို၊ ဆင်တူကြတာတွေရှိတာကိုလည်းတွေး၊ ဝင်ရိုးစွန်းအလင်းတန်းရဲ့ လှပပုံကိုလည်းတွေး၊ တခြားရောက်တတ်ရာရာတွေလည်းတွေးလို့ စီးကျလာတဲ့နှာရည်တွေကို လက်အိတ်စွပ်ထားတဲ့လက်ဖမိုးနဲ့သုတ်လိုက်ရင်း စိတ်ကူးထဲမှာမျောနေလေရဲ့။ ။

■ မောင်ဇီ

## စာမျက်နှာ 26 - ဆားပုလင်းမောင်ဖြိုးနှင့် မီးခံသေတ္တာအရှုပ်တော်ပုံမှ အဆက်

ထွက်သွားလေသည်။

မန္တလေးတိုင်းအစိုးရရုံးတွင် အခိုးခံရသော မီးခံသေတ္တာကို ရန်ကုန်တိုင်းအစိုးရထံ ယူသွားမည်ဆိုသော ဆားပုလင်းမောင်ဖြိုး၏ စကားကို ကျွန်ုပ်မှာ မည်သို့မှ ဆက်စပ်မရနိုင်ပေ။

ဝန်ကြီးရုံးရှေ့တွင် အသင့်ရပ်ထားသော အော်စတင်ကားလေးပေါ်သို့ ကျွန်ုပ်နှင့် ဆားပုလင်းမောင်ဖြိုးတို့ တက်လိုက်ကြလေသည်။

“ကဲ...ဒေါက်တာရေ...မီးခံသေတ္တာကတော့ ကားနောက်ခန်းထဲမှာဗျာ...ကျွန်တော်တစ်ယောက်တည်း မန္တလေးကနေ ရန်ကုန်ကို ကားမောင်းရမှာ ပျင်းလို့ စကားပြောဖော်ရအောင် ခင်ဗျားကို ခေါ်လိုက်တာ...ကဲ...အခု ရန်ကုန်တိုင်းအစိုးရရုံးကို အမြန်ဆုံးမောင်းကြမယ်ဗျာ”

မန္တလေးမှ ရန်ကုန်သို့ ပြန်လာရာလမ်းတစ်လျှောက်တွင် ကိုမောင်ဖြိုသည် ကျွန်ုပ်အား မှတ်သားဖွယ်၊ ဗဟုသုတရဖွယ်များ ပြောပြလာသဖြင့် ကျွန်ုပ်မှာ ပျင်းရိသည်ဟု မရှိချေ။

ထိုအထဲမှ ကိုမောင်ဖြိုပြောပြသည့် ဗဟုသုတရဖွယ်တစ်ခုကို ထုတ်နုတ်ပြချင်ပါသည်။

“ဒေါက်တာရေ...အင်္ဂလိပ်ဘုရင်ခံဆာဟူးဘတ်ရန်က မြန်မာပြည်ကို မနက်စောစောစီးစီး လေးနာရီလောက်ကြီး လွတ်လပ်ရေးပေးမယ်လို့ ဘာလို့သဘောတူလိုက်လဲသိလား”

“ကျုပ်သိတာတော့ မြန်မာဘက်က ဗေဒင်ယတြာအရ အချိန်အခါ ရွေးထားတာဆို”

“ဒေါက်တာနှယ်... မြန်မာဘက်က အချိန် ဘယ်လောက်ရွေးရွေး အင်္ဂလိပ်ဘုရင်ခံက သဘောတူမှဖြစ်မှာပေါ့ဗျာ... မှတ်ထားဗျ... မြန်မာခေါင်းဆောင်တွေ... တိုင်းရင်းသားခေါင်းဆောင်တွေ အိပ်ချင်မူးတူးဖြစ်နေတဲ့အချိန်မို့ ပေးလိုက်တာ...နို့မို့...လင်းလင်းထင်းထင်း တက်တက်ကြွကြွဆို နိုင်ငံ့နာမည်ကိစ္စ၊ အလံကိစ္စတွေ အငြင်းပွားပြီး ရန်ဖြစ်နေတာနဲ့ ဆာဟူးဘတ်ရန့်ပါ ဘိလပ်တစ်သက်လုံး ပြန်ရတော့မှာမဟုတ်ဘူးဗျ”

“ဟာ...ဟုတ်ပါ့မလား...ကိုမောင်ဖြိုရာ... ခင်ဗျားဟာက ကြံ့ကြံ့ဖန်ဖန်”

“ဟုတ်ပါသော်ကောဗျာ...အခုခေတ်တောင်ကြည့်... တံတားနာမည်ကိစ္စနဲ့ ရန်တွေဖြစ်နေတာ ခုထိမပြီးသေးဘူး... ဟော့... ခု ဒီထုံးကို နှလုံးမူပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်က တံတားနာမည်ဆိုင်းဘုတ်ကို ညဘက်ကြီး သွားတင်လိုက်တာဗျ...လူတွေအိပ်ကောင်းတဲ့အချိန်ဆိုတော့ ဆန္ဒပြလို့ မရဘူးမဟုတ်လား ဘယ်လောက်ပိုင်သလဲဗျာ...ငိငိ”

ထိုသို့နှယ် ဆားပုလင်းမောင်ဖြို၏ မှတ်သားဖွယ်ရာ အဆင့်မြင့် အတွေးအမြင်များကို တစ်လမ်းလုံးကြားနာပြီးသည်နောက် ကျွန်ုပ်တို့၏ ကားလေးသည် ရန်ကုန်မြို့ အစိုးရအဖွဲ့ရုံးသို့ ချောမောစွာ ရောက်ရှိလာလေသည်။

အစိုးရအဖွဲ့ရုံးရှေ့ရောက်သည်နှင့်ကိုမောင်ဖြိုသည် ကားပေါ်မှဆင်းကာ ဂိတ်ပေါက်မှ ပုလိပ်သား တစ်ယောက်အား အောက်ပါအတိုင်း လှမ်းမေးလေသည်။

“ဟော့... ညီလေး... YBS ရဲ့ မအောင်မြင်မှု၊ အားနည်းချက်တွေကိုဆွေးနွေးတဲ့အစည်းအဝေး ပြီးသွားပြီလားကွ”

“ပြီးသွားပါပြီ”

“သြော်...အေး...ဒါဆို အကုန်ပြန်သွားကြပြီပေါ့”

“ဟုတ်ကဲ့...”

ထို့နောက် ဆားပုလင်းမောင်ဖြိုသည် ကားထံသို့ ပြန်လျှောက်လာပြီးနောက်

“ကဲ...ဒေါက်တာရေ... နောက်ခန်းထဲက မီးခံသေတ္တာကြီး ဖွင့်ရအောင်ဗျာ... ပြီးရင် မန္တလေးဘူတာကြီး အရောက်ပြန်ပို့ပေးရဦးမယ်”

ကျွန်ုပ်မှာကား ဆားပုလင်းမောင်ဖြို၏ လုပ်ပုံကိုင်ပုံများကို ဘာမှ နားမလည်နိုင်ဖြစ်နေပေသည်။

ထို့နောက်ဆားပုလင်းမောင်ဖြိုသည်မီးခံသေတ္တာနံပါတ်အဆင့်ဆင့်အား ကျင်လည်စွာဖွင့်ပြီးနောက် မီးခံသေတ္တာထဲမှ ထူးဆန်းစွာ လူတစ်ယောက် ထွက်ပေါ်လာလေသည်။ ပိုမိုအံ့သြစရာကောင်းသည်ကား ထိုသူသည် ကျွန်ုပ်ကောင်းစွာသိထားသည့်နာမည်ကျော် တစ်ဦးဖြစ်နေခြင်းပင်။

“ကိုမောင်ဖြို... YBS အစည်းအဝေးပြီးတာ သေချာလား”

“သေချာပါတယ်...ကြီး...အေးအေးဆေးဆေး သာ ရုံးတက်ပါတော့... နေလည်းသိပ်ကောင်းတာ မဟုတ်တော့... နှလုံးကျန်းမာရေးကို ဂရုစိုက်ပါ... ဟတ်ထိမယ့်အလုပ်တွေ သိပ်မလုပ်ပါနဲ့”

ဆားပုလင်းမောင်ဖြိုနှင့် သေတ္တာထဲမှ ထူးဆန်းသောသူသည် အထက်ပါအတိုင်း အပြန်အလှန်ပြောဆိုကြပြီးသည့်နောက် ထူးဆန်းသောသူသည် အသင့်ပါလာသော ပင်နီတိုက်ပုံလေးကိုဝတ်ကာ ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံးအတွင်းသို့ ဝင်သွားလေတော့သည်။

“ကဲ...ဒေါက်တာရေ...ဘာမှ အံ့သြမနေနဲ့ဗျ... သူက ဒီအစည်းအဝေးတက်ရမှာ မျက်နှာပူလို့ လုံခြုံတဲ့နေရာမှာ ရှောင်နေချင်တယ်ဆိုလို့... ကျွန်တော်လည်း မီးခံသေတ္တာရှိနေတာနဲ့ အဲ့ဒီထဲ ဝင်ပုန်းနေခိုင်းလိုက်တာ... အခုတော့ အစည်းအဝေးလည်းပြီးသွားပြီဆိုတော့ အားလုံးအိုကေပါပြီ... ညရထားနဲ့ မီးခံသေတ္တာကို ပြန်ပို့မယ်ဗျိုး... လောလောဆယ် ရေပေါ်ဈေးက တစ်ခုလပ် မခင်လှသန်းရဲ့မဆလာနံ့လေးသင်းနေတဲ့ စမူဆာသုပ်လေး သွားစားကြရအောင်ဗျာ”

ကျွန်ုပ်မှာ ကိုမောင်ဖြို၏ နောက်ဆုံးစကားကြောင့် ထပ်မံကြောင်တောင်တောင်ဖြစ်သွားရပြန်သည်။

“နို့... ကိုမောင်ဖြို ရန်ကုန်မှာ ရေပေါ်ဈေး ဘယ်နားရှိလို့တုံးဗျ”

“သြော်...ဒေါက်တာနှယ်...ညံ့လိုက်တာ...အသစ်ဖွင့်လိုက်တဲ့ ကမ်းနားလမ်းက ညဈေးတန်းကြီးကိုသာ မောင်းဗျိုး... အဲ့ဒီမှာ ဒီရေတွေကျော်ပြီး ရေတွေတက်နေလို့ ရေပေါ်ဈေးလို့ ခေါ်တာ ဟား...ဟား...ဟား”

ကျွန်ုပ်သည်ကား ဆားပုလင်းမောင်ဖြို၏ ပါးနပ်ဖျတ်လတ်မှုနှင့် အသိဉာဏ်ပညာကြီးမားမှုတို့အပေါ် မရယ်မောနိုင်တော့လောက်အောင်ပင် အံ့သြမိလေတော့သတည်း။

■ ဖြိုတိသျှကိုကိုမောင်

# Technology

## ကမ္ဘာကျော်သိပ္ပံပညာရှင်များ

### မက်စ် ဘွန်း {Max Born (1882-1970)}



မက်စ်ဘွန်းသည် ဂျာမနီနိုင်ငံမှ ရူပဗေဒပညာရှင်တစ်ဦးဖြစ်သည်။ Quantum Mechanics ဆိုသည့် သဘော တရားတစ်ခုကို ဆင့်ကဲ တိုးတက်အောင် ကြံဆောင်ရင်း အရေးပါထင်ရှားသူ ဖြစ်လာခဲ့ရသည်။ Solid-state ရူပဗေဒဆိုင်ရာ သဘောတရားကို ဖော်ထုတ်ရာတွင် အလွန်သြဇာကြီးမားသူတစ်ဦး ဖြစ်သွားခဲ့ရသည်။ ၁၉၅၄ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ဝေါ်လ်သာ ဘိုသီနှင့်အတူ ပူးတွဲရရှိခဲ့သည်။

**အစောပိုင်းဘဝ**

ဘွန်းကို ၁၈၈၂ ခုနှစ်တွင် ဂျာမန်အင်ပါယာအပိုင် ဘရက်စ်လောမြို့တွင် မွေးဖွားခဲ့သည်။ သူ့ဖခင်မှာ ခန္ဓာဗေဒ နှင့် သန္ဓေဗေဒဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်သည်။ ငယ်ရွယ်စဉ်က ပညာရေးကို König-Wilhelm-Gymnasium ကျောင်းတွင် သင်ကြားခဲ့ပြီး၊ ဘရက်စ်လောတက္ကသိုလ်ကိုလည်း တက်ရောက်ခဲ့သည်။ ထို့နောက် ဟေဒဲလ်ဘတ်တက္ကသိုလ်နှင့် ဇူးရစ်တက္ကသိုလ်တို့တွင်လည်း တက်ရောက်ပညာသင်ကြားခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် ဂေါ့တင်ဂမ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ ရရှိခဲ့သည်။ သူ့ဒေါက်တာဘွဲ့ကို ကြီးကြပ်သူမှာ နာမည်ကျော် သင်္ချာပညာရှင် ဖီးလစ်ကလိန်းဖြစ်သည်။

**လုပ်ဆောင်ချက်များ**

မက်စ်ဘွန်းသည် Theoretical Physics ပညာရှင်တစ်ဦးအနေနှင့် ထင်ရှားသည်။ ရူပဗေဒပညာရပ်တွင် မိမိလေ့လာထားသည့် ပညာရပ်ကို ထင်ရှားစေရန် စွမ်းဆောင်နိုင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် ဂေါ့တင်ဂမ်တက္ကသိုလ်၊ Theoretical Physics ဌာနတွင် ပါမောက္ခအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။ သူတာဝန် ယူရသည့် ကာလများတွင် Quantum Physics နှင့် Atomic အကြောင်းများကို ကျောင်းတွင် လွတ်လပ်စွာ သင်ကြားပိုင်ခွင့်များကို ပြဋ္ဌာန်းပေးခဲ့သည်။

ဘွန်းသည် ဝါနာ ဟေဆန်းဘတ်နှင့်အတူ ပူးတွဲ လုပ်ကိုင်ခဲ့ပြီး Quantum သဘောတရားများကို ဖော်ထုတ် နိုင်မည့် ရူပဗေဒဆိုင်ရာ Arrays of Numbers များကိုလည်း တီထွင်ခဲ့သည်။ ဘွန်းသည် ဟေဆန်းဘတ်ထက် သင်္ချာပညာကို ပိုတော်ပြီး Arrays များကို သင်္ချာပညာရပ်တွင် Matrices များအနေနှင့် ထင်ရှားအောင်လည်း ဖော်ဆောင်နိုင်ခဲ့သည်။ ၁၉၂၆ ခုနှစ် ဝန်းကျင်တွင် ဘွန်းနှင့် သူ့လက်ထောက်တို့သည် Arrays ဆိုင်ရာ သဘောတရားများကို အပြည့်အစုံ ရှင်းပြပြီး သီအိုရီသစ်များကို ဖော်ထုတ်နိုင်ခဲ့သည်။

Quantum သီအိုရီတွင် လှိုင်းများ၏တန်ဖိုးကိုတွက်ချက်ပြရာတွင် အလွန်ထင်ရှားသည်။ သိပ်သည်းဆကို သင်္ကေတများဖြင့် ထုတ်ဖော်နိုင်ခြင်းကြောင့်ပိုပြီး တိကျစွာတွက်ချက်နိုင်စွမ်းရှိလာသည်။ သူတို့ဖော်ထုတ်နိုင်ခဲ့ခြင်းကြောင့်လည်း Qunatum သဘောတရားသည် ပိုပြီး ထင်ရှားလာရခြင်းဖြစ်သည်။

**နောက်ဆုံးဘဝ**

၁၉၃၂ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကို လက်ခံရရှိခဲ့ရာတွင် ဟေဆန်းဘတ်နှင့် ပူးတွဲရရှိသည် ဆိုခြင်း ကြောင့် စိတ်ပျက်သွားသည်။ အဒေါ့ဖ် ဟစ်တလာ အာဏာရလာချိန်တွင် ဂျူးတစ်ယောက်ဖြစ်နေသောကြောင့် ဂေါ့တင်ဂမ်မှနှင်ထုတ်ခြင်း ခံလိုက်ရသည်ကလည်း စိတ်ခါတ်ကျစရာ ဖြစ်သွားခဲ့ရသည်။

သူသည် ကင်းဘရစ်ချ်တွင် သုံးနှစ် နေလိုက်သည်။ အီဒင်ဘတ်တက္ကသိုလ်တွင် သဘာဝဒဿနိကဗေဒ ပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထိုတက္ကသိုလ်တွင် ၁၉၅၃ ခုနှစ်တိုင်အောင် နေထိုင်ခဲ့သည်။

သူအငြိမ်းစားယူသည့်အခါတွင် ဂျာမနီနိုင်ငံကို ပြန်လာသည်။ ၁၉၅၄ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကို ထပ်မံရရှိသည်။ နျူကလီးယား ရူပဗေဒပညာရှင် ဝေါ်လ်သာ ဘိုသီနှင့်အတူ ပူးတွဲရရှိခြင်း ဖြစ်သည်။

ဘွန်းသည် ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီ ၅ ရက်နေ့တွင် ဂျာမနီ၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၈၇ နှစ်ဖြစ်သည်။ ■

## တရုတ်နိုင်ငံမှစက်ရုပ်မကျားကျားနှင့်အင်တာဗျူး တိုက်ရိုက်ထုတ်လွှင့်


The Star

တရုတ်နိုင်ငံတွင် ပြည်တွင်းဖြစ် တီထွင်ထုတ်လုပ်ထားသည့်ကျားကျားအမည်ရှိအမျိုးသမီးအလှပဂေး စက်ရုပ်မလေးနှင့် အမေရိကန် ဂျာနယ်လစ်တစ်ဦးတို့၏ ပထမဆုံး အင်္ဂလိပ်ဘာသာဖြင့် အင်တာဗျူးကို ရုပ်သံလိုင်းများက တစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ကြောင်း The Star သတင်းတွင် ဖော်ပြထားသည်။

Wired နည်းပညာမဂ္ဂဇင်းကို ထူထောင်သူ ကီဗင် ကယ်လီက စက်ရုပ်မလေး ကျားကျားကို အခြေခံအလွယ်ဆုံး မေးခွန်းလေးများအား စတင်မေးမြန်းခဲ့ပြီး ယင်းအင်တာဗျူးကို Skype ကတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

ကျားကျားနှင့် ကယ်လီတို့၏ တွေ့ဆုံမေးမြန်းခန်းကို တရုတ်နိုင်ငံ၊ အန်ဟွေးမြို့ရှိ ဟီဖေးတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အနက်ရောင် ဆံပင်ရှည်ကို ဖားလျားချထားသည့် ကျားကျားသည် တရုတ်ရိုးရာဝတ်စုံကို ဝတ်ဆင်ထားကာ မျက်တောင်မကြာခဏခတ်ခြင်း၊ ပြုံးခြင်းတို့ကို စကားပြောနေစဉ်ကာလအတွင်း သရုပ်ပါအောင် လုပ်ဆောင်ပြသွားခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

သို့သော် နောက်ပိုင်းတွင် ကယ်လီ မေးသည့်မေးခွန်းများကို အချိန်ယူစဉ်းစားမှုများ လုပ်ခဲ့ပြီးနောက်၊ မှားယွင်း ဖြေဆိုမှုများလည်း ရှိခဲ့သည်ကိုတွေ့ကြရသည်။

ကျားကျားအနေနှင့် အင်္ဂလိပ်စာလုံးအက္ခရာ ဘယ်နှလုံးရှိသနည်းဆိုသည့် မေးခွန်းကို မဖြေနိုင်ရုံမက၊ ဂရိတ်ဝေါ တံတိုင်းကြီး မည်သည့်နေရာတွင် ရှိသနည်းဆိုသည့် မေးခွန်းကိုလည်း ‘တရုတ်’ ဆိုသည့်စကားလုံးလောက်သာ ဖြေဆိုနိုင်ခဲ့သည်။

ကယ်လီသည် စက်ရုပ်များအကြောင်းနှင့် ဉာဏ်ရည်တုတို့၏ လုပ်ဆောင်နိုင်စွမ်းများကို ရေးသားနေသောသူဖြစ်ပြီး သူမေးသည့် အချို့သော မေးခွန်းများကို ကျားကျားသည် ဗလုံးဗထွေးဖြေကြားသွားခဲ့သည်ဟုဆိုသည်။

ဟီဖေးတက္ကသိုလ်မှ ပညာရှင်များက ကျားကျားကို သုံးနှစ်တိုင်အောင် လူသားနှင့်မခြား ပြုစုပျိုးထောင် တီထွင်ခဲ့ကြပြီး၊ လူသားပြောသည်ကိုနားလည်ရုံမက၊ လူသားကိုတုံ့ပြန်ပြောဆိုနိုင်သည်အထိ ဆောင်ရွက် နိုင်ခဲ့ကြခြင်းဖြစ်သည်။

ကျားကျားကို တက္ကသိုလ်မှ အမျိုးသမီး ငါးဦး၏ စိတ်ကြိုက်အပိုင်းများကို ပေါင်းစပ်တီထွင်ထားခြင်းဖြစ်ပြီး စက်ရုပ်ပညာတတ်အမျိုးသမီးများကို စိတ်ဝင်စားဖွယ်ဖြစ်လာစေရန် တီထွင်နေကြခြင်းဖြစ်ကြောင်း The Beijing News တွင်ရေးသားထားသည်။

တရုတ်နိုင်ငံအင်တာနက်ထဲတွင် ကျားကျားကို ‘စက်ရုပ် နတ်ဘုရားမ’ ဟုတင်စားကာ ခေါ်ဝေါ်ကြပြီး၊ ကျားကျား အင်တာဗျူးတွင် ဖြေဆိုရာ၌ နှေးကွေးနေရခြင်းမှာ အင်တာနက်ကြောင့်ဖြစ်ပြီး၊ အင်တာနက်နှင့် တိုက်ရိုက်ချိတ်ဆက်ထားသော ကျားကျား၏စွမ်းဆောင်ရည်များသည် အောင်မြင်မှုရှိခဲ့ကြောင်း တီထွင်သည့် အဖွဲ့ခေါင်းဆောင် ခန်ရှောင်းပင်ကပြောကြားသည်။ ■

## တစ်မိနစ်အတွင်း ဘာဖြစ်နေသနည်း မှတ်တမ်းသစ်ထုတ်ပြန်

မိနစ်တိုင်းတွင် ကမ္ဘာကြီးပေါ်ရှိ လူသားများသည် ဘာတွေလုပ်ကိုင်နေကြသနည်းဆိုသည့် သုတေသနဆန်းစစ်ချက်တစ်ခုကို ASAP Science ကတင်ဆက်သည့် ဗီဒီယိုသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ASAS Science အဖွဲ့၏ သုတေသနပြုချက်များအရ အရွယ်ရောက်နေပြီဖြစ်သည့် ယောက်ျားကြီး တစ်ယောက် သည် မိနစ်တိုင်းတွင် ဆဲလ်ပေါင်း ၉၆ သန်း ဆုံးရှုံးနေကြရပြီး၊ မိနစ်တိုင်းတွင် ကမ္ဘာကြီးသည် နေကို ၁၁၁၈ မိုင်နှုန်းဖြင့် လှည့်ပတ်နေရသည်။

မိနစ်တိုင်းတွင် Netflix ဆိုသည့် ဗီဒီယိုလိုင်းကို စောင့်ကြည့်သူပေါင်းသည် ၆၄၄၄၄ နာရီအချိန်ပေးကာ ကြည့်ရှု နေကြပြီး၊ တစ်မိနစ်လျှင် လူသား ၈၃၀၀၀ ကျော်သည် လိင်ဆက်ဆံမှုများ ပြုလုပ်နေကြသည်။

တစ်မိနစ်လျှင် YouTube လိုင်းပေါ်သို့ ဗီဒီယိုတင်နေသူပေါင်း နာရီ ၃၀၀ စာခန့်ရှိနေပြီး၊ Google ဆိုသည့် လိုင်းကို လူအများက မိမိတို့သိလိုသည့် အကြောင်းအရာများကို ရှာဖွေခိုင်းနေသည်မှာ ၂ ဒသမ ၄ သန်းခန့်ရှိသည်။

ကမ္ဘာတစ်ဝန်းတွင် မိနစ်တိုင်း ကိုကာကိုလာ အချိုရည်ကို သောက်သုံးနေသူပေါင်း ၂၅ သန်းခန့်ရှိပြီး၊ လူသား၏ ကိုယ်ခန္ဓာထဲမှ တစ်မိနစ်လျှင် သွေးနီဆဲလ်ပေါင်း ၁၂၀ မှ ၁၈၀ သန်းခန့် ထုတ်လုပ်လျက်ရှိသည်။

လူသားတွင် တစ်မိနစ်လျှင် ဆဲလ်ပေါင်း ၉၆ သန်းခန့် ဆုံးရှုံးသည်မှာ စိုးရိမ်စရာ မလိုပေ၊ ဆဲလ်အသစ်ပေါင်း ၉၆ သန်းကျော်ကလည်း ပျက်စီးသွားသည့် ဆဲလ်များနေရာတွင် မိနစ်တိုင်း အစားထိုးဖြစ်ပေါ်နေသည်။

အမေရိကန်ပြည်ထောင်စုတွင် မိနစ်တိုင်း လင်မယားကွာရှင်းပြတ်စဲမှုပေါင်း ၁ ဒသမ ၅ ဦးနှုန်းဖြစ်ပေါ်နေပြီး၊ ကမ္ဘာတစ်ဝန်းလုံး၌ တစ်မိနစ်လျှင် လူပေါင်း ၁၁၆ ဦး လက်ထပ်နေကြသည်။ ထိုအချိန်တွင် မိနစ်တိုင်း လူ ၁၀၈ ဦးခန့် သေဆုံးနေကြရသည်။

တစ်မိနစ်တိုင်းတွင် ကလေး ၂၅၈ ဦး မွေးဖွားနေပြီး၊ ကမ္ဘာတစ်ဝန်းလုံးတွင် ရေချိုးဇလုံပေါင်း ၄ ဒသမ ၇ ဘီလီယံကို ပြည့်စေနိုင်သည့် မိုးများ မိနစ်တိုင်းရွာကျလျက် ရှိသည်။ ထိုအချိန်တွင် ကမ္ဘာမြေကို ပစ်နေသည့် မိုးကြိုးပေါင်းမှာ အကြိမ် ၆၀၀၀ ဖြစ်သည်။ ■



YouTube


Sport Mail

# ရှိဒရီဂွက်ဇ်ဇေါ်ဇနီး ဗြိတိန်တွင် နေအိမ်ရှာဖွေ၊ ကျော်နံပါတ် ၁၀ ပေးအပ်ဝတ်ဆင်ရန် ရှိဒရီဂွက်ဇ် တောင်းဆို

**မန်ချက်စတာ၊ မေ ၂၉**

ရီးရဲလ်မက်ဒရစ် တိုက်စစ်တောင်ပံကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် မန်ယူသို့ပြောင်းရွှေ့ရန် နီးစပ်မှုများရှိနေပြီဖြစ်ကာ ရိုဒရီဂွက်ဇ်၏ဇနီးသည်ဖြစ်သူ ဒါနီရယ်လ်လာ အော့စ်ပီနာမှာ ဗြိတိန်တွင် နေထိုင်ရန်အတွက် နေအိမ်လာရောက်ရှာဖွေနေပြီဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

စပိန်သတင်းရင်းမြစ်များသည် မန်ယူနှင့် ရိုဒရီဂွက်ဇ်အကြားတွင် အပြောင်းအရွှေ့ဆိုင်ရာ အချက်အလက်များကို မူအားဖြင့် သဘောတူညီမှုရထားပြီဟု အခိုင်အမာ ရေးသားနေကြပြီဖြစ်ကာ လာမည့် နွေရာသီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် တိုက်စစ်မှူးရူနီ အသင်းပြောင်းရွှေ့ထွက်ခွာသွားခဲ့ပါက ယင်းကျော်နံပါတ် ၁၀ ကို ၎င်းဝတ်ဆင်ကစားလိုသည်ဟုလည်း ရိုဒရီဂွက်ဇ်က တောင်းဆိုထားကြောင်း စပိန်သတင်းရင်းမြစ်များက ဆက်လက်အသိပေးထားသေးသည်။

အသက် ၂၅ နှစ်အရွယ်ရှိရိုဒရီဂွက်ဇ်သည် ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်းလက်အောက်တွင် အကန့်အသတ်ဖြင့်သာ ပွဲထွက်ကစားခွင့်ရနေခြင်းကို သည်းခံစိတ်ကုန်ဆုံးသွားခဲ့ပြီဖြစ်ကာ ရီးရဲလ်မက်ဒရစ်ထံတွင် ဂါရက်ဘေးလ် ဆက်ရှိနေပါက ၎င်းအတွက် ပွဲထွက်ခွင့်အာမခံချက် သေချာနိုင်မည်မဟုတ်၍ အသင်းပြောင်းရွှေ့ကစားရေးကို ရိုဒရီဂွက်ဇ်က စိတ်ကူးလိုက်ခြင်းဖြစ်သည်။

မန်ယူဂိုးသမား ဒီဂီယာသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ၎င်းကို ရီးရဲလ်မက်ဒရစ်ထံသို့ ပြောင်းရွှေ့ခွင့်ပြုပါရန် အသင်းတာဝန်ရှိသူများကို တောင်းဆိုထားပြီဖြစ်ပြီး ဒီဂီယာကို ခေါ်ယူရေးတွင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ နှင့်အထက် သုံးစွဲရန်အထိ ရီးရဲလ်မက်ဒရစ်က ပြင်ဆင်ထား လျက်ရှိသည်။

မန်ယူနည်းပြ မော်ရင်ညိုသည် ဒီဂီယာ အပြောင်းအရွှေ့အတွက် မန်ယူတာဝန်ရှိသူများနှင့် ရီးရဲလ်မက်ဒရစ်တာဝန်ရှိသူများ တရားဝင်ညှိနှိုင်းချိန်တွင် အပြောင်းအရွှေ့၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရီးရဲလ်မက်ဒရစ်ကစားသမား နှစ်ဦးဖြစ်သော နောက်ခံလူ ဗာရာနေးနှင့် တိုက်စစ်မှူး မိုရာတာတို့ကို မန်ယူထံသို့ ပြန်လည်ရောင်းထုတ်ပေးရန် တောင်းဆိုမည်ဟု စီစဉ်လျက်ရှိသည်။ ■

E-11

# ရိုးမားနဲ့ လာဇီယိုတို့ရဲ့ရောမဒါဘီ၊ အင်တာမီလန်နဲ့ နာပိုလီတို့ရဲ့အားပြိုင်မှုတွေကို ရင်ခုန်ကြရမယ့် စီးရီးအေည

## အီတလီစီးရီးအေပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်

**စီးရီးအေရဲ့တန်ဆင်းဇုန်တိုက်ပွဲဟာ ဘောလုံးရာသီပြီးဆုံးခါနီးအချိန်ကိုရောက်မှ မထင်မှတ်ဘဲ ပြိုင်ဆိုင်မှုပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ပါလာမိုနဲ့ ပက်စ်ကာရာတို့က တန်းဆင်းရဖို့ ကျိန်းသေသလောက် ရှိနေပြီဖြစ်ပေမယ့် လက်ကျန်တစ်နေရာစာအတွက်က ဂျီနိုအာ၊ အမ်ပိုလီနဲ့ ခရိုတုန်းတို့ အပြိုင်ဖြစ်နေဆဲပါပဲ။ အဆင့် ၁၈ နေရာကိုရောက်ရှိနေတဲ့ ခရိုတုန်းဟာ နောက်ဆုံးလေးပွဲဆက်တိုက် ရှုံးပွဲမကြုံရလေအောင် ဖြတ်သန်းနိုင်ခဲ့လို့ တန်းတင်ကျန်ရစ်ခွင့်ရနိုင်ရေးအတွက် မျှော်လင့်ချက်ရောင်ခြည် ပြန်သန်းလာခဲ့ပါပြီ။ ဒီတစ်ပတ်မှာ အသင်းကြီးတစ်သင်းဖြစ်တဲ့ အေစီမီလန်ကိုဖြတ်ကျော်ဖို့ ခရိုတုန်းက ဆက်လက်ကြိုးပမ်းသွားရမှာပါ။**

### ရိုးမား - လာဇီယို

အမှတ်ပေးဇယားရဲ့အဆင့်နှစ်နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် အမှတ်လိုအပ်ချက်ရှိနေဆဲဖြစ်လို့ ရိုးမားက ခြေကုန်ထုတ်ပြီး တိုက်ပွဲဝင်လာပါလိမ့်မယ်။ အနီးစပ်ဆုံး ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်အဆင့်တုန်းက နှစ်ကျော့ပေါင်းရလဒ်နဲ့အရေးနိမ့်ခဲ့ရတဲ့ရှုံးကြွေးကိုပြန်ဆပ်ဖို့လည်း ရိုးမား ကြိုးပမ်းလာမှာပါ။ ရောမဒါဘီပွဲစဉ်ဖြစ်တာကြောင့် လာဇီယိုကလည်း တိုက်စစ်ဖွင့်ပြီး အပြန်အလှန် ယှဉ်ကစားသွားပါလိမ့်မယ်။ ကပ်နိုင်ရုံနဲ့တင် ပျော်ရွှင်ခွင့်ရမှာဖြစ်လို့ ရိုးမားကို အားပေးပါ။

### ဘိုလော့ဂ်နာ - အူဒီးနီးစ်

ဘိုလော့ဂ်နာဟာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်ငါးပွဲမှာ ချီယေဗိုတစ်သင်းတည်းကိုသာ အနိုင်ရပြီး လေးပွဲ ရှုံးနိမ့်ထားပါတယ်။ ဒါပေမဲ့ အရှုံးပေးခဲ့ရတဲ့အသင်းတွေက ရိုးမား၊ လာဇီယို၊ အင်တာမီလန်နဲ့ အေစီမီလန်တို့ဖြစ်လို့ ရှုံးသင့်ရှုံးထိုက်တဲ့ပွဲတွေကို ရှုံးခဲ့ရတယ်ပဲ ဆိုရမှာပါ။ ဘိုလော့ဂ်နာရဲ့အိမ်ကွင်းဆီကို နောက်ဆုံးလေးကြိမ် လာရောက်ယှဉ်ပြိုင်ခဲ့ရာမှာ အူဒီးနီးစ်က သရေနဲ့အနိုင်ရလဒ်တွေချည်း ရယူနိုင်ခဲ့တာကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အသာစီးရနေလိမ့်မယ်လို့ ယူဆမိပါတယ်။ သရေဟာ နှစ်သင်းလုံးအတွက် အမျှတဆုံးအဖြေပါပဲ။

### ကက်ဂလီယာရီ - ပက်စ်ကာရာ

အမှတ်ပေးဇယားအောက်ခြေမှာ ကျောက်ချရပ်တည်နေတဲ့ ပက်စ်ကာရာရဲ့ခြေစွမ်းက အရမ်းပဲ စိတ်ပျက်စရာ ကောင်းလွန်းလှပါတယ်။ ကစားခဲ့ပြီးတဲ့ အဝေးကွင်းပွဲစဉ် ၁၆ ပွဲမှာ ပက်စ်ကာရာက နိုင်ပွဲတစ်ပွဲနဲ့ သရေသုံးပွဲသာ ရယူနိုင်ခဲ့ပြီး ၁၂ ပွဲ ရှုံးနိမ့်ထားတာပါ။ အိမ်ကွင်းစွမ်းဆောင်ရည်မဆိုးလှတဲ့ ကက်ဂလီယာရီဟာ ပွဲစကတည်းက တိုက်စစ်ဖွင့်ပြီး ပက်စ်ကာရာကို တစ်ဖက်သတ် ထိန်းချုပ်ကစားသွားပါလိမ့်မယ်။ ဂိုးပြတ်မရှုံးခဲ့ရင် ပက်စ်ကာရာအတွက် ကျေနပ်စရာပါပဲ။ ကက်ဂလီယာရီနဲ့ လက်တွဲထားလိုက်ကြရအောင်။



Getty Image

### ဂျီနိုအာ - ချီယေဗို

ဂျီနိုအာက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ခြောက်ပွဲဆက်တိုက် နိုင်ပွဲပျောက်ထားပါတယ်။ ဖိအားတွေအောက်ကနေ ရုန်းထွက်နိုင်ဖို့အတွက် ဂျီနိုအာဟာ အိမ်ရှင်အခွင့်အရေးကို အပြည့်အဝအသုံးချပြီး နိုင်ပွဲပြန်ရှာမှာပါ။ ချီယေဗိုရဲ့အဝေးကွင်းကစားပုံက အတက်အကျ မမှန်ပါဘူး။ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်လေးပွဲဆက်တိုက် နိုင်ပွဲပျောက်ထားတဲ့ ချီယေဗိုဟာ ဂျီနိုအာကို သူတင်ကိုယ်တင် ယှဉ်ကစားနိုင်ဖို့ ခက်လှပါတယ်။ ချီယေဗိုအတွက် အမြင့်ဆုံးက သရေတစ်မှတ်သာဖြစ်မှာပါ။ ဂျီနိုအာ အောင်ပွဲခံသွားပါလိမ့်မယ်။

### အမ်ပိုလီ - ဆက်ဆူအိုလို

အမှတ်ပေးဇယားရဲ့အဆင့် ၁၇ နေရာကို ရောက်နေတဲ့ အမ်ပိုလီဟာ အခန့်မသင့်ရင် တန်းဆင်းသွားရမယ့် အခြေအနေမျိုးဖြစ်ပေါ်လာနိုင်လို့ အမှတ်ရရှိရေးအတွက် ရုန်းကန်နေရဆဲပဲဖြစ်ပါတယ်။ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ စီးရီးအေပွဲစဉ်သုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ကို ရယူနိုင်ခဲ့လို့ အမ်ပိုလီဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ယုံကြည်ချက်တစ်ရပ် ပြန်လည်မြင့်တက်လာခဲ့ပါပြီ။ ဆက်ဆူအိုလိုဟာ မနှစ်ကဘောလုံးရာသီတုန်းကလောက် ကစားပုံတည်ငြိမ်ခြင်း မရှိတော့တဲ့အတွက် အမ်ပိုလီကို ပြင်းပြင်းထန်ထန် ဖိအားပေးနိုင်ဖို့ မလွယ်လောက်ပါဘူး။ အမ်ပိုလီ ကပ်နိုင်သွားပါလိမ့်မယ်။

### ပါလာမို - ဖီအိုရင်တီးနား

ပါလာမိုရဲ့အားသာချက်က အိမ်ရှင်အခွင့်အရေးကိုပိုင်ဆိုင်ထားခြင်း တစ်ခုတည်းသာ ရှိပါတယ်။ ဒါပေမဲ့ ကစားခဲ့ပြီးတဲ့ အိမ်ကွင်းပွဲစဉ် ၁၆ ပွဲမှာ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ၁၂ ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့လို့ အိမ်ရှင်အခွင့်အရေးဆိုတာကလည်း ပါလာမိုကို သိပ်ပြီး အကူအညီပေးနိုင်စွမ်း မရှိတော့တာကို သတိပြုရမှာပါ။ အဲ့ဒီအိမ်ကွင်းပွဲစဉ် ၁၆ ပွဲမှာ ပါလာမို သွင်းယူရရှိခဲ့တဲ့ သွင်းဂိုးအရေအတွက်ကလည်း ရှစ်ဂိုးတည်းသာ ရှိခဲ့ပါတယ်။ ဖီအိုရင်တီးနားရဲ့အနိုင်ရလဒ်ဟာ နှစ်ဂိုးအကွာပြတ်သားမှုမျိုး ဖြစ်၊ မဖြစ်ဆိုတာကိုပဲ ရင်ခုန်ကြရဖို့ ရှိပါတယ်။ ဖီအိုရင်တီးနားကို ရွေးပါ။

### ခရိုတုန်း - အေစီမီလန်

ခရိုတုန်းဟာ တန်းဆင်းဇုန်ထဲက ရုန်းထွက်နိုင်ဖို့အတွက် ခြေကုန်ထုတ်ပြီး အားထည့်ကစားနေပါတယ်။ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ စီးရီးအေပွဲစဉ်လေးပွဲကို ခရိုတုန်းက သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ရှုံးပွဲမရှိဖြတ်သန်းခဲ့တာ သတိပြုရမှာပါ။ အေစီမီလန်က အဝေးကွင်းပွဲစဉ်တွေဆိုရင် ဂိုးတစ်ဂိုးရဖို့အတွက် အသည်းအသန် ရုန်းကန်ရလေ့ရှိပါတယ်။ အမှတ်လိုအပ်ချက်ပြင်းထန်နေတဲ့ ပြိုင်ဘက်မျိုးနဲ့ ထိပ်တိုက်ရင်ဆိုင်ရတဲ့ပွဲတွေမှာ အေစီမီလန်က ထင်တိုင်းမပေါက်တတ်ပါဘူး။ ခရိုတုန်းနဲ့ စွန့်စားလိုက်ပါ။

### အင်တာမီလန် - နာပိုလီ

နာပိုလီဟာ ရိုးမားသာ ခြေချော်ခဲ့ရင် အမှတ်ပေးဇယားရဲ့အဆင့်နှစ်နေရာကို ရယူနိုင်ဖို့ မျှော်လင့်ခွင့်ရှိနေသေးတဲ့အတွက် အင်တာမီလန်ကို အနိုင်ကစားပြီး အမှတ်ပြည့်ရယူဖို့ ကြိုးပမ်းလာဦးမှာပါ။ နိုင်ပွဲတွေဆက်တိုက်ရရှိပြီး ယူရိုပါလိဂ်ပြိုင်ပွဲပါဝင် ကစားခွင့်တစ်နေရာစာကိုရယူနိုင်ဖို့ အခြေအနေကောင်းခဲ့ဖူးတဲ့ အင်တာမီလန်ကတော့ လက်ရှိမှာ ငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ပြီး ဖိအားတွေနဲ့ ရင်ဆိုင်နေရပါပြီ။ အိမ်ကွင်းအားသာချက်ကိုလက်ကိုင်ပြုပြီး အင်တာမီလန်က အနိမ့်ဆုံးအဖြစ် သရေတစ်မှတ်ရယူဖို့ ကြိုးပမ်းသွားပါလိမ့်မယ်။ အင်တာမီလန်ကို ရွေးပါ။ ■

# အော့စ်ဘတ်နဲ့ဟော့ဖ်ဖန်ဟိမ်းကိုရွေးချယ်ရင်း ဘွန်ဒက်စ်လီဂါတနင်္ဂနွေညကို ဖြတ်သန်းမယ်

## ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်

**ဒီနေ့ညယှဉ်ပြိုင်ကစားမယ့် ဘွန်ဒက်စ်လီဂါပွဲစဉ်နှစ်ပွဲအနက်မှာ အော့စ်ဘတ်နဲ့ ဟမ်းဘတ်တို့ရဲ့ပွဲစဉ်က တန်းဆင်းဇုန် တိုက်ပွဲတစ်ပွဲပါပဲ။ အမှတ်ပေးဇယားရဲ့အဆင့် ၁၇ နေရာကို ရောက်ရှိနေတဲ့ အင်ဂေါလ်စတတ်ဒ်က လက်ကျန်ပွဲတွေကို အားထည့်ကစားလာတဲ့အတွက် အခန့်မသင့်ရင် အော့စ်ဘတ်နဲ့ ဖရိုင်းဘတ်နှစ်သင်းအနက် တစ်သင်းက တိုက်ရိုက် တန်းဆင်းရတဲ့ အခြေအနေမျိုးဖြစ်သွားဖို့ တောင် ကြောက်ရပါတယ်။ ဟော့ဖ်ဖန်ဟိမ်းနဲ့ ဖရန့်ဖတ်တို့ရဲ့ပွဲစဉ်ကလည်း ဟော့ဖ်ဖန်ဟိမ်းရဲ့ချန်ပီယံလိဂ်ပြိုင်ပွဲ တိုက်ရိုက်ပါဝင်ကစားခွင့် ရည်မှန်းချက်ကြောင့် စိတ်ဝင်စားစရာကောင်းလို့နေပါတယ်။**

### အော့စ်ဘတ် - ဟမ်းဘတ်

**ပထမအကျော့ရလဒ် - ဟမ်းဘတ် ၁ - ၀ အော့စ်ဘတ်**

အော့စ်ဘတ်ဟာ တန်းမဆင်းရစေရေးအတွက် ဘွန်ဒက်စ်လီဂါ-၂ ဆီက တတိယရတဲ့အသင်းနဲ့ ရှုံးထွက်ပွဲစဉ်ယှဉ်ပြိုင်ရမယ့် အဆင့် ၁၆ နေရာဆီကို ရောက်ရှိလို့နေပါပြီ။ ဟမ်းဘတ်ကလည်း အမှားအယွင်းတွေများခဲ့ရင် တန်းဆင်းဇုန်ထဲ အချိန်မရွေး ကျရောက်သွားနိုင်ခြေရှိနေတာကြောင့် နိုင်ပွဲတွေရယူဖို့ အားထည့်ကစားရပါတော့မယ်။ ဟမ်းဘတ်ဟာ အိမ်ကွင်းရလဒ်တွေ မဆိုးလှပေမယ့် အဝေးကွင်းပွဲစဉ်တွေဆိုရင် ဗွေဖောက်တတ်လေ့ရှိတာကို သတိပြုကြရမှာပါ။ အော့စ်ဘတ် ကပ်နိုင်သွားမယ်လို့ ယူဆမိပါတယ်။

### ဟော့ဖ်ဖန်ဟိမ်း - ဖရန့်ဖတ်

**ပထမအကျော့ရလဒ် - ဖရန့်ဖတ် ၀ - ၀ ဟော့ဖ်ဖန်ဟိမ်း**

ဟော့ဖ်ဖန်ဟိမ်းဟာ သူ့အထက်မှာရပ်တည်နေတဲ့ ဒေါ့မွန်သာ အမှတ်ဆုံးရှုံးမှုတွေဖြစ်ခဲ့ရင် အဆင့်သုံးနေရာကိုရယူပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ပါဝင်ကစားခွင့်ရဖို့ မျှော်လင့်ချက်အပြည့်အဝရှိနေပါတယ်။ ဖရန့်ဖတ်က တစ်ပွဲနဲ့တစ်ပွဲအကြား ကစားအားအတက်အကျ မမှန်သလို အဝေးကွင်းပွဲစဉ်တွေဆိုရင် ပုံမှန်ခြေစွမ်းမျိုး ထုတ်ဖော်ပြသနိုင်လေ့ မရှိပါဘူး။ ကစားခဲ့ပြီးတဲ့ အဝေးကွင်းပွဲစဉ် ၁၅ ပွဲမှာ ဖရန့်ဖတ်က ၁၀ ဂိုးတည်းသာ သွင်းယူနိုင်ခဲ့ပါတယ်။ ဟော့ဖ်ဖန်ဟိမ်းရဲ့အနိုင်ရလဒ်က နှစ်ဂိုးပြတ်၊ မပြတ်ပဲ စောင့်ကြည့်ရမှာပါ။ ■ E-11

## စင်ကာပူအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်သုံးခုအပါအဝင် ဆုခြောက်ခုရရှိ

ရန်ကုန်၊ ဧပြီ ၂၉

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၂၀ ခန့်မှ ကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့က ရွှေတံဆိပ်သုံးခု အပါအဝင် ဆုတံဆိပ်ခြောက်ခု ရယူနိုင်ခဲ့သည်။

ဧပြီလ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် ယင်းပြိုင်ပွဲတွင် မြန်မာ ပြေးခုန်ပစ်အားကစားအဖွဲ့သည် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရယူနိုင်ခဲ့သည်ဟု မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြသန်းထိုက်က ပြောကြားသည်။

"ဖိတ်ခေါ်ပြိုင်ပွဲတွေဆိုတော့ ပြိုင်ပွဲဝင်နိုင်ငံတွေကို သိရပေမယ့် နိုင်ငံအလိုက်အဆင့်တော့ ထုတ်ပြန်လေ့မရှိကြဘူး။ အခုလို ရွှေတံဆိပ် ဆွတ်ခူးရယူနိုင်ခဲ့တာက ဆီးဂိမ်းအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ အထောက်အကူဖြစ်စေတယ်" ဟု ၎င်းကပြောဆိုသည်။ မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို မီတာ ၅၀၀၀ နှင့် မီတာ ၁၀,၀၀၀ အပြေးပြိုင်ပွဲများတွင် ဆန်းနိုင်ကလည်းကောင်း၊ မီတာ ၁၀၀၀ အပြေးပြိုင်ပွဲတွင် ခင်မာဆယ်ကလည်းကောင်း အသီးသီး ရယူပေးခဲ့ကြခြင်းဖြစ်သည်။

ငွေတံဆိပ်ဆုများကို မီတာ ၅၀၀၀ အပြေးပြိုင်ပွဲဝင် ခင်မာဆယ်နှင့် မီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲဝင် ပြည့်ဖြိုးထွန်းက ရယူပေးခဲ့ကာ ကြေးတံဆိပ်ဆုကိုမူ ဆွေလီမြင့်က မီတာ ၈၀၀ တာတိုအပြေးပြိုင်ပွဲမှနေ၍ ရယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ် အားကစားအဖွဲ့သည် ဧပြီလ ၂၉ ရက်နေ့ ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့သည် ဆီးဂိမ်းအကြို ပြင်ဆင်သည့်အနေနှင့် ဇွန်လအတွင်း ထိုင်းနိုင်ငံတွင်ကျင်းပမည့် ထိုင်းအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲကိုလည်း ထပ်မံယှဉ်ပြိုင်ရန် ရှိနေသေးသည်။ ■

J-04

## ရာသီကုန်ချိန်တွင် ဆန်းဒါးလန်းနည်းပြရာထူးက နုတ်ထွက်ဖွယ်ရှိကြောင်း နည်းပြမိုယက်စ် အသိပေး

ဆန်းဒါးလန်း၊ ဧပြီ ၂၉



ဆန်းဒါးလန်းနည်းပြ ဒေးဗစ်မိုယက်စ်သည် လက်ရှိဘောလုံးရာသီ ပြီးဆုံးချိန်တွင် အသင်းနှင့် လမ်းခွဲဖွယ်ရှိနေပြီဖြစ်ကြောင်းကို အရိပ်အမြွက် အသိပေးလိုက်ပြီဖြစ်ကာ လက်ရှိဘောလုံးရာသီပြီးဆုံးသည်နှင့် ဆန်းဒါးလန်းအသင်းတာဝန်ရှိသူများနှင့် ၎င်းအကြားတွင် အနာဂတ်အတွက် ဆွေးနွေးစကားပြောဆိုမည်ဟုလည်း ဒေးဗစ်မိုယက်စ်က ပြောကြားသွားခဲ့သေးကြောင်း Daily Star က ဖော်ပြထားသည်။

ဆန်းဒါးလန်းအသင်းသည် ဒေးဗစ်မိုယက်စ်ကို လွန်ခဲ့သည့်ဇူလိုင်လ၌ လေးနှစ်သက်တမ်းစာချုပ်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်ကာ အစောပိုင်း၌ အသင်းတန်းဆင်းခဲ့ရပါကလည်း ချန်ပီယံရှစ်သို့ လိုက်ပါသွား၍ အသင်းကို ဆက်လက်တာဝန်ယူမည်သာဖြစ်ကြောင်း ဒေးဗစ်မိုယက်စ်က ပြောကြားခဲ့ဖူးသေးသည်။

ဒေးဗစ်မိုယက်စ်သည် လက်ရှိတွင်မူ ၎င်း၏သဘောထားကိုပြန်လည်ပြောင်းလဲဖွယ် အခြေအနေများ ရှိနေပြီဖြစ်ပြီး ဆန်းဒါးလန်းအသင်း တာဝန်ရှိသူများနှင့် ၎င်းအကြားတွင် ပုဂ္ဂိုလ်ရေးအဆင်မပြေမှုများရှိနေသည်ဆိုသော သတင်းဖော်ပြချက်များကိုမူ ဒေးဗစ်မိုယက်စ်က ငြင်းဆန်ပယ်ချထားသည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ဒေးဗစ်မိုယက်စ်က "အခုက ကျွန်တော့်အနာဂတ်ကိုပြောဖို့အတွက် အချိန်မကျသေးဘူးလို့ ယူဆမိပါတယ်။ အသင်းတာဝန်ရှိသူတွေနဲ့ ကျွန်တော့်အကြားမှာ အဆင်မပြေမှုတွေရှိနေတယ်ဆိုတာကတော့ သတင်းမှားတွေပါ။ ဥက္ကဋ္ဌ အီလစ်ရှော့တ်ကရော အမှုဆောင်အရာရှိချုပ် မာတင်ဘိန်းကပါ ကျွန်တော့်ကို ထောက်ခံမှု အပြည့်ပေးထားပါတယ်။ ရာသီပြီးဆုံးရင်တော့ အနာဂတ်အတွက် အသင်းတာဝန်ရှိသူတွေနဲ့ ကျွန်တော်တွေ့ဆုံသွားမှာပါ။ အခုအချိန်မှာတော့ လက်ကျန်ပွဲစဉ်တွေအတွက်ပဲ ကျွန်တော်အာရုံစိုက်ထားပါတယ်" ဟု ပြောကြားသွားခဲ့သည်။

ဒေးဗစ်မိုယက်စ်သည် မတ်လ ၁၈ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ဆန်းဒါးလန်းနှင့် ဘန်လေတို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် ဘီဘီစီသတင်းဌာန၏အမျိုးသမီးသတင်းထောက်တစ်ဦးကို ခြိမ်းခြောက်စကားများပြောကြားခဲ့သည့်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ E3 (၁) ပုဒ်မဖြင့် စွဲချက်တင်ခြင်းခံထားရပြီဖြစ်ကာ ယင်းစွဲဆိုချက်များကို ပြန်လည်ခုခံချေပရန်အတွက် လာမည့်မေလ ၄ ရက်နေ့ ဗြိတိန်စံတော်ချိန် ညနေခြောက်နာရီ နောက်ဆုံးထားကာ မိုယက်စ်ဘက်က ထုချေလွှာတင်နိုင်ကြောင်း အက်ဖ်အေစည်းကမ်းထိန်းသိမ်းရေးကော်မတီက ထုတ်ပြန်ကြေညာထားပြီလည်းဖြစ်သည်။ ■

E-11

## အေးဂျင့် ဂျော့ခ်ျမန်ဒက်စ်နှင့် ဒီယေဂိုကော်စတာတို့ ညစာအတူစား၊ အပြောင်းအရွှေ့သတင်းများ တစ်ကျော့ပြန်လည်လှုပ်ခတ်

လန်ဒန်၊ ဧပြီ ၂၉



ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် လန်ဒန်မြို့ရှိ နိုက်စ်ဘရစ်ချ် စားသောက်ဆိုင်တွင် ကမ္ဘာ့ဘောလုံးလောက၏ ဆူပါအေးဂျင့်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် ပေါ်တူဂီလူမျိုး ဂျော့ခ်ျမန်ဒက်စ်အပါအဝင် စီးပွားရေးလုပ်ငန်းရှင်အချို့နှင့် တွေ့ဆုံညစာစားခဲ့သည့်အတွက် ၎င်း၏အပြောင်းအရွှေ့သတင်းများမှာ တစ်ကျော့ပြန်လည် လှုပ်ခတ်လာခဲ့ပြီဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

ဂျော့ခ်ျမန်ဒက်စ်သည် မော်ရင်ညို၊ စီရော်နယ်ဒို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် ဒီဂီယာတို့ကဲ့သို့သော အကျော်အမော်များအတွက် အေးဂျင့်အဖြစ် တာဝန်ထမ်းဆောင်ပေးလျက်ရှိပြီး ဒီယေဂိုကော်စတာတို့၏ညစာစားပွဲ စားပွဲဝိုင်းတွင် စီးပွားရေးလုပ်ငန်းရှင်ဟုယူဆရသည့် အာရှတိုက်သား လေးဦးကိုလည်း မြင်တွေ့ခဲ့ရကြောင်း ၎င်းတို့၏စားပွဲဝိုင်းအနီးရှိ မျက်မြင်သက်သေများက အသိပေးထားပြီလည်းဖြစ်သည်။

ဒီယေဂိုကော်စတာသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ချယ်လ်ဆီးမှနေ၍ ၎င်း၏အသင်းဟောင်း အက်သလက်တီကိုထံသို့ ပြန်လည်ပြောင်းရွှေ့ရန် လွန်စွာနီးစပ်ခဲ့ဖူးကာ ယခုတစ်ကြိမ်တွင် ဒီယေဂိုကော်စတာကိုခေါ်ယူရန်အတွက် မျက်စိကျနေသည်မှာ တရုတ်ဆူပါလိဂ်ကလပ် တီယန်ကျင်းကွမ်ဂျီယန်ဖြစ်သည်။

တီယန်ကျင်းကွမ်ဂျီယန်အသင်းကို ပိုင်ဆိုင်ထားသည့် တရုတ်ဘီလျံနာ ရှုယုဟိုင်သည် ဒီယေဂိုကော်စတာကိုခေါ်ယူရရှိနိုင်ရေးအတွက် ၎င်းတို့အနေနှင့် လက်မလျှော့တမ်း ကြိုးပမ်းနေဆဲဖြစ်ကြောင်း အသိပေးထားပြီး အခြားသော တရုတ်ဆူပါလိဂ်ကလပ်အသင်းများ ဖြစ်ကြသည့် ဂွမ်ဇူးအဲဗားဂရန်ဒီ၊ ဟီဘိုင်းချိုင်းနားဖော်ကျွန်းနှင့် ဂျိုင်း ဆုဆူနင်းတို့ကလည်း အခွင့်အရေးရမည်ဆိုပါက ဒီယေဂို ကော်စတာကို ခေါ်ယူရန်အတွက် စောင့်ကြည့်မှုများ ရှိနေကြသည်။

ဒီယေဂိုကော်စတာသည် လွန်ခဲ့သည့်မတ်လ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် "ဘာမဆို ဖြစ်လာနိုင်ပါတယ်။ ဘာလို့မဖြစ်နိုင်ရမှာလဲ။ ဘယ်အချိန်မှာ ဘာတွေဖြစ်လာမယ်ဆိုတာကို ဘယ်သူမှ မသိနိုင်ပါဘူး။ လက်ရှိမှာတော့ ချယ်လ်ဆီးအတွက် ကစားပေးနေရတာကို ကျွန်တော်ပျော်ပါတယ်။ ဒါပေမဲ့ မနက်ဖြန်မှာ တရုတ်က ကမ်းလှမ်းမှုတစ်ခု ကျွန်တော့်အတွက် ရောက်လာခဲ့မယ်ဆိုပါစို့။ ချယ်လ်ဆီးကလည်း အဲဒီကမ်းလှမ်းမှုကို လက်ခံဖြစ်ခဲ့မယ်ဆိုရင် ဒီနေရာမှာ ကျွန်တော်ဆက်နေဖို့ အကြောင်းမရှိတော့ပါဘူး" ဟု ပြောကြားခဲ့ဖူးပြီး တီယန်ကျင်းကွမ်ဂျီယန်မှာ ဒီယေဂိုကော်စတာကိုခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၈၀ အထိ အသုံးပြုရန် လျာထားလျက်ရှိသည်။

သတင်းမီဒီယာများသည် ဒီယေဂိုကော်စတာတို့၏ ညစာစားပွဲ စားပွဲဝိုင်းအနီးရှိ မျက်မြင်သက်သေတစ်ဦးကို ခေါ်ယူတွေ့ဆုံရာတွင် ယင်းမျက်မြင်သက်သေက ညစာစားပွဲအခြေအနေနှင့်ပတ်သက်၍ "အဲဒီစားပွဲမှာ လူ ၁၀ ယောက်လောက်ရှိနေခဲ့ပါတယ်။ လေးယောက်ကတော့ အာရှတိုက်သားတွေပါ။ ဒီယေဂိုကော်စတာက စားပွဲအစွန်းတစ်ဖက်မှာ ထိုင်နေခဲ့ပြီး ဂျော့ခ်ျမန်ဒက်စ်ကတော့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးရဲ့ နံဘေးမှာရှိနေခဲ့တာပါ။ သူတို့အဖွဲ့ဟာ ည ၁၀ နာရီဝန်းကျင်လောက်မှ စားသောက်ဆိုင်ကနေ ပြန်လည်ထွက်ခွာသွားခဲ့တာ ဖြစ်ပါတယ်" ဟု ရှင်းပြသွားခဲ့သည်။ ■

E-11

## အထင်ကရ နေရာသုံးခုတွင် အာစင်ဝင်းဂါးကို ဆန္ဒပြ၊ မြောက်လန်ဒန်၏ ချိန်ခွင်လျှာပြောင်းလဲရန်မှာ မလွယ်သေးကြောင်း အာစင်ဝင်းဂါး ဖွင့်ဟ

လန်ဒန်၊ ဧပြီ ၂၉







အာဆင်နယ်အသင်း အားပေးသူများသည် စပါးနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားမည့် မြောက်လန်ဒန်ဒါဘီပွဲစဉ် မတိုင်မီတွင် နည်းပြအာစင်ဝင်းဂါးကို ရာထူးနုတ်ထွက်ပေးရန် လန်ဒန်မြို့ရှိ အထင်ကရနေရာသုံးခုတွင် မီးဆလိုက်များဖြင့် စာတန်းများဖော်ပြကာ ဆန္ဒပြခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

အာဆင်နယ်အသင်း အားပေးသူများသည် အမ်းမရိတ်စ်ဘောလုံးကွင်း၊ ဟိုက်ဘူရီဘောလုံးကွင်းနှင့် ထုံးကျောက်များဖြင့်တည်ဆောက်ထားသော ဂန္ထဝင်လက်ရာ Marble Arch (ထုံးကျောက်အမိုးခုံး) အစရှိသည့်နေရာများတွင် မီးဆလိုက်များဖြင့် Wenger Out (ဝင်းဂါးထွက်ပေး) ဟူသည့် စာတန်းများကို ဖော်ပြကာ အာစင်ဝင်းဂါးနှင့် အာဆင်နယ်အသင်းတာဝန်ရှိသူများကို ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းပရိသတ်များသည် နည်းပြအာစင်ဝင်းဂါးကို အနာဂတ်အတွက် တိကျသည့်ဆုံးဖြတ်ချက်အား ထုတ်ပြန်ကြေညာပေးခြင်း မရှိသေးသည့်အတွက်လည်း စိတ်ပျက်နေကြပြီး လက်ရှိအခြေအနေများအရ အာစင်ဝင်းဂါးမှာ စာချုပ်သစ်ချုပ်နိုင်ရန်အတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပေါ်လာမည်ကိုစောင့်ဆိုင်းနေသည်နှင့် အလားသဏ္ဌာန်တူနေကြောင်း ၎င်းကိုအလိုမရှိတော့သည့်ပရိသတ်များက ထောက်ပြဝေဖန်ထားကြသည်။

အာဆင်နယ်အသင်းနှင့် နည်းပြအာစင်ဝင်းဂါးအကြားရှိ စာချုပ်သည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကာ အက်ဖ်အေဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခြင်းနှင့် ပရီးမီးယားလိဂ်တွင် အဆင့်လေးဖြင့် ရာသီပိတ်သိမ်းနိုင်ခြင်း အစရှိသည့် အခြေအနေနှစ်ရပ်အနက် အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ရရှိခဲ့ပါက အာစင်ဝင်းဂါးမှာ အာဆင်နယ်နည်းပြအဖြစ် ဆက်လက်ဖြတ်သန်းရန်အတွက် ဆုံးဖြတ်ချက် ချမှတ်လိုက်လိမ့်မည် ဖြစ်ကြောင်း ခန့်မှန်းချက်များ ထွက်နေသည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် မြောက်လန်ဒန်ဒေသတွင် ဘောလုံးချိန်ခွင်လျှာ အပြောင်းအလဲဖြစ်ပေါ်လာခဲ့ပြီဟူသော သုံးသပ်ချက်များကို ငြင်းဆန်ပယ်ချထားပြီး စပါးမှာ အာဆင်နယ်၏အထက်တွင် ဘောလုံးရာသီ တစ်ရာသီမျှ ရပ်တည်ပြလိုက်နိုင်ရုံဖြင့် မြောက်လန်ဒန်ဒေသ၏အင်အားကြီးအသင်းတစ်သင်းဘဝသို့ နေ့ချင်းညချင်း ရောက်ရှိသွားလိမ့်မည်မဟုတ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားသွားခဲ့သည်။

အာစင်ဝင်းဂါးသည် အာဆင်နယ်ကို ၎င်းတာဝန်ယူခဲ့သည့် နှစ်ပေါင်း ၂၀ ကာလအတွင်း စပါး၏အထက်တွင် ရပ်တည်၍သာ ရာသီပိတ်သိမ်းစေခဲ့ပြီး လက်ရှိဘောလုံးရာသီတွင်မူ စပါးအောက်တွင်ရပ်တည်၍ ဘောလုံးရာသီ ပိတ်သိမ်းရမည့် အခြေအနေတစ်ရပ်ကို အာဆင်နယ်က ရင်ဆိုင်ကြုံဆုံနေရပြီဖြစ်သည်။

အာစင်ဝင်းဂါးသည် စပါးကွင်းလယ်တွင် အဓိကကစားသမားတစ်ဦးအဖြစ် နေရာပေးခြင်းခံထားရပြီဖြစ်သော ဒယ်လ်လီ အယ်လ်လီမှာ အာဆင်နယ်၏ စောင့်ကြည့်ခံစာရင်းတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး ၎င်းတို့ထက်လက်ဦးမှုရယူကာ စပါးက ကမ်းလှမ်းသွားခဲ့သည့်အတွက် စပါးကစားသမားဖြစ်သွားခဲ့ခြင်း ဖြစ်ကြောင်းလည်း ရှင်းပြသွားခဲ့သည်။ ■ E-11



## အမေရိကန်ပြည်တွင်းစစ်ခေတ်က အမြောက်ဆန် ဒါဇင်ပေါင်းများစွာ တူးဖော်တွေ့ရှိ

ပစ္စဘတ်မြို့အနီးက ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှာ တူးဖော်ရင်းနဲ့ အမေရိကန် ပြည်တွင်းစစ်ခေတ်က အမြောက်ဆန်လုံး ဒါဇင်ပေါင်းများစွာ တူးဖော်ရရှိခဲ့ပါတယ်။

ပေါက်ကွဲတတ်တဲ့ ယမ်းတွေပါဝင်တာမို့ မေရီလန်းပြည်နယ်အခြေစိုက် ကုမ္ပဏီတစ်ခုက ဖယ်ရှားမှာဖြစ်ပါတယ်။

အဲဒီနေရာဟာ ပြည်တွင်းစစ်ကာလက အမြောက်တပ်ဖွဲ့တွေ အခြေစိုက်ရာနေရာ ဖြစ်ခဲ့ပါသတဲ့။

ထိုခေတ်က လက်နက်ကြီးအဖြစ်သုံးခဲ့တဲ့အမြောက်ဆန်တွေဟာ ပြည်ထောင်စုတပ်မတော်ရဲ့လက်နက်တွေဖြစ်ပြီး ၁၈၆၂ ခုနှစ်တုန်းက အဆိုပါဒေသမှာ ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ခဲ့ပြီး လူ ၇၈ ဦး သေဆုံးခဲ့ရပါတယ်။

သေဆုံးသူထဲက အများအပြားဟာ အမျိုးသမီးအလုပ်သမားတွေပါ။ လူနေအဆောက်အအုံ အိမ်ရာတည်ဆောက်ဖို့ မြေတူးကြရာက ပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။

အန္တရာယ်ရှိတဲ့နေရာမို့ မရှင်းလင်းရသေးခင် အများပြည်သူ မဝင်ရလို့ သတ်မှတ်ထားခဲ့ပါတယ်။ ■ F-02

## ၁၃ ပေ မိကျောင်းကြီး နံဘေး မီးဝင်သတ်ရတဲ့ မီးသတ်သမားတွေ

ဩစတြေးလျနိုင်ငံ ဒါဝင်မြို့နားက နေအိမ်တစ်အိမ် မီးလောင်မှုဖြစ်ရာမှာ ဝင်ရောက်မီးငြိမ်းသတ်တဲ့ မီးသတ်သမားတွေခမျာ မထင်မှတ်တဲ့ အတားအဆီးနဲ့ တွေ့ရပါတယ်။

အိမ်ထဲမှာ ၄ မီတာလောက်ရှည်တဲ့ မိကျောင်းကြီးတစ်ကောင်က သူတို့ကို ကြည့်နေတာမို့ ကိုယ့်အလုပ်ကိုယ် စိတ်ဖြောင့်ဖြောင့် မလုပ်ရဲဘဲ ဖြစ်ခဲ့ရပါတယ်။

အိမ်ရဲ့နောက်ဘက်မှာ ခြံဝင်းခတ်ပြီး မွေးထားတာဖြစ်တဲ့ ၁၃ ပေ မိကျောင်းရဲ့ နံဘေးမှာ မီးငြိမ်းသတ်ခဲ့ရပါသတဲ့။

အဲဒီနှစ်ထပ်အိမ်ကို မီးလောင်ကျွမ်းသွားခဲ့ပြီး မိကျောင်းကတော့ အန္တရာယ်ကင်းခဲ့ပါတယ်လို့ မီးသတ်သမား ဘီလ်ဂလီးဆန်က ပြောကြားပါတယ်။

"ကျေးဇူးတင်စရာပါပဲ၊ မိကျောင်းကြီးက ကျွန်တော်တို့အလုပ်ကို ဝင်မရှုပ်ပါဘူး" လို့ဂလီးဆန်က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

ဒါဝင်ဒေသမှာ မိကျောင်းတွေက အလွန်ပဲ ရှားပါးပါတယ်။ ဒီအိမ်မွေးတိရစ္ဆာန်ကြီးဟာ မိကျောင်းတွေကို အကာအကွယ်ပေးရမယ်လို့ ပြဋ္ဌာန်းထားတဲ့ဥပဒေမတိုင်ခင်ကတည်းက မွေးထားတဲ့ပုံပါပဲလို့ သားရိုင်း၌ာနက ဆိုပါတယ်။ ■ F-02



## ရယ်စရာမောစရာသတင်းအချက်အလက်ကမ္ဘာ



★ ကမ္ဘာကျော်လျှို့ဝှက်သဲဖို စာရေးဆရာကြီး စတီဗင်ကင်းဟာ ဗင်ကားတစ်စီးနဲ့ အတိုက်ခံခဲ့ရပါတယ်။ ကားတိုက်ခံရတဲ့အတွက် သူ သိပ်တော့ မကျေနပ်ခဲ့ပါဘူး။ ဒါ့ကြောင့် အဲဒီကားကို မရရအောင် ပြန်ဝယ်ပြီး ဖျက်ဆီးခဲ့ပါသတဲ့။



★ အမေရိကန်ပြည်ထောင်စု နယူးအော်လင်ပြည်နယ်က အသုဘပြင်ဆင်ရေးလုပ်ငန်းတစ်ခုက အလောင်းတွေကို ပြင်ပေးတဲ့အခါမှာ အခေါင်းထဲထည့်ထားတာမျိုးထက် သူတို့ သက်ရှိဘဝမှာ နေခဲ့စဉ်က ဘာတွေကြိုက်တတ်သလဲ၊ ဘယ်လိုနေသလဲ ဆိုတာကို လေ့လာပြီး အသုဘလာပရိသတ်တွေအနေနဲ့ အဲဒီလိုပဲ မြင်နေရအောင် အလောင်းပြင်ပေးပါသတဲ့။ အခန့်သားကြီးထိုင်ပြီး ကိုယ့်ကိုစောင့်နေတဲ့ လူသေအလောင်းကို မြင်ကြည့်လိုက်ပါ။



★ ပျားထီးတွေဟာ ပျားဘုရင်မနဲ့ လိင်မှုရေးရာ စပ်ယှက်ပြီးတဲ့အခါ သေဆုံးသွားကြပါတယ်။ ပျားထီးတွေ လိင်ဆက်ဆံတဲ့နေ့ဟာ သူတို့ရဲ့နောက်ဆုံးနေ့ပါပဲ။ ပျားဘုရင်မနဲ့ တွေ့ပြီးတဲ့အခါ သူတို့ လိင်အင်္ဂါဟာ ပေါက်ကွဲထွက်သွားပါသတဲ့။ အချစ်ကို အသက်နဲ့ ရင်းရသူပါလား။



★ ဂျပန်က ဟိုတယ်တစ်လုံးဟာ စက်ရုပ်တွေနဲ့ ဝန်ဆောင်မှုပေးပါသတဲ့။ ပုံကိုကြည့်ပါ။ ဟိုတယ်ဧည့်ကြိုကောင်တာမှာ ကမ္ဘာဦး ဒိုင်နိုဆောတစ်ကောင်လို ဆင်ယင်ထားတဲ့စက်ရုပ်က ဝန်ဆောင်မှုပေးနေတာပါ။ လူသားဧည့်ကြိုတွေအနေနဲ့ အလုပ်သစ်သာ ရှာထားကြပါတော့။